


# သိပ်ပုံစံထောက်

## တက္ကသိုလ်နန္ဒမိတ်

# The Cave of Ali Baba

## Dorothy Sayers

ဒုတိယအကြိမ်

သိပ်ပုံစံထောက် တက္ကသိုလ်နန္ဒမိတ် The Cave of Ali Baba Dorothy Sayers

သိပ်ပုံစံထောက် ဇာတ်လမ်းမှာ ဓားရတို့၏ထိပ်ခေါင်း
ပိုးမောင်တို့၏ အဝိပတ်ဖြစ်သော ဓားရဂိုဏ်းကြီးကို
မြို့စားကြီး ပီတာဝင်( မ် )ဇီက သိပ်ပံပညာကို အခြေခံ၍
စွန့်စွန့်စားစား ပမ်းဆီးခဲ့ပုံကို ဖော်ပြထားသော
ဝတ္ထုတစ်ပုဒ် ဖြစ်ပေသည် ။

# အမှာ

မြန်မာလို 'သိပ္ပံစုံထောက်'ဟု အမည်ပေးထားသော 'The Cave of Ali Baba'ကို မူလရေးသားသူမှာ စာရေးဆရာမ Dorothy Sayers (ဒေါ်ရော်သီဆေးရား) ဖြစ်၏။

မစ္စဆေးရားသည် စုံထောက်ဝတ္ထုတို-ရှည်ပေါင်းများစွာကို ရေးသားခဲ့ပြီး၊ 'မြို့စားကြီး ပီတာဝင်(မ်)စီ'ကို အဓိကဇာတ်ကောင် အဖြစ် ဖန်ဆင်းခဲ့သူဖြစ်၏။ ထို့ပြင် လျှို့ဝှက်သဲဖို၊ စုံထောက်နှင့် စွန့်စားခန်းများပါရှိသော ဝတ္ထုတိုပေါင်းချုပ် စာအုပ်ကိုလည်း တည်းဖြတ်သုတ်သင်၍ ဂန္ထဝင်မြောက်စာပေအဖြစ် ထုတ်ဝေခဲ့၏။

ထိုဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် ၁၉ ရာစုနှင့် ၂၀ ရာစုနှစ်များအတွင်း ထင်ရှားသော စာရေးဆရာများ၏ ဝတ္ထုများသာမက ရှေးခေတ်က ကျော်ကြားခဲ့သော ဂျူး၊ ဂရိနှင့် ရောမ စာရေးဆရာကြီးများ၏ စုံထောက်ဝတ္ထုများကိုလည်း ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရ၏။

မစ္စဆေးရားသည် စုံထောက်ဝတ္ထုဇာတ်လမ်းများအပြင် ကဗျာ၊ လင်္ကာ၊ စာတမ်း၊ ပြဇာတ်နှင့် ဘာသာပြန်များကိုလည်း ရေးသားခဲ့သည်။ လန်ဒန်မြို့ ဘီဘီစီ အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သော 'သရဖူဆောင်းမည့်မင်းလောင်း'ပြဇာတ်မှာ သူ၏ ပြောင်မြောက်သော လက်ရာကောင်းတစ်ပုဒ် ဖြစ်၏။

'သိပ္ပံစုံထောက်'ဇာတ်လမ်းမှာ စောရတို့၏ထိပ်ခေါင်၊ မိုးမှောင်တို့၏ အဓိပတိဖြစ်သော 'စောရဂိုဏ်းကြီး'ကို မြို့စားကြီး ပီတာဝင်(မ်) စီက သိပ္ပံပညာကို အခြေခံ၍ စွန့်စွန့်စားစား ဖမ်းဆီးခဲ့ပုံကို ဖော်ပြထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပေသည်။

ယခုအချိန်တွင် မြန်မာလူငယ်လူရွယ်များ သိပ္ပံပညာကို လေ့လာလိုက်စားလိုသော အာသီသ ဆန္ဒပြင်းပြလာစေရန် ရည်သန်၍ ဤဝတ္ထုကို ပြန်ဆိုရေးသားရခြင်း ဖြစ်ပါကြောင်း။

■

[ ၁ ]

လန်ဒန်မြို့စွန် 'လန်ဘတ်'ရပ်ကွက်ရှိ အိမ်တစ်ဆောင်၏ မည်းမှောင်၍ ကျဉ်းမြောင်းသော အိမ်ရှေ့ခန်းတွင် လူတစ်ယောက်သည် နံနက်စာစားရင်း 'အရုဏ်ဦးသတင်းစာ'ကို ကြည့်လျက်ရှိသည်။ ထိုသူသည် သေးသေးသွယ်သွယ်ရှိပြီး သူ၏ဆံပင်များမှာ ဂရုတစိုက် ပြုပြင်ထားသဖြင့် လှိုင်းတွန့်ကလေးများ ထနေသည်။ သူ၏ ညိုမှောင်သော မုတ်ဆိတ်မွေးကို အဖျားတွင် ချွန်ထက်နေအောင် တယုတယ 'သ'၍ထားသည်မှာ လှပနေပေသည်။

သူ၏ နက်ပြာရောင် ကုတ်အင်္ကျီနှင့် ပဏာရစေရန် နက်ပြာရောင် လည်စည်း၊ နက်ပြာရောင်ခြေအိတ်နှင့် နက်ပြာရောင် လက်ကိုင်ပဝါများကို ဝတ်စားဆင်ယင်ထား၏။ သူ့ရှူးဖိနပ်သာလျှင် အညိုရောင်ဖြစ်၏။

သူ့ကိုကြည့်ရသည်မှာ လူကြီးလူကောင်းတစ်ယောက်နှင့် မတူသော်လည်း သူ၏ရုပ်ဆင်းသွင်ပြင် လက္ခဏာမှာ ရည်မွန်သော မိသားစု၏ ဓလေ့ထုံးစံများကို နားလည်ကျွမ်းကျင်ဟန်ရှိကြောင်း

အကဲခတ်နိုင်ပေသည်။ သူကိုယ်တိုင် ချက်ပြုတ် သူကိုယ်တိုင် ပြင်ဆင်ထားသော နံနက်စာ စားပွဲမှာ ကျွမ်းကျင်သော အစေခံ တစ်ယောက်၏ လက်ရာနှင့် တူနေပေသည်။ ဝက်ပေါင် တစ်ပန်းကန်စာ လှီးဖြတ်၍ ထည့်ယူခဲ့သော သူ့အမူအရာမှာ အထက်တန်းစား စားတော်ကဲတစ်ယောက်၏ ဟန်ပန်အတိုင်းပင်ဖြစ်၏။

သို့ရာတွင် သူသည် အသက်ကြီးလာ၍ အလုပ်မှ အနားယူထားရသော စားတော်ကဲတစ်ယောက်လည်း မဟုတ်ပေ။ အမှန်အားဖြင့်ဆိုလျှင် သူသည် တစ်စုံတစ်ဦးထံမှ အမွေခံစားခွင့်ရရှိကာ ယခုအတောအတွင်းမှာ ချမ်းသာကြွယ်ဝလာသော ယောကျ်ားအစေခံ တစ်ယောက်နှင့် ပို၍တူနေလေသည်။

သူသည် ဝက်ပေါင်ခြောက်ကို မြိန်ရှက်စွာ စားသောက်ပြီးနောက် ကော်ဖီတစ်ခွက်ကို တစ်ငုံစီသောက်ရင်းက အရုဏ်ဦး သတင်းစာမှ စာတစ်ပိုဒ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေလေသည်။

## "မြို့စားကြီး ပီတာဝင်(မ်)စီ၏ သေတမ်းစာ"

ပေါင်တစ်သောင်းကို လှူဒါန်းခဲ့ပြီး ကျန်ပစ္စည်းများအားလုံးကို သူ၏အစေခံအား ပေးအပ်ခဲ့ခြင်း။

"အာဖရိကတိုက် တန်ဂါရိကာနယ်တွင် လွန်ခဲ့သော ဒီဇင်ဘာလအတွင်းက သားကောင်ကြီးများကို ပစ်ခတ်ရင်း ကွယ်လွန်အနိစ္စရောက်သွားခဲ့သော မြို့စားကြီး ပီတာဝင်(မ်)စီ၏ သေတမ်းစာကို မနေ့က လေ့လာခွင့်ရသဖြင့် ပေါင် ၅ သိန်း ထားရစ်ခဲ့သည်ကို သိရှိရကြောင်း ပေါင်တစ်သောင်းကို အလှူငွေအဖြစ်ထည့်ဝင်ရန် သတ်မှတ်ခဲ့ပြီး မြို့စားကြီး၏ အစေခံ'မာဗင်ဘန်တာ'အား တစ်နှစ်



လျှင် ပေါင် ၅၀၀ စီ ထုတ်ယူသုံးစွဲရန် ခွင့်ပြုခဲ့သည်။ ထို့ပြင် မြို့စားကြီးကိုယ်တိုင် နေထိုင်ခဲ့သော 'ပစ်ကယ်ဒလီ'ရှိ အိမ်တစ်ဆောင်ကိုလည်း ၎င်း၏အစေခံအား အမွေဆက်ခံခွင့်ပြုခဲ့ကြောင်း၊ မြို့စားကြီးပိုင် အခြားပစ္စည်းဥစ္စာရတနာများနှင့် အဖိုးတန်စာအုပ်စာတမ်း ပန်းချီကားများကို မြို့စားကြီး၏ မယ်တော်'ဒန်ဗာမြို့စားကတော်'အား ပိုင်ဆိုင်ခွင့်ပြုခဲ့ကြောင်း"

"မြို့စားကြီးပီတာဝင်(မ်)စီ ကွယ်လွန်အနိစ္စရောက်သွားချိန်တွင် ၎င်းမှာ အသက်(၃၅)နှစ်မျှသာရှိသေးကြောင်း၊ မြို့စားကြီးမှာ အင်္ဂလန်ပြည်တွင် အချမ်းသာ အကြွယ်ဝဆုံးဖြစ်သော မူးမတ် အနွယ်ဝင်ယခုလက်ရှိ ဒန်ဗာမြို့စား၏ညီတော်အငယ်ဖြစ်ကြောင်း၊ သူသည် ရာဇဝတ်ပြစ်မှုဆိုင်ရာ စိတ်ပညာဘက်တွင် ထူးချွန်သူတစ်ဦးဖြစ်ပြီး ထင်ရှားသောအမှုခင်းအချို့ကို ဖြေရှင်းရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ဖူးကြောင်း၊ သူသည် စာအုပ်စာတမ်းစုဆောင်းရန် ဝါသနာထုံသူဖြစ်ပြီး လူချစ်လူခင်ပေါများသူတစ်ယောက်ဖြစ်ကြောင်း"

အထက်ပါသတင်းကိုဖတ်၍ ပြီးဆုံးသွားသည်တွင် ထိုသူက စိတ်ထဲ၌ ပေါ့ပါးသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။ ထို့နောက် ခပ်ကျယ်ကျယ်ကလေး အော်၍ ပြောလိုက်ပြန်၏။

"ဒီကိစ္စတော့ စိုးရိမ်စရာမရှိတော့ပါဘူး။ လူတွေဟာ တစ်နေရာကို သွားပြီး ပြန်လာမယ်ဆိုရင် ကိုယ့်ဥစ္စာ ပစ္စည်းတွေကို ဘယ်သူ့မှ ပေးပစ်မှာ မဟုတ်ပါဘူး။ ဒီလူတော့ သေလို့ မြေတောင်မြှုပ်ပြီးရော့မယ်။ ငါလည်းပဲ လွတ်လပ်တဲ့လူတစ်ယောက် ဖြစ်လာပြီမဟုတ်လား..."

သူသည် ကော်ဖီကို အပြီးသတ်သောက်လိုက်ပြီးနောက် ထမင်းစားပွဲကို သိမ်းဆည်း၍ ပန်းကန်ခွက်ယောက်များကို ဆေးကြောလိုက်

သည်။ ပြီးလျှင် ဦးထုပ်တစ်လုံးကိုဆွဲကာ အပြင်သို့ထွက်ခွာသွားလေသည်။

သူသည် 'ဘာမွန်ဆီ'ရပ်ကွက်ထဲသို့ ဘတ်စ်ကားစီးကာ သွားခဲ့ပြီး မည်းမှောင်သောလမ်းကြားများကို ဆယ့်ငါးမိနစ်ခန့် ဖြတ်၍ လျှောက်သွားပြန်သည်။ ထို့နောက် ဆင်းရဲသားရပ်ကွက်ထဲတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော စုတ်ချာလှသည့် အရက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားကာ ဝီစကီနှစ်ခွက် မှာယူလိုက်လေသည်။

အရက်ဆိုင်မှာ ယခုမှ ဖွင့်စဖြစ်သော်လည်း သောက်စားလိုသူ အစ်ကိုကာလသားများက 'မသောက်မစား လူယောကျ်ား၊ မယားအိမ်က ဆဲလတ္တံ့။ သောက်သောက်စားစား လူယောကျ်ား မယားအိမ်က ရွှေလို့ဥလတ္တံ့'ဟူသော အရက်သမားဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ဆိုင်မဖွင့်မီကပင် စောစောစီးစီး ရောက်နေနှင့်ကြပြီဖြစ်သည်။

ဆိုင်ပေါက်ဝတွင် စုပြုံရောက်နှင့်နေသည့် 'ဗိုးဘဘ'များအနီးသို့ ချဉ်းကပ်လာသော လန်ဘတ်ရပ်ကွက်မှ လူသည် ၎င်း၏ အရက်ဖန်ခွက်ကိုယူရန် လက်လှမ်းလိုက်သည်တွင် အခြားသူတစ်ယောက်၏ တံတောင်ဆစ်ကို သွား၍ တိုးမိလိုက်လေသည်။ အတိုးခံရသူမှာ တောက်ပြောင်သောအင်္ကျီဝတ်စုံကို ဝတ်ဆင်ထားပြီး အနက်ရောင်လည်စည်းကို တပ်ထားသူဖြစ်သည်။

"ဒီမှာ...ကိုယ့်လူ၊ ခင်ဗျား ဘာသဘောနဲ့လုပ်တာလဲ။ ခင်ဗျားလို လူမျိုးကို ဒီနေရာမှာ မမြင်ချင်ဘူး၊ အခုထွက်သွားပါ..."

အနက်ရောင်လည်စည်းနှင့်လူက ဟိန်းဟောက်မာန်မဲလိုက်ပြီး မျက်နှာစိမ်းဧည့်သည်ကို ရင်ဘတ်မှဆွဲကာ တွန်းထိုးလိုက်သည်။

"အရက်ဆိုင်ဆိုတာ ဘုံဘိုင်ပဲ၊ ဘုံဆိုင်ဟာ လူတိုင်းနဲ့ဆိုင်တာ



ပဲ မဟုတ်လား..."

မျက်နှာစိမ်းဧည့်သည်ဖြစ်သူက နှုတ်လှန်ထိုးလိုက်သလို လက်ကလည်း တွန်းလှန်၍ထိုးလိုက်ပြန်၏။

"ဒီလိုမလုပ်ကြပါနဲ့ ဟိုလူကြီးက ရှင့်ကို တမင်သက်သက် တွန်းပစ်တာမဟုတ်ပါဘူး...မစ္စတာဂျူ"

အရက်ရောင်းသော လုံမလေးက အနက်ရောင်လည်စည်းနှင့်ဆရာကို ပြောလိုက်ခြင်းဖြစ်၏။

"သူ မလုပ်ဘူးလား...သူ မလုပ်ရင် ကျုပ်ကလုပ်တယ်၊ ဘာဖြစ်သလဲ..."

မစ္စတာဂျူက အရက်ဆိုင် အရောင်းစာရေးမကလေးကိုပင် ရန်လုပ်နေပြန်သည်။

"ကျွန်မတို့ဆိုင်မှာ ဒီလို မနက်စောစောစီးစီး ရန်ဖြစ်တာ ကျွန်မ မကြိုက်ပါဘူး။ ရှင့်လည်းပဲ ရှင့်ကိုယ်ကို ရှင်ပြန်ပြီး ရှက်သင့်ပါတယ်"

သူငယ်မကလေးက ခေါင်းကလေးတခါခါဖြင့် ပြန်၍ပက်လိုက်၏။

"ကျွန်တော့်ကြောင့် မတော်တဆဖြစ်ရတာပါ ခင်ဗျာ၊ ကျွန်တော်ဟာ အိမ်ကြီးအိမ်ကောင်းတွေမှာ နေခဲ့ဖူးတဲ့လူတစ်ယောက်ပါ။ ဒီလို အနှောင့်အယှက်ပေးတတ်တဲ့လူစား မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့်ကို ဘယ်သူကမဆို အနှောင့်အယှက်ပေးလာမယ်ဆိုရင်တော့..."

လန်ဘတ်ရပ်ကွက်မှ ဆရာက စကားကို အဆုံးမသတ်ရသေးမီ မစ္စတာဂျူက အေးဆေးသောလေသံဖြင့် ဝင်၍ ပြောလိုက်၏။

"ကောင်းပါပြီဗျာ...ကောင်းပါပြီ။ ခင်ဗျားကိုလည်း ကျုပ်က မျက်နှာစုတ်ပြဲသွားအောင် မလုပ်လိုပါဘူး။ နောက် ဒီကိုလာရင်သာ

ခင်ဗျားရဲ့အပြုအမူကို ဆင်ခြင်ပါလို့ ပြောချင်တယ်။ ကိုင်း…ခင်ဗျား ဘာသောက်မလဲ ပြောစမ်းပါ"

မစ္စတာဂျူက မျက်နှာစိမ်းညှို့သည်အား အရက်သောက်ရန် ဖိတ်ခေါ်လိုက်၏။

"မဟုတ်သေးပါဘူး၊ ဒီအတွက် ကျွန်တော်က ဒဏ်ခံရမှာပါ။ ကျွန်တော် ခင်ဗျားကိုတွန်းမိတာ ဝမ်းနည်းပါတယ်။ တမင်သက်သက် လုပ်တာ မဟုတ်ပါဘူး။ ဒါပေမယ့် ခင်ဗျား ဒီလောက်စိတ်တိုတာ တော့ ကျွန်တော် မကြိုက်ဘူးဗျာ"

"ဒီအကြောင်းကို နောက်ထပ် မပြောကြပါနဲ့ဗျာ၊ ဒီအရက် အတွက်တော့ ကျွန်တော်ပေးပါရစေ။ ကဲ…လာဗျာ၊ လူရှင်းတဲ့နေရာ မှာ သွားထိုင်ရအောင်"

မစ္စတာဂျူက ဝီစကီများကို ထပ်၍မှာယူလိုက်ပြီး လန်ဘတ် ရပ်ကွက်မှလူအား လူရှင်းရာအခန်းထောင့် စားပွဲတစ်နေရာသို့ ခေါ်ယူ သွားလေသည်။

"ခင်ဗျားလုပ်တာ ဟန်အကျသားပဲ၊ တော်တော်လေး ပိပိရိရိ ရှိတယ်"

အခန်းထောင့်စားပွဲတွင် ထိုင်မိလျှင် ထိုင်မိချင်း မစ္စတာဂျူက ပြောလိုက်ခြင်းဖြစ်၏။

"ဒီနေရာမှာ ဘေးအန္တရာယ်ရှိလိမ့်မယ်လို့ ကျုပ် မထင်ပါဘူး။ ဒါပေမယ့် သိပ်ပြီး စိတ်ချထားလို့လည်း မဖြစ်ဘူးပေါ့ဗျာ။ ကဲ…ဒါ ထက် ဟိုကိစ္စ ဘယ်လိုလဲ ကျွန်တော်တို့နဲ့ အတူတူပါဝင်လုပ်ကိုင်ဖို့ စိတ်ဆုံးဖြတ်ပြီးပလား…မစ္စတာရောဂျာ…"

"ဟုတ်ကဲ့…ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ"



မစ္စတာရောဂျာဟု အခေါ်ခံရသော လန်ဘတ်မှလူက စိတ်မလုံ သလို နောက်သို့ပြန်ကြည့်ရင်း ပြောလိုက်၏။

"ကျွန်တော့်အတွက် ဘာမှ ဘေးအန္တရာယ်မရှိဘဲနဲ့ အားလုံး နေရာတကျဖြစ်မယ်ဆိုရင် ကျွန်တော် ခင်ဗျားတို့နဲ့ အတူတူ ပါဝင် ဆောင်ရွက်ပါ့မယ်။ ခင်ဗျားတို့ကို သတင်းပေးဖို့တော့ ဝန်မလေး ပါဘူး။ ဒါပေမယ့် ကိုယ်တိုင်ပါဝင်ရမယ့် အလုပ်မျိုးဆိုရင်တော့ ကျွန်တော် တာဝန်မယူနိုင်ဘူး၊ ခင်ဗျားနားလည်ပါတယ်နော်"

"ခင်ဗျားက လုပ်ချင်ပါတယ်ဆိုရင်တောင်မှ ခွင့်ပြုမှာ မဟုတ်ပါ ဘူး၊ သူ့လုပ်ငန်းထဲမှာ ကျွမ်းကျင်ပြီးသားသူကိုမှ နံပါတ်(၁)က တာဝန်ပေးတာပါ။ ခင်ဗျားတာဝန်က ဘယ်ပစ္စည်းတွေ ဘယ်နေရာမှာ ရှိတယ်၊ ဘယ်လိုလုပ်ယူရင် ရမယ်ဆိုတာသာ ပြောဖို့ပါပဲ။ ကျန်တဲ့ လက်တွေ့လုပ်ငန်းကျတော့ အသင်းက တာဝန်ယူပါတယ်။ ဒီအသင်း ဟာ စနစ်တကျဖွဲ့စည်းထားတဲ့ အသင်းဖြစ်တယ်။ ဒီအသင်းကို ဘယ်သူက ဦးဆောင်ပြီးလုပ်နေတယ်၊ ဘယ်သူတွေ ပါဝင်တယ် ဆိုတာကို ခင်ဗျားသိရမှာမဟုတ်ပါဘူး၊ ခင်ဗျားက မသိသလို အခြား အသင်းသားတွေကလည်း ခင်ဗျားကို သိမှာမဟုတ်ပါဘူး။ နံပါတ်(၁) တစ်ယောက်ပဲ ခင်ဗျားကိုသိမှာပဲ။ သူကတော့ အသင်းသားတိုင်းကို သိတာပဲ"

"ဒါဖြင့် ခင်ဗျားကိုရော သိသလား"

ရောဂျာက မစ္စတာဂျူအား မေးလိုက်၏။

"သိတာပေါ့ မသိဘဲနေမလား၊ ဒါပေမယ့် ကျွန်တော့်ကို တခြား ခရိုင်တစ်ခုကို ပြ[illegible]စ်လိမ့်မယ်၊ ဒီနေ့ ဒီနေရာမှာ ခင်ဗျားနဲ့ ကျွန်တော်နဲ့ တွေ့ဆုံပြီးကြရင် နောက်ထပ်တွေ့ဆုံကြရမယ် မဟုတ်

ဘူး။ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှာပဲ တွေ့နိုင်ခွင့်ရှိတော့မယ်။ ဒါပေမယ့် အဲဒီစည်းဝေးပွဲကျတော့လည်း အားလုံးလူ မျက်နှာဖုံးစွပ်ထားရလို့ တစ်ယောက်နဲ့တစ်ယောက် သိနိုင်ကြမှာမဟုတ်ဘူး"

"ကဲ...ဆက်ပြီးပြောစမ်းပါဦး"

ရောဂျာက စိတ်ပါဝင်စားလာဟန်ဖြင့် တိုက်တွန်းလိုက်၏။

"လုပ်ငန်းစဉ်ကတော့ ပထမ၊ ခင်ဗျားကို နံပါတ်(၁)ဆီ ခေါ်သွားမယ်၊ သူက ခင်ဗျားကိုကြည့်မယ်၊ ဒါပေမယ့် ခင်ဗျားက သူ့ကို မြင်ရမှာမဟုတ်ဘူး၊ သူက ခင်ဗျားကို သင့်လျော်တယ်ထင်ရင် အသင်းဝင်အဖြစ် လက်ခံပြီး ဘယ်နေရာမှာသတင်းပို့ရမယ်ဆိုတာ ပြောပြလိမ့်မယ်။ ဆယ့်လေးရက်တစ်ကြိမ် အုပ်စုလိုက်စည်းဝေးပွဲပြုလုပ်ပြီး သုံးလတစ်ကြိမ် သင်းလုံးကျွတ်စည်းဝေးပွဲကြီးမှာ အသင်းသား တစ်ယောက်စီကို နံပါတ်စဉ်အလိုက်ခေါ်ပြီး သူရသင့်တဲ့ဝေစုကို ပေးလိုက်တာပါပဲ"

"ကဲ...ကောင်းပါပြီ၊ အသင်းသားနှစ်ယောက်ကို လုပ်ငန်းတစ်ခုတည်းမှာ တာဝန်ပေးရင် သူတို့နှစ်ယောက် မသိကြတော့ဘူးလား"

"နေ့ဘက်မှာလုပ်ရမယ့်လုပ်ငန်းဆိုရင်တော့ သူတို့နှစ်ယောက်လုံးကို ရုပ်ဖျက်ထားမှာဖြစ်လို့ သူတို့အဖေတွေတောင် မှတ်မိနိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် လုပ်ရမယ့်လုပ်ငန်းက အများအားဖြင့် ညဉ့်အချိန်မှာ လုပ်ရတ[illegible]တယ်"

"ကျွန်တော်နားလည်ပါပြီ၊ ဒါပေမယ့် တစ်ယောက်ယောက်က ကျွန်တော့်နောက်ကို နောက်ယောင်ခံလိုက်လို့ အိမ်ကိုသိသွားပြီး ပုလိပ်လက် အပ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဒါမျိုးတော့ မဖြစ်နိုင်ဘူး စိတ်ချပါ၊ ဒီလိုဆန်းကျယ်တဲ့စိတ်ကူး



မျိုး ရှိတဲ့လူတော့ ပုလိပ်ကို သတင်းမပေးနိုင်ခင် မြစ်ထဲမှာ ပုစွန်စမ်းနေရမယ်ဆိုတာ စိတ်ချပါ။ နံပါတ်(၁)က အသင်းဝင်တိုင်းကို သိထားတယ်ဆိုတာ ခင်ဗျားယုံကြည်စေချင်တယ်"

"အို:...ဒါဖြင့် နံပါတ်(၁)က ဘယ်သူလဲ"

"နံပါတ်(၁) ဘယ်သူဆိုတာသိရရင် ဘယ်လောက်ပဲကုန်ကုန် ပုံပေးမယ့်လူတွေ အများကြီးရှိနေတယ်"

"ဒါဖြင့် နံပါတ်(၁)ကို ဘယ်သူမှ မသိဘူးဆိုပါတော့"

"ဘယ်သူမှ မသိဘူး၊ နံပါတ်(၁)ကတော့ အတော်အံ့သြစရာကောင်းတဲ့လူပဲ။ သူ့အမူအရာနဲ့ လုပ်ကိုင်ပုံကိုကြည့်ပြီး ဒီလူဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာ ပြောနိုင်ပါတယ်။ ဒီလူမှာ ဦးခေါင်းတစ်လုံးတည်းပေမယ့် မျက်စိက အများကြီးရှိတယ်လို့ဆိုတာ ခင်ဗျားသိထားစေချင်တယ်။ သူ့လက်တံဟာလည်း အင်္ဂလန်ကနေပြီး သြစတြေးလျအထိ ရှည်တယ်ဆိုတာ ခင်ဗျား မှတ် ထားစေချင်တယ်။ သူ့အကြောင်းကို နံပါတ်(၂)ကလွဲပြီး အခြား ဘယ်သူမှ သိနိုင်မယ်မထင်ဘူး။ ကျွန်တော်ဖြင့် ဒီအမျိုးသမီးတောင်မှ နံပါတ်(၁)အကြောင်း စုံလင်အောင် သိမှသိပါ့မလားလို့ သံသယဖြစ်မိတယ်"

"ဒါဖြင့် အသင်းထဲမှာ အမျိုးသမီးတွေလည်း ပါဝင်နေသပေါ့ဟုတ်လား"

မစ္စတာရောဂျာက အံ့သြသွားဟန်ဖြင့် မေးလိုက်၏။

"ခင်ဗျားမယုံရင် လောင်းကြေးစားကြေးလုပ်မလား၊ ဒီခေတ် ဒီအချိန်မှာ အမျိုးသမီးတွေမပါဘဲနဲ့ ဘယ်ကိစ္စများ လုပ်နိုင်သလဲ ပြောစမ်းပါ၊ အသင်းထဲမှာ အမျိုးသမီးတွေ ပါနေတဲ့အတွက် ခင်ဗျား

ပူနေစရာမလိုပါဘူး၊ သူတို့ကို စိတ်ချယုံကြည်ရပါတယ်။ သွေးထွက်သံယိုဖြစ်ပြီး ခင်ဗျားမသေချင်သလို သူတို့လည်း အသက်နဲ့ခန္ဓာကိုယ် အိုးစားမကွဲချင်ကြပါဘူး"

ကဲ...ထားပါတော့၊ ငွေကိစ္စက ဘယ်လိုလဲ စွန့်စားရကျိုး နပ်အောင် ထိုက်ထိုက်တန်တန် ရရဲ့လား၊ ပြောစမ်းပါဦး မစ္စတာဂျူ"

"မစ္စတာဂျူက ခါးကိုကိုင်း၍ ရောဂျာအနီးသို့ကပ်ကာ တီးတိုးပြောလိုက်၏။

"ဟာ...နိပ်သဟေ့"

ရောဂျာက အသံထွက်အောင် ရေရွတ်လိုက်ပြီး ဆက်၍ မေးလိုက်ပြန်၏။

"ဒါဖြင့် ဟိုကိစ္စအတွက် ကျွန်တော် အခု ဘယ်လောက်ရမှာလဲ"

"ခင်ဗျား ဒီလုပ်ငန်းထဲမှာ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တခြားအသင်းသားတွေနဲ့ ညီတူညီမျှ ဝေစုရမှာပါပဲ။ ကျွန်တော်တို့အသင်းမှာ အသင်းသားဦးရေ ငါးဆယ်ရှိတော့ ခင်ဗျားဝေစုဟာ ငါးဆယ်ပုံ–တစ်ပုံရမှာပဲ၊ နံပါတ်(၁)ရဲ့ဝေစုနဲ့ ခင်ဗျားရမယ့်ဝေစုဟာ တူညီသလို ကျွန်တော်ရမယ့်ဝေစုနဲ့လည်း အတူတူပဲဖြစ်တယ်"

"တကယ်ပဲလားဗျ၊ နောက်နေတာမဟုတ်ဘူးလား"

"ခင်ဗျား ယုံချင်ယုံ၊ မယုံချင်နေပေါ့ဗျာ၊ ဒီအသင်းမျိုး ခင်ဗျား ဘယ်မှာမှ ရှာလို့တွေ့မှာမဟုတ်ဘူး။ အသင်းသားတွေကို ဝေစု ညီတူညီမျှပေးတာ ဒီအသင်းတစ်သင်းပဲ ရှိသေးတယ်။ နံပါတ်(၁)ကလည်း အင်မတန် ဉာဏ်ပညာကြီးကျယ်တဲ့ လူတစ်ယောက်ဆိုတာ ခင်ဗျား သိသားပဲမဟုတ်လား"

မစ္စတာဂျူက အသင်းသားသစ်တစ်ယောက်အား စည်းရုံးသိမ်း



သွင်းရာတွင် စိတ်ရှည်လက်ရှည် ရှိလှပေသည်။

"ဒါထက် ခင်ဗျားတို့အသင်းက လုပ်ငန်းတွေ တော်တော်များများ လုပ်ရရဲ့လား"

မစ္စတာရောဂျာက သိလိုသောအချက်ကို ကောက်၍မေးလိုက်ပြန်၏။

"နားထောင်၊ ကျွန်တော်ပြောပြပါ့မယ်။ ခင်ဗျား 'ကာရုသား(စ်)' ရဲ့ လည်ဆွဲဘယက်ပျောက်မှုနဲ့ 'ဂေါလက်စတုံ'ဘဏ်တိုက် လုယက်မှုကြီးအကြောင်း မှတ်မိမှာပေါ့။ နောက်ပြီး 'ဖေဗာရှန် အိမ်ဖောက်ထွင်းမှု'နဲ့ အမျိုးသားပန်းချီပြတိုက်က 'ရှဘင်ရဲ့ပန်းချီကားပျောက်ဆုံးမှု'ကိုလည်း ခင်ဗျား သတိရမှာပါပဲ။ 'ဖရက်ရှန်ရဲ့ ပုလဲရတနာ'ကိစ္စကြီးကိုလည်း ခင်ဗျား မေ့လိမ့်ဦးမယ်မဟုတ်ပါဘူး။ ဒီအမှုတွေအားလုံးကို ကျွန်တော်တို့အသင်းက လုပ်ဆောင်ခဲ့ပြီး ယနေ့အထိ ဘယ်သူ့လက်ချက်ဆိုတာ တိုင်းပြည်က မသိကြသေးဘူးမဟုတ်လား"

မစ္စတာဂျူ၏ ပြောစကားကိုကြားရသော မစ္စတာရောဂျာက သွားရေကျလာသလို နှုတ်ခမ်းနှစ်စုံကို လျှာဖြင့်လျက်လိုက်ရင်း ဆက်၍ မေးလိုက်ပြန်၏။

"ကဲ...ကောင်းပါပြီ၊ တကယ်လို့ ကျွန်တော်ဟာ သူလျှိုတစ်ယောက် ဖြစ်နေပြီး ခင်ဗျားပြောတဲ့စကားတွေကို ပုလိပ်ဆီ တိုက်ရိုက်သွားပြောလိုက်မယ်ဆိုရင် ဘယ်လိုဖြစ်လာမလဲ ပြောစမ်းပါဦး"

"အဲ...ခင်ဗျားက အဲဒီလိုလုပ်မယ်ဆိုရင် ရုံးဌာနကို မရောက်ခင် တစ်ခုခုဖြစ်မယ်ဆိုတာ သတိသာထားပေရော့"

"ဒါဖြင့် ခင်ဗျားတို့က ကျွန်တော့်ကို အမြဲစောင့်ကြည့်နေတယ်လို့ ဆိုလိုသလား"

"ခင်ဗျားအသက်ကို မနှမြောရင် စမ်းလုပ်ကြည့်ပါလား၊ တကယ်လို့ ခင်ဗျား ပုလိပ်ကိုသွားတိုင်တော့ လမ်းမှာ ဘာမှမဖြစ်ဘူးဆိုပါစို့။ ခင်ဗျားက ပုလိပ်ကိုခေါ်ပြီး ဒီဆိုင်ထဲရောက်လာရင် ကျွန်တော့်ကို တွေ့ရတော့မှာမဟုတ်ဘူး။ အဲဒီအချိန်မှာ ကျွန်တော်က နံပါတ်(၅)ဆီကို ရောက်လိမ့်မယ်"

"နံပါတ်(၅)က ဘယ်သူလဲ"

"အဲ...အဲဒါတော့ ကျွန်တော်လည်း မသိဘူး။ နံပါတ်(၅)က ရုပ်ဖျက်တဲ့နေရာမှာ ပါရဂူတစ်ယောက်ပဲ။ သူက ပလတ်စတစ်ကို ပုံသွင်းပြီး ခင်ဗျားကို မျက်နှာအသစ် လက်ဗွေပုံစံအသစ် အားလုံး အသစ်ဖြစ်အောင် လုပ်ပေးနိုင်တယ်။ ကျွန်တော်တို့ ဝိုင်းတော်သားတွေမှာ ခေတ်မီတဲ့နည်းတွေ အမျိုးစုံရှိပါတယ်ဗျာ"

'ရောဂျာ'က 'ဂျူ'၏စကားကို သဘောကျပြီး 'ရှိ...'ခနဲ လေချွန်လိုက်သည်။

"ကဲ...ဒါဖြင့် မင်းကိစ္စ ဘယ်လိုဆုံးဖြတ်မလဲ"

ဂျူက ဖန်ခွက်နှုတ်ခမ်းပေါ်မှကျော်၍ကြည့်ရင်း သူ့မိတ်ဆွေကို မေးခွန်းထုတ်လိုက်လေသည်။

"ခင်ဗျားက ကျွန်တော့်ကို အသင်းကိစ္စတွေ အတော်များများ ပြောပြထားပြီးပြီ။ ဒီတော့ ကျွန်တော်က အသင်းထဲကို မဝင်ဘူးလို့ ပြောရင် ကျွန်တော့်အသက်အန္တရာယ်ကို စိတ်ချရပါ့မလား"

"အို...စိတ်ချရပြီလားဗျာ၊ ခင်ဗျားက ကျွန်တော်တို့ကို ဘယ်လိုမှ အနှောင့်အယှက်မပေးရင် ခင်ဗျားအတွက် စိုးရိမ်စရာမရှိပါဘူး"

"ကဲ...ဒါဖြင့် ကျွန်တော်က အသင်းထဲကိုဝင်မယ်လို့ ပြောရင်ကောဗျာ"



"ဒီလိုဆိုရင် 'ကြွက်သေနင့်သာ၊ ရင်းနှီးကာကို၊ မကြာမတင်၊ လေးလတွင်၌၊ များဖြင်ပေါ်ယယ်၊ နှစ်သိန်းကြွယ်သို့'ဆိုတဲ့ လင်္ကာလို နှစ်သိန်းကြွယ်အောင် လေးလတောင် စောင့်နေစရာ မလိုပါဘူး။ ခု ချက်ချင်း သူဌေးဖြစ်ပြီး ဂုဏ်သရေရှိလူကြီးလူကောင်း တစ်ယောက်လို ခင်ဗျားနေထိုင်နိုင်ရစေ့မယ်။ ခင်ဗျားအရင်းအနှီးပြုရမှာကတော့ ခင်ဗျား အမှုထမ်းခဲ့တဲ့အိမ်တွေအကြောင်း ခင်ဗျားသိသလောက် ကျွန်တော်တို့ကို ဖွင့်ပြောဖို့ပဲဖြစ်ဟယ်။ ခင်ဗျားသာ အသင်းထဲမှာ ရိုးရိုးဖြောင့်ဖြောင့်နဲ့ သစ္စာစောင့်သိမယ်ဆိုရင် ခင်ဗျားလက်ဖျားမှာ ငွေသီးနေမှာ အမှန်ပါပဲ"

'ဂျူ'၏ စကားအဆုံးတွင် 'ရောဂျာ'က စဉ်းစားတွေးတောရင်း ခေတ္တမျှ နှုတ်ပိတ်၍နေလိုက်၏။

"ကျွန်တော်လုပ်မယ်ဗျာ"

ရောဂျာက စိတ်ကိုဆုံးဖြတ်လိုက်ပြီး သူ၏ဆန္ဒကို ထုတ်ဖော်ကြေညာလိုက်၏။

"ခင်ဗျားအဖို့ ကောင်းတဲ့ဆုံးဖြတ်ချက်ပါပဲ။ ကဲ...လုံးမလေးရေ၊ တို့ဖို့ အရင်အတိုင်း ဝီစကီထည့်ပေးပါဦးကွာ"

'ဂျူ'က ရောဂျာ၏ ဆုံးဖြတ်ချက်ကို ထောက်ခံလိုက်ပြီး အောင်ပွဲခံသည့်သဘောဖြင့် ဝီစကီထပ်မှာကာ အသင်းသားသစ်ဖြစ်သော ရောဂျာအား ဂုဏ်ပြုလိုက်လေသည်။

"ကျွန်တော် ခင်ဗျားကို မြင်ကတည်းက ဒီလုပ်ငန်းနဲ့ သင့်လျော်မယ့် လူတစ်ယောက်ဆိုတာ အကဲခတ်မိပြီးသားပါ။ ကဲ...ဟောဒီမှာ လုပ်ငန်းအတွက် စရံငွေပဲ။ နံပါတ်(၁)ကိုလည်း သတိထားပါ။ ခင်ဗျား ဒီနေ့ည လာပြီး နံပါတ်(၁)နဲ့ အတွေ့ခံလိုက်ရင် ပိုပြီးကောင်းလိမ့်

မယ်ထင်တယ်။ 'အချိန်ရှိခိုက် လုံ့လစိုက်'ဆိုတဲ့ စကားအရှိသားပဲ မဟုတ်လား...မိတ်ဆွေ"

"ခင်ဗျားပြောတာ မှန်ပေတယ်။ ကျွန်တော် ဘယ်ကိုလာရမှာလဲ၊ ဒီနေရာကိုပဲလား"

"မဟုတ်တာဗျာ၊ ဒီဆိုင်ကလေးကိုလာဖို့ မလိုတော့ပါဘူး။ ဒီဆိုင်ကလေးမှာ စားရသောက်ရတာ ကောင်းပေမယ့် နောက်ကို လာလို့ ဖြစ်မှာမဟုတ်ဘူး"

"ကဲ...ခင်ဗျား ဘာလုပ်ရမယ်ဆိုတာ ပြောပြပါ့မယ်။ ဒီနေ့ ညဆယ်နာရီတိတိအချိန်မှာ လန်ဘတ်တံတားကို ဖြတ်ပြီး မြောက်ဘက်ကို လာခဲ့ပါ။ အဲဒီနေရာမှာ အဝါရောင်တက္ကစီကားတစ်စီး ရပ်ထားပြီး ဒရိုင်ဘာက အင်ဂျင်စက်ကို တစ်ခုခုလုပ်နေတာ တွေ့ရပါလိမ့်မယ်"

"ခင်ဗျားက ကားသမားကို 'ခရီးသွားဖို့ အခြေအနေကောင်းရဲ့လား"လို့ မေးလိုက်ပါ။ ဒီတော့ ကားသမားက 'ခင်ဗျားသွားမယ့် ခရီးကိုလည်း ပြောစမ်းပါဦး'လို့ ပြန်မေးလိမ့်မယ်။ 'ကျွန်တော့်ကို လန်ဒန်က နံပါတ်တစ်ဆီ ပို့ပေးပါဗျာ'လို့ ခင်ဗျားက ပြန်ပြောလိုက်ပါ။ လန်ဒန်မှာ 'နံပါတ်တစ်'ဆိုတဲ့ ဆိုင်တစ်ဆိုင်ရှိတယ်"

"ဒါပေမယ့် ကားသမားက ခင်ဗျားကို အဲဒီဆိုင်ခေါ်သွားမှာ မဟုတ်ပါဘူး။ ခင်ဗျားကို ခေါ်သွားတဲ့နေရာဆိုလည်း ခင်ဗျားသိရမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် တက္ကစီကားက မှန်တံခါးတွေကို အားလုံးပိတ်ထားပြီး ခင်ဗျားကို ခေါ်သွားမှာဖြစ်လို့ပါပဲ"

"ဒါကတော့ ပထမဆုံးအကြိမ်သွားရတဲ့ အခေါက်ဆိုရင် ဒီကိုပဲ သွားရမယ်လို့ အသင်းက စည်းကမ်းသတ်မှတ်ထားလို့ ဖြစ်ပါတယ်။



ဒီအတွက်တော့ ခင်ဗျား ခွင့်ပြုရမှာပဲ။ နောင်အခါ ခင်ဗျား အသင်းဝင် တစ်ယောက် ဖြစ်လာရင်တော့ ဘယ်နေရာ ဘယ်ဒေသဆိုတာ ပြောပြထားပါ့မယ်"

"ခင်ဗျား အဲဒီကိုရောက်သွားရင် ကျွန်တော်ပြောထားတဲ့အတိုင်း လိုက်နာပြီး ဆောင်ရွက်ပါ။ အမှန်အတိုင်းလည်း ပြောပြပါ။ မဟုတ်မဟတ်လုပ်မယ်ကြံရင်တော့ နံပါတ်တစ်က ခင်ဗျားကို အကြောင်းပြလိုက်ပါလိမ့်မယ်။ ကဲ...နားလည်ပြီ မဟုတ်လား"

"ဟုတ်ကဲ့...ကျွန်တော် နားလည်ပါပြီ"

"ခင်ဗျား ကြောက်တော့ မကြောက်ပါဘူး ဟုတ်လား"

"ကျွန်တော် မကြောက်ပါဘူး"

"ကောင်းပါ့ဗျာ၊ ကဲ...ကျွန်တော်တို့ သွားကြမှ ကောင်းလိမ့်မယ်ထင်တယ်။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ နောက်ထပ်တွေ့ရမှာ မဟုတ်လို့ ခုကတည်းက နှုတ်ဆက်ထားခဲ့မယ်"

"ဂွတ်ဘိုင်...ဂွတ်လတ်..."

"ဂွတ်ဘိုင်..."

သူတို့နှစ်ယောက်သည် ဆင်နားရွက်တံခါးကို တွန်း၍ထွက်လာပြီး ညစ်ပတ်ပေရေနေသော လမ်းပေါ်တွင် လူချင်းခွဲလိုက်ကြလေသည်။

■

## [ ၂ ]

အစေခံ ရောဂျာအမည်ကို ခံယူထားသူအား လူဆိုးဂိုဏ်းထဲသို့ အသင်းသားအဖြစ် ပါဝင်ခွင့်ပြုခဲ့ပြီး (၂)နှစ်ကာလအတွင်း လန်ဒန်မြို့တွင် ထင်ရှားသူများ၏ အိမ်အတော်များများကို အောင်မြင်စွာ ဖောက်ထွင်းဝင်ရောက် မွှေနှောက်နိုင်ခဲ့လေသည်။

ကွယ်လွန်သူ မြို့စားကြီး ပီတာဝင်(မ်)စီ၏ မယ်တော်ဖြစ်သော ဒန်ဗာမြို့စားကတော်ကြီး၏ သရဖူမှ စိန်ရတနာကို ခိုးယူနိုင်ခဲ့ပြီး မြို့စားကြီး ပီတာဝင်(မ်)စီ ယခင်က နေထိုင်ခဲ့သော ပစ်ကယ်ဒလီ နေအိမ်မှ ပေါင် ၇၀၀၀ တန်ဖိုးရှိသော ငွေပြားနှင့် ရွှေပြားများကို ဖောက်ထွင်းခိုးယူနိုင်ခဲ့သည်မှာလည်း ဤစောရဂိုဏ်းကြီး၏ လက်ချက်ပင် ဖြစ်သည်။

သန်းကြွယ်သူဌေး 'ဝင်းသရော့ပ်'၏အိမ်ကို ဖောက်ထွင်း မွှေနှောက်ရာတွင် လန်ဒန်မြို့ အနီးတစ်ဝိုက်၌ ပြန်ပေးဂိုဏ်းဖွဲ့ကာ စာပေခြိမ်းခြောက်၍ ငွေညှစ်နေသော အချင်းအရာ အစုံအလင်ကို ဖော်ထုတ်နိုင်ခွင့် ရရှိခဲ့ကြသည်။



ကွန်ဗင့်ဥယျာဉ်တွင် နိုင်ငံကျော်အဆိုတော်တစ်ဦးက 'နဝရတ်ကိုးသွယ်'သီချင်းကို သီကျူးနေခိုက် ထူးထူးခြားခြား သောတအာရုံစိုက်နေသော မြို့စားကတော်တစ်ယောက်၏ လည်ပင်းမှ 'ပုလဲရတနာရှစ်သွယ်မြှာ'ကို အသာအယာဖြုတ်၍ ယူနိုင်ခဲ့သည်မှာလည်း ဤအသင်း၏ လက်စွမ်းတစ်ရပ်ပင် ဖြစ်ခဲ့သည်။

ပုလဲသွယ်ကြီးကို သေချာစွာစစ်ဆေးလိုက်သောအခါ ပုလဲအစစ်မဟုတ်ဘဲ အတုမျှသာဖြစ်နေကြောင်း အသင်းကသိရှိရသည်။ ပုလဲသွယ် အစစ်ကို မြို့စားကြီးမသိအောင် မြို့စားကတော်က ပေါင်နှံထားခဲ့ရာ ထိုအကြောင်းကိုသာ ထုတ်ဖော်လိုက်ရပါက မြို့စားကတော်မှာ 'အရှက်တကွဲ အကျိုးနည်း'ရဖို့ သေချာလှပေသည်။

ဇန်နဝါရီလ စနေနေ့ မွန်းလွဲပိုင်းအချိန်ဖြစ်၏။ "ရောဂျာ"သည် လန်ဘတ်ရှိ အိမ်ခန်းထဲ၌ရှိနေခိုက် အိမ်ရှေ့တံခါးမှ ညင်သာစွာ လှုပ်ရှားသံတစ်ခုကို သတိပြုမိလိုက်လေသည်။

သူသည် အသံမြည်သံ မဆုံးမီမှာပင် ရုတ်တရက်ခုန်၍ ထလိုက်ပြီး အလယ်ခန်းကိုဖြတ်ကာ အိမ်ရှေ့တံခါးကို အပြေးကလေး သွားရောက် ဖွင့်ကြည့်လိုက်၏။ သို့ရာတွင် လမ်းပေါ်၌ တစ်စုံတစ်ယောက်ကိုမျှ မမြင်ရပေ။

ရောဂျာက အိမ်ခန်းတွင်းသို့ ပြန်ဝင်လာသောအခါ ဦးထုပ်တင်သည့် စင်ကလေးပေါ်တွင် စာတစ်စောင်ကို မြင်လိုက်ရလေသည်။ စာအိတ်ပေါ်တွင် 'နံပါတ် ၂၁'ဟူ၍သာ တိုတိုတုပ်တုပ် လိပ်စာရေးထိုးထားသည်ကို တွေ့ရသည်။

အသင်းမှ စာပေးစာယူပြုလုပ်ရာတွင် ကဗျာဆန်ဆန် ပေးတတ်ပုံကို သိထားနှင့်ပြီဖြစ်သော ရောဂျာက ပခုံးကိုလှုပ်လိုက်ပြီး စာအိတ်

ကို ဖွင့်၍ ဖတ်လိုက်၏။

စာမှာ လျှို့ဝှက်အက္ခရာများဖြင့် ရေးထားရာ ထိုစာကို တစ်ဖန် ပြန်၍ ရိုးရိုးအက္ခရာစာလုံးသို့ ပြောင်းလဲရေးလိုက်မည် ဆိုပါလျှင် ဤသို့ ဖတ်ရှုရမည်ဖြစ်၏။

"နံပါတ် ၂၁၊ ယနေ့ည ၁၁ နာရီခွဲတိတိတွင် နံပါတ် ၁ နေအိမ်၌ သင်းလုံးကျွတ် အထူးစည်းဝေးပွဲ ကျင်းပရန်ရှိသည်။ သင် မလာလျှင် သင်၏တာဝန်ဖြစ်လိမ့်မည်။ လျှို့ဝှက်စာလုံးမှာ 'နီဂုံးချုပ် အဆုံးသတ်'ဖြစ်သည်"

ရောဂျာသည် စာကိုဖတ်ပြီးနောက် ခေတ္တမျှ ငိုင်၍ စဉ်းစားနေ လိုက်၏။ ပြီးလျှင် စာကိုယူကာ အိမ်ခန်းနောက်ဘက်သို့ ဝင်သွား သည်။ အိမ်နောက်ဘက်ခန်းတွင် နံရံကိုထွင်းကာ ပြုလုပ်ထားသည့် မတ်တတ်ဗီရိုပုံသဏ္ဍာန်ရှိသော သံမဏိအာမခံသေတ္တာတစ်လုံးရှိသည်။

ရောဂျာက ၎င်း၏ လျှို့ဝှက်သင်္ကေတ အက္ခရာကိုသုံးပြီး အာမခံ သေတ္တာကိုဖွင့်ကာ အတွင်းသို့ဝင်သွား၏။

သံမဏိအာမခံသေတ္တာမှာ သေတ္တာရိုးရိုးကဲ့သို့မဟုတ်ဘဲ ဘဏ္ဍာ တိုက်များတွင် အဖိုးတန်ရတနာများထားရှိရန် အခိုင်အခံ့ ပြုလုပ်ထား သော ဘဏ္ဍာတိုက်ခန်းနှင့် တူပေသည်။

ရောဂျာက 'စာများ'ဟု အမှတ်အသားပြုထားသည့် အံဆွဲတစ်ခု ကိုဖွင့်ကာ သူယူခဲ့သောစာအိတ်ကို ထည့်လိုက်၏။

ခဏအကြာတွင် ပြန်ထွက်လာပြီး လျှို့ဝှက်သင်္ကေတအက္ခရာ အသစ်ကို အသုံးပြု၍ သေတ္တာကို ပြန်ပိတ်လိုက်၏။ ထို့နောက် ဧည့်ခန်းသို့လာ၍ ထိုင်နေလိုက်လေသည်။

'နီဂုံးချုပ်အဆုံးသတ်' ဒီစကားက တော်တော်လေးနက်တဲ့ စကား



ပဲ၊ ငါထင်တဲ့အတိုင်း ဖြစ်မှာပဲ"

ရောဂျာက သင်းလုံးကျွတ် အထူးစည်းဝေးပွဲ တက်ရောက်ရန် ဖိတ်ကြားစာဝယ်ပါရှိသော လျှို့ဝှက်စကားလုံးကို နက်နက်နဲနဲစဉ်းစား နေလိုက်၏။

သူ၏ [illegible]က တယ်လီဖုန်းခွက်ကိုကိုင်ရန် ဟန်ပြင်လိုက်ပြီးမှ အကြံတစ်မျိုးရကာ လက်ကိုပြန်၍ ရုပ်သိမ်းလိုက်၏။

သူသည် နေရာမှထကာ အိမ်ပေါ်ထပ်တွင်ရှိသော အမြင့်ဆုံး အခန်းကလေးသို့ တက်သွားသည်။ ထိုအခန်းမှတစ်ဆင့် မျက်နှာ ကျက်နှင့်ကပ်၍နေသည့် ထပ်ခိုးကလေးပေါ်သို့ ရောက်သွား၏။

သူသည် ယက်မများပေါ်တွင် တွား၍သွားရင်း ထပ်ခိုးကလေး ၏ အစွန်ဆုံးထောင့်တစ်နေရာသို့ ရောက်ရှိလာသည်။ ပျဉ်ပြားတစ်ချပ် ပေါ်တွင် တပ်ဆင်ထားသော ခလုတ်ကလေးကို နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးဝှက်တစ်ခု ပွင့်လာသည်ကို တွေ့ရ၏။

ရောဂျာက ၎င်းတံခါးဝှက် အပေါက်ကလေးမှ ထွက်လိုက်သည် တွင် အခြားအိမ်တစ်ဆောင်၏ ထပ်ခိုးကလေးထဲသို့ ရောက်ရှိသွား လေသည်။

ထိုထပ်ခိုးကလေးထဲမှ ညင်သာသော ခိုညည်းသံများက ရောဂျာ အား ဆီးကြိုလိုက်ကြ၏။ ထပ်ခိုးခေါင်မိုးတွင် အလင်းရောင်ဝင်နိုင် ရန် အပေါက်တစ်ပေါက်ရှိရာ မှုန်မွှားသောအလင်းရောင်ဖြင့် ခိုအိမ် သုံးအိမ်ထဲရှိ ခိုသုံးကောင်ကို မြင်ရသည်။

၎င်းခိုသုံးကောင်မှာ ဤမျှမြင့်လှသော နေရာတွင် အလှမွေးထား မည် မဟုတ်ကြောင်း ခန့်မှန်းနိုင်ပေသည်။ အမှန်အားဖြင့်ဆိုလျှင် ဤခိုသုံးကောင်မှာ မစ္စတာရောဂျာ၏ 'ရဲသုံးဘော်'ဖြစ်၍ အပြင်အပ

လူများနှင့် ဆက်သွယ်သတင်းပို့ရန် ရှိသောအခါ သူတို့ကိုပင် အားထားရသည် မဟုတ်လား။

ရောဂျာက မျက်စိကို အစွမ်းကုန်ဖွင့်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ထပ်ခိုးပြတင်းပေါက်မှ ထိုးဖောက်ဝင်ရောက်လာသော အလင်းရောင်မှာ ညဥ့်အမှောင်တွင် ပိုးစုန်းကြူးလက်သလောက်သာ လင်းနိုင်ရှာသည်။

တစ်ဖက်တွင် အလုပ်ရုံတစ်ခု၏ အုတ်နံရံကြီးက တံတိုင်းသဖွယ် ပိုင်းခြားထားသဖြင့် တစ်စုံတစ်ယောက်က ၎င်းအား မြင်တွေ့သွားမည်ကို စိုးရိမ်ရန်မရှိပေ။

ထို့ပြင် ရှေ့နောက်တောင်မြောက် ဝဲယာကိုလှည့်ပတ်၍ အကဲခတ်လိုက်သောအခါလည်း မိမိရှိနေသည့်နေရာကို မြင်နိုင်မည့် ပြတင်းတံခါးပေါက်ဟူ၍ မတွေ့ရပေ။

သူသည် မှတ်စုစာအုပ်ကလေးထဲမှ စာရွက်တစ်ရွက် ဆုတ်ယူလိုက်ပြီး အက္ခရာစာလုံးအချို့နှင့် ဂဏန်းစာလုံးအနည်းငယ်ကို ရေးလိုက်သည်။

ထို့နောက် စာရွက်ကလေးကိုလိပ်ကာ ခိုတစ်ကောင်၏ တောင်ပံတွင် ချည်နှောင်ပေးလိုက်ပြီးလျှင် ခိုကလေးကို ပြတင်းတံခါးပေါင်ပေါ်တွင် ဂရုတစိုက်တင်ထားပေးလိုက်သည်။

ရဲလုင်ခိုကလေးသည် လှောင်အိမ်ထဲတွင် အတန်ကြာနေခဲ့သဖြင့် ညောင်းညာ၍နေဟန်တူသည်။

ခိုကလေးသည် ၎င်း၏ ပန်းရောင်သမ်းနေသည့် ခြေထောက်များကို တံခါးပေါင်ပေါ်တွင် ထိုမှ ဤမှ ရွေ့လျား လှုပ်ရှားနေပြီး အတောင်များကိုလည်း ကြွချီချီလုပ်ကာ အရှိန်ယူနေလိုက်သည်။



ထို့နောက် တောင်ပံကိုဖြန့်ကာ မည်းမှောင်စပြုနေပြီဖြစ်နေသော ကောင်းကင်ယံသို့ ပျံဝဲပျောက်ကွယ်သွားလေသည်။

ရောဂယာက နာရီကိုကြည့်လိုက်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့၏။ နောက်တစ်နာရီတိတိ ကြာသောအခါ ဒုတိယရဲလုင် ခိုကလေးကို ထပ်၍ 'စေ'လိုက်ပြီး တတိယ'ခိုတမန်'ကိုလည်း နောက်ထပ် တစ်နာရီအကြာတွင် ကောင်းကင်ယံသို့ ပျံဝဲစေခဲ့လေသည်။

ရောဂျာသည် သူ၏ 'ရဲသုံးဘော်'ကို တမန်တော်အဖြစ် စေလွှတ်ပြီးနောက် ၎င်းတို့ပြန်ရောက်ချိန်ကို စောင့်မျှော်နေလေသည်။

ညဥ့် ကိုးနာရီခွဲတွင် ရောဂျာက ထပ်ခိုးပေါ်သို့ ပြန်လည်ရောက်ရှိသွား၏။ တစ်မိုးလုံးမှောင်နေသော်လည်း ကြယ်ရောင်ကလေးများက မဝံ့မရဲထွက်ပြူ၍နေကြ၏။

တသုန်သုန်ဆော်သွေးနေသော လေကလည်း အေးမြလှပေသည်။ ထပ်ခိုးပြတင်းပေါက်မှ ဝင်ရောက်လာသော ကြယ်၏အလင်းရောင်ကို အားပြုကာ ရောဂျာက ဟိုဟိုဒီဒီ မျက်စိကစားကြည့်လိုက်၏။

ဖြူဖျော့ဖျော့ အရာဝတ္ထုကလေးတစ်ခုကို ကြမ်းပြင်ပေါ်တွင် မြင်လိုက်ရသည်။ သူက ကောက်ယူလိုက်သောအခါ ငှက်မွေးများနှင့် ရောနှောကာ ပူးနွှေးနေသော စာရွက်လိပ်ကလေးတစ်ခုကို တွေ့လိုက်ရလေသည်။ စာတမန်သည် သူ့ထံသို့ ပြန်၍ရောက်လာခဲ့လေပြီတကား။

သူသည် ငှက်မွေးများနှင့် ရောထွေးနေသော စာရွက်လိပ်ကလေးကို ထုတ်ယူလိုက်၏။

သို့ရာတွင် သူက စာကိုမဖတ်သေးဘဲ ခိုကလေးကို အစာကျွေး

ပြီး လှောင်အိမ်ထဲသို့ ပြန်ထည့်လိုက်သည်။ ထို့နောက် လှောင်အိမ်တံခါးကို ပိတ်ရန်ကြံပြီးမှ ခေတ္တရပ်၍ စဉ်းစားလိုက်၏။

"ငါသာ တစ်စုံတစ်ခုဖြစ်လို့ ပြန်မလာနိုင်ရင် မင်းတို့တော့ အစာငတ်၊ ရေငတ်ဖြစ်ပြီး ဒုက္ခရောက်ကုန်မှာပဲ။ မင်းတို့ ဒီလိုမဖြစ်စေရပါဘူး...သားကလေးရယ်"

သူသည် ပြတင်းတံခါးကို ခပ်ကျယ်ကျယ်ကလေး ဖွင့်ထားခဲ့ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့လေသည်။ သူ့လက်ထဲတွင် ကိုင်ထားသော စာရွက်ကလေးပေါ်၌ 'အိုကေ'ဟူသော စာလုံးနှစ်လုံးသာ ရေးထားသည်ကို တွေ့ရ၏။

ထိုစာကလေးနှစ်လုံးကိုပင် ကသောကမျောရေးရဟန် လက္ခဏာရှိ၏။ အဘယ်ကြောင့်ဆိုသော် စာရွက်ကလေး၏ လက်ဝဲဘက်ထောင့်တွင် ပေရေညစ်ပတ်သောနေ မင်စွန်းကွက်တစ်ခုကို မြင်ရသောကြောင့် ဖြစ်ပေသည်။

ရောဂျာက စွန်းပေနေသော မင်ကြောင်းကို သတိပြု၍ ကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်၏။ ထို့နောက် စာရွက်ကို မီးဖိုထဲပစ်သွင်းလိုက်ကာ သဲလွန်စကို ဖျောက်ဖျက်လိုက်လေသည်။

သူသည် စည်သွတ်ဘူး အသစ်တစ်လုံးကိုဖောက်ကာ အမဲသားကြက်ဥတို့ဖြင့် ညစာကို မြန်ရှက်စွာ စားသောက်လိုက်၏။ အနီးရှိ စင်ကလေးပေါ်တွင် ပေါင်မုန့်တစ်လုံးမှာ အဆင်သင့်ရှိနေသော်လည်း ရောဂျာက ထိုပေါင်မုန့်ကိုယူ၍ စားသောက်ခြင်းမပြုပေ။

စားသောက်၍ ပြီးစီးသွားလျှင် ရေပိုက်နှုတ်ခမ်းများကို စင်ကြယ်အောင် ပွတ်တိုက်ဆေးကြောလိုက်သည်။ ထို့နောက် ရေပိုက်မှရေကို ဖွင့်ထုတ်လိုက်ပြီး အတန်ကြာမှသာ ရေကို သောက်လိုက်၏။



သူသည် စားရာတွင်လည်းကောင်း၊ သောက်ရာတွင် လည်းကောင်း အမှတ်တမဲ့ စားသောက်ခြင်းမပြုဘဲ အစစအရာရာတွင် သတိကြီးစွာထား၍ စားသောက်နေသည်ကို သိနိုင်ပေသည်။

ညစာစားပွဲကို ရှင်းလင်းပြီးသောအခါ သော့ခတ်ထားသော အံဆွဲတစ်ခုထဲမှ ခြောက်လုံးပြူးတစ်လက်ကို ထုတ်လိုက်သည်။ ရောဂျာက သေနတ်ကို အထပ်ထပ်အခါခါ စစ်ဆေးပြီးနောက် အသုံးမပြုသော ယမ်းကပ်သေတ္တာအသစ်တစ်ဘူးကို ဖောက်ကာ ခြောက်လုံးပြူးထဲသို့ ယမ်းတောင့်အပြည့်ထည့်လိုက်၏။ ထို့နောက် အချိန်အနည်းငယ် စောနေသေးသဖြင့် စောင့်ဆိုင်း၍နေလိုက်လေသည်။

■

## [ ၃ ]

ညဉ့် ၁၁ နာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် ရောဂျာက နေရာမှထလိုက်ပြီး လမ်းပေါ်သို့ ထွက်လာခဲ့လေသည်။ သူသည် တိုက်တာအဆောက်အအုံတို့၏ အမှောင်ရိပ်ကို ရှောင်ကွင်း၍ မီးများ ထိန်လင်းအောင် ထွန်းညှိထားသော လမ်းမကြီးသို့ ရောက်အောင် လာခဲ့၏။

ထို့နောက် ဘတ်စ်ကားတစ်စီးပေါ်သို့ ဘက်လိုက်ပြီး လက်မှတ်ရောင်းသူ၏အနီး ချောင်ကျကျနေရာတွင် ထိုင်လိုက်သည်။ သူသည် ထိုနေရာမှနေ၍ ဘတ်စ်ကားပေါ်သို့ ဆင်းသူ တက်သူ ခရီးသည်အားလုံးကို မြင်နိုင်ပေသည်။

ရောဂျာသည် ဘတ်စ်ကားအဆင့်ဆင့်ပြောင်း၍ စီးခြင်းဖြင့် လူကုံထံများနေထိုင်ရာ ရပ်ကွက်တစ်ခုဖြစ်သော 'ဟမ်စတက်'သို့ ရောက်ရှိလာခဲ့သည်။

သူသည် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်ပြီး အမှောင်ရိပ်ကို ရှောင်ကွင်းကာ 'ဟိသ်'ဟုခေါ်သော နေရာသို့အရောက် လမ်းလျှောက်



၍ လာခဲ့သည်။ ထိုနေရာမှာ လူနေအိမ်ခြေ သိပ်သည်းခြင်းမရှိသော ရပ်ကွက်ကွင်းကျယ်ကြီး တစ်ခုဖြစ်၏။

ထိုညမှာ လဆုတ်ရက်ဖြစ်သဖြင့် အမှောင်ထုက မင်းမူနေသည်။ သို့ရာတွင် ကြယ်ကလေးများ၏ အလင်းရောင်က ပြိုးပြိုးပြက်ပြက် လက်၍နေသောကြောင့် ခပ်ဝေးဝေးကိုပင် လှမ်း၍မြင်နိုင်သည်။

ရောဂျာက လူနေကျဲသော ကွင်းကျယ်ကြီးကို ဖြတ်ကျော်သည်တွင် သူ၏ ဝဲယာဘက်မှနေ၍ သူ့ထံသို့ချဉ်းကပ်လာသော မည်းမည်းသဏ္ဌာန် လူရိပ်များကို မြင်လိုက်ရလေသည်။

သူသည် သစ်ပင်ကြီးတစ်ပင်၏ အမှောင်ရိပ်ကို အကာအကွယ်ယူပြီး ခေတ္တရပ်နားလိုက်သည်။ ထို့နောက် သက္ကလပ်မျက်နှာဖုံးကို မျက်ခုံးမှ မေးစေ့ရောက်အောင် စွပ်ချလိုက်၏။

မျက်နှာဖုံးအောက်ခြေတွင် ရေးထိုးထားသော သူ၏အသင်းဝင်နံပါတ်(၂၁)ဖြစ်ကြောင်း တွေ့မြင်နိုင်ပေသည်။

ရောဂျာက အမှောင်ရိပ်မှ ထွက်ခွာလာပြီး ဆက်လက်လျှောက်လာခဲ့ရာ ဆင်ခြေလျှောဖြစ်နေသော ချောက်ကလေးတစ်ခုကို ဖြတ်ကျော်ရပြန်သည်။ ထိုနေရာမှနေ၍ မျှော်ကြည့်လိုက်မည်ဆိုလျှင် ကွင်းအလယ်တွင် ထီးထီးမားမားဖြစ်နေသော အိမ်တစ်ဆောင်ကို မြင်နိုင်ပေသည်။

အိမ်ကလေးမှာ နေချင့်စဖွယ် သပ်သပ်ရပ်ရပ်ရှိပြီး ပတ်ဝန်းကျင်တွင် ကျေးတောအသွင်က ထင်ဟပ်နေသည်။ ကွင်းကျယ်ကြီးအလယ်တွင် အိမ်ကလေးများမှာ ဟိုတစ်လုံး၊ သည်တစ်လုံး အလှမ်းဝေးဝေး ဆောက်လုပ်ထားသဖြင့် တောပုန်းများ၏နေရာဒေသပင် ဖြစ်လေသလားဟု တွေးတောစရာဖြစ်နေပေသည်။

**စေ**ရဂိုဏ်းသားတစ်ဦးဖြစ်သော ရောဂျာက အသင်း၏ **အဓိပတိ** စောရတို့၏ ကဝိတစ်ဆူဖြစ်သော ဥက္ကဋ္ဌကြီးအိမ်တံခါးသို့ ချဉ်းကပ်မိသောအခါ သူ့လိုပင် မျက်နှာဖုံးစွပ်ထားကြသော မိုးမှောင်ခြောက်ယောက်က သူ့အား ဝိုင်းမိလုမတတ် ရှိနေကြလေသည်။

တံခါးနှင့် အနီးကပ်ဆုံးနေရာသို့ ရောက်နေသော အသင်းသားတစ်ယောက်က တံခါးကိုခေါက်လိုက်၏။ ခဏကြာလျှင် တံခါးမှာဖွင့်သည်ဆိုရုံမျှ အနည်းငယ်သာ ပွင့်လာသည်ကို တွေ့ရသည်။

အပြင်မှအသင်းသားက ဟ,ထားသော တံခါးပေါက်ထဲသို့ ဦးခေါင်းကိုသွင်းလိုက်ပြီး တစ်စုံတစ်ခုပြောသံ ကြားလိုက်ရ၏။ စကားသံ တိတ်သွားလျှင် တံခါးပေါက်မှာ ခပ်ကျယ်ကျယ်ပွင့်လာပြီး အပြင်မှ အသင်းသားက အထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ထိုသူ ဝင်ပြီးသည်နှင့် တစ်ပြိုင်နက် တံခါးမှာ ပြန်၍ပိတ်သွားသည်ကို တွေ့လိုက်ရ၏။

အသင်းသားသုံးယောက် အိမ်ထဲသို့ ဝင်သွားပြီးနောက် ရောဂျာ၏ အလှည့်သို့ ရောက်လာလေသည်။ သူက တံခါးကို သုံးကြိမ်တိတိ ခပ်ကျယ်ကျယ်ခေါက်လိုက်ပြီး ခပ်တိုးတိုး နှစ်ကြိမ်ထပ်၍ ခေါက်လိုက်၏။

တံခါးမှာ နှစ်လက်မ၊ သုံးလက်မခန့်သာ ပွင့်လာပြီး ဟ,ထားသော တံခါးကြားတွင် နားရွက်တစ်ဖက် ထွက်ပြူလာသည်။ ရောဂျာက "နိဂုံးချုပ်အဆုံးသတ်"ဟု တီးတိုးလေသံဖြင့် ပြောလိုက်သည်နှင့် တစ်ပြိုင်နက် နားရွက်တစ်ဖက်မှာ ပျောက်ကွယ်သွားပြီး တံခါးပေါက်ကို ခပ်ကျယ်ကျယ်ဖွင့်ပေးလိုက်လေသည်။

နောက်ထပ် နှုတ်ခွန်းဆက်စကား တစ်စုံတစ်ရာ မပြောတော့ဘဲ



၂၁ က အိမ်ထဲသို့ဝင်ရောက်သွားကာ လက်ဝဲဘက်ရှိ ရုံးခန်းနှင့်တူသော အခန်းကျဉ်းကလေးထဲသို့ ရောက်ရှိသွားသည်။ အခန်းထဲတွင် စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် မီးအာမခံသေတ္တာ တစ်လုံး ရှိသည်။

စားပွဲတွင် ညနေခင်းဝတ်စုံကို ဆင်မြန်းထားသော ကိုယ်လုံးကိုယ်ဖန် တောင့်တင်းသန်မာသည့် လူတစ်ယောက် ထိုင်လျက်ရှိသည်ကို မြင်ရသည်။ သူ့ရှေ့တွင် လယ်ဂျာစာရင်းစာအုပ်ကြီးတစ်အုပ်ကိုလည်း မြင်ရ၏။

အခန်းကျဉ်းကလေးထဲသို့ ဝင်ရောက်လာသော အသင်းသားက သူဝင်လာခဲ့သော တံခါးပေါက်မှ သော့ခလောက်ကို ဂရုတစိုက် ပိတ်လိုက်ရ၏။ 'ကလစ်'ဟူသော မြည်သံနှင့်အတူ သော့ခလောက်က ပိတ်ပြီးသား ဖြစ်သွားလေသည်။

ထိုသူက စားပွဲရှေ့သို့ တိုးသွားကာ "နံပါတ် ၂၁ ပါ **ခင်ဗျား**" ဟု သတင်းပို့လိုက်ပြီး ရိုသေလေးစားသော အမူအရာဖြင့်ရပ်၍ စောင့်ဆိုင်းနေလိုက်လေသည်။

စားပွဲတွင်ထိုင်နေသော ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည့် လူကြီးက နံပါတ် ၂၁ အား မော့်၍ကြည့်လိုက်ရာ ထိုလူကြီး၏ မျက်နှာဖုံးစွပ်မှ 'နံပါတ် ၁'ဟူသော အမှတ်အသားကို မြင်တွေ့လိုက်ရလေသည်။

ထိုသူ၏ မျက်လုံးပြာများမှာ စူးရှမာကျောသော အသွင်ကို ဆောင်နေပြီး ရောဂျာအား စေ့စေ့စပ်စပ် အကဲခတ်၍ ကြည့်လိုက်လေသည်။

စောရဂိုဏ်းသားတို့၏ အဓိပတိဖြစ်သော နံပါတ် ၁ က အမူ

အရာတစ်ခု ပြလိုက်သဖြင့် ရောဂျာက ၎င်း၏မျက်နှာဖုံးစွပ်ကို ချွတ်လိုက်ရလေသည်။

ဥက္ကဋ္ဌကြီးက ရောဂျာအား အသင်းသားအစစ် ဟုတ်,မဟုတ် သေချာစွာ စစ်ဆေးလိုက်ပြီးနောက် ကျေနပ်သောလေသံဖြင့် "ကောင်းပါပြီ နံပါတ် ၁၂"ဟု ပြောကာ သူ၏လယ်ဂျာစာရင်းစာအုပ်ကြီးတွင် ရေးသွင်းမှတ်သားလိုက်လေသည်။

သူ့အသံမှာ သူ့မျက်လုံးများလိုပင် ခက်ထန်မာကျောလှသည်။ မျက်နှာဖုံးစွပ် နောက်ကွယ်မှ မလှုပ်မယှက် စူးစိုက်၍ကြည့်နေသော ဥက္ကဋ္ဌကြီး၏ မျက်လုံးဒဏ်ကို ရောဂျာက ကြာကြာမခံနိုင်ဘဲ စိတ်ထဲ၌ မအီမသာဖြစ်လာသည်။

ထို့ကြောင့် စိတ်သက်သာရစေရန် ခြေထောက်နှစ်ဖက်ကို ဟိုသည် ရွှေ့၍ လှုပ်ရှားလိုက်ပြီး မျက်လွှာကိုလည်း အောက်သို့ချလိုက်သည်။

နံပါတ် ၁ က ထွက်ခွာသွားနိုင်ပြီဖြစ်ကြောင်း အချက်ပြလိုက်သောအခါမှ ရောဂျာက စိတ်ကျဉ်းကျပ်မှု ကင်းလွတ်သွားသလို သက်ပြင်းတစ်ချက် မသိမသာချလိုက်ရင်း မျက်နှာဖုံးစွပ်ကို ပြန်တပ်ကာ အခန်းတွင်းမှ ထွက်လာခဲ့လေသည်။

စောရဂိုဏ်းသားတို့ သင်းလုံးကျွတ်စည်းဝေးပွဲ ပြုလုပ်ရန် သတ်မှတ်ထားသော ခန်းမကြီးမှာ အိမ်၏ ပထမဆုံးအထပ်တွင်ဖြစ်ပြီး နှစ်ဆယ်ရာစုခေတ်နှင့် လျော်ညီအောင် ပြင်ဆင်မွမ်းမံထားသည်ကို တွေ့ရသည်။

ခန်းမဆောင်ကြီးတစ်ခုလုံးမှာ မီးရောင်ဖြင့် တပြောင်ပြောင် တလက်လက် လင်းထိန်လျက်ရှိပြီး အခန်းထောင့် တစ်နေရာရှိ



ဓာတ်စက်မှ စည်းဝါးညီညီ ထွက်ပေါ်လာသော ကကြိုးတစ်ပုဒ်ကို ကြားကြရသည်။

အမျိုးသားနှင့် အမျိုးသမီး ဆယ်စုံတွဲခန့်တို့သည် ခန်းဆောင်ကြီးအတွင်းရှိ ကပွဲ ကြမ်းပြင်ပေါ်တွင် ကကြိုးနှင့်ကိုက်အောင် တငြိမ့်ငြိမ့် လှုပ်ရှားနေသည်ကို မြင်ရလေသည်။ သူတို့သည် မျက်နှာဖုံးများကို စွပ်ထားကြလျက် အချို့က ညနေခင်းဝတ်စုံများ၊ အချို့က ရိုးရိုးဝတ်စုံများ ဆင်မြန်းထားကြသည်။

အခြားအခန်းထောင့်တစ်နေရာတွင် အမေရိကန် စနစ်အရ ဖွင့်လှစ်ထားသော 'ဘား'တစ်ခုရှိသည်။ ရောဂျာက ဘားဆိုင် ဖွင့်ထားသည့် နေရာသို့ရောက်လာပြီး ဝီစကီတစ်ခွက် မှာယူလိုက်၏။ သူသည် ဘားကောင်တာကိုမှီကာ အရက်ခွက်ကို ဖြည်းဖြည်းချင်း သောက်နေလေသည်။

ခဏကြာလျှင် အခန်းတွင်း၌ အသင်းသားများ ပြည့်စုံသလောက်ရှိသွားပြီး တစ်စုံတစ်ယောက်က ဓာတ်စက်ကို ပိတ်လိုက်၏။

ရောဂျာက အခန်းတစ်ခုလုံးကို အကဲခတ်ကြည့်ရှုလိုက်သောအခါ စောရဂိုဏ်းသားတို့၏ အဓိပတိဖြစ်သော နံပါတ် ၁ ကို အခန်းပေါက်ဝတွင် တွေ့မြင်လိုက်လေသည်။ တစ်ကိုယ်လုံးကို ဝတ်ရုံနက်ဆင်မြန်းထားသော အရပ်မြင့်မြင့်နှင့် အမျိုးသမီး တစ်ယောက်က ဥက္ကဋ္ဌကြီး၏ဘေးတွင် ရပ်လျက်ရှိသည်။

ဆံပင်နှင့် မျက်နှာတစ်ခုလုံးကိုပါ လုံခြုံအောင် မျက်နှာဖုံးစွပ်ထားသော ထိုအမျိုးသမီး၏ အသင်းဝင်နံပါတ်မှာ ၂ ဖြစ်ကြောင်း ရောဂျာက သတိပြုမိလိုက်၏။

စောရမယ်၏ တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက် ဖြောင့်

တန်းသော ပေါင်တံ၊ ညက်ညောဖြူဖွေးသော လက်မောင်းများနှင့် လှိုင်းကြက်ခွပ်သလို နိမ့်တုံမြင့်တုံဖြစ်နေသော ရွှေရင်အုံတို့ကြောင့် ဤအမျိုးသမီးမှာ ကာယပညာလိုက်စားသူတစ်ဦးဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

ထို့ပြင် နက်မှောင်အောင် တောက်ပြောင်နေသော ကတ္တီပါ မျက်နှာဖုံးစွပ်အတွင်းမှ ကြယ်ကလေးများ လက်သလို တဖျပ်ဖျပ် လှုပ်ရှားကစားနေသော မျက်လုံးအစုံကို အကဲခတ်ခြင်းအားဖြင့် ဤ အမျိုးသမီးမှာ ဉာဏ်ပညာ သြဇာထက်မြက်သူဖြစ်ကြောင်း အတတ် သိနိုင်ပေသည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျာ"

ဥက္ကဋ္ဌကြီး၏အသံက ရတနာရွှေဂူအတွင်းမှ ထွက်ပေါ်လာသော ကေသရာဇာခြင်္သေ့မင်း၏အသံလို ခန့်ညားထည်ဝါလှပေသည်။

အသင်းသားတို့၏ သခင် စောရဘုရင်ဖြစ်သော ဥက္ကဋ္ဌကြီးသည် ခန်းမဆောင်၏ ထိပ်ဘက်တွင် နေရာယူလျက်ရှိပြီး အသင်းဝင်နံပါတ် ၂ ဖြစ်သူ အမျိုးသမီးက ၎င်းဘေးတွင် ထိုင်လျက်ရှိသည်။

နံပါတ် ၂ က မျက်လွှာချကာ ဣန္ဒြေရရ ထိုင်နေသော်လည်း ၎င်း၏ လက်နှစ်ဖက်က ကုလားထိုင် လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ထားသောကြောင့် အမျိုးသမီး၏ တစ်ကိုယ်လုံးမှာ တောင့်တင်း၍နေသည်ဟု ထင်မှတ်ရသည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျာ"

"ယနေ့ည စည်းဝေးပွဲမှာ ကျွန်တော်တို့အထဲက အသင်းသား နှစ်ယောက် လျော့နေတယ်ဆိုတာ အားလုံး သတိပြုမိကြလိမ့်မယ်လို့ ထင်ပါတယ်"



ဥက္ကဋ္ဌကြီး၏ စကားအဆုံးတွင် အားလုံး လှုပ်ရှား၍သွားကြသည်ကို မြင်လိုက်ရ၏။ မျက်နှာဖုံးစွပ်ထားသော ဦးခေါင်းများသည် မိမိတို့ဂိုဏ်းသားများရှိရာသို့ လှည့်သွားကြပြီး ခန်းဆောင်အတွင်း ရောက်နေကြသော အသင်းသားများကို ရေတွက်နေကြသည်။

ထိုအခိုက်တွင် ဥက္ကဋ္ဌကြီး၏အသံက တစ်ဖန်ပြန်၍ ထွက်ပေါ် လာ၏။

"ဝင်းဒလ်ရှမ် တီထွင်တဲ့ ရဟတ်ယာဉ်ပုံစံကို ရယူဖို့ ကြိုးပမ်းခဲ့တဲ့ ကျုပ်တို့ရဲ့အကြံအစည်ဟာ မရှုမလှ ဆုံးရှုံးခဲ့ရတယ်ဆိုတာကို အထူးထုတ်ဖော်ပြောနေစရာ လိုမယ်မထင်ပါဘူး။ သတ္တိဗျတ္တိနဲ့ ပြည့်စုံပြီး အသင်းကြီးပေါ်မှာ အထူးသစ္စာစောင့်သိခဲ့ကြတဲ့ ကျုပ်တို့ရဲ့ ရဲဘော်နှစ်ဦးဖြစ်ကြတဲ့ နံပါတ် ၁၅ နဲ့ နံပါတ် ၄၈ တို့ဟာ ကျုပ်တို့အသင်းကြီးကို သစ္စာဖောက်ပြီး ပုလိပ်လက်ထဲကို ရောက်သွားကြရပြီ"

မိမိတို့ရဲဘော်နှစ်ဦးက သစ္စာဖောက်လိုက်သည်ကို မကျေမချမ်းနိုင်ရှိသော အသင်းသားများက ပြောဆိုရေရွတ် ညည်းတွားလိုက်သံမှာ ဆူညံစွာ ထွက်ပေါ်လာသည်။

ဥက္ကဋ္ဌကြီးက သူ၏မိန့်ခွန်းကို ဆက်၍ပြောပြန်၏။

"စိတ်ဓာတ်အရာမှာ အင်မတန်ခိုင်ခဲ့တဲ့ ကျုပ်တို့ရဲဘော် နှစ်ယောက်ဟာ ပုလိပ်က ညှဉ်းပန်းနှိပ်စက်ပြီး စစ်လို့ရှိရင် အသင်းကြီး၏ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ပြောကြတော့မှာပဲလို့ တချို့အသင်းသားတွေရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်နေပါလိမ့်မယ်။ ဒီကိစ္စအတွက် စိုးရိမ်နေအောင်လို့ ကြောင့်ကြနေစရာ မလိုပါဘူး။ အသင်းကြီးရဲ့ ဘေးအန္တရာယ်ကို ကာကွယ်နိုင်ဖို့အတွက် ကျုပ်က ကြိုတင်ပြီး လိုအပ်တဲ့အမိန့်ကို ထုတ်ပြန်ခဲ့ပြီးပါပြီ။ ကျုပ်တို့အသင်းကြီးရဲ့ ဘေး

အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ ကျုပ်တို့ရဲဘော်နှစ်ယောက်ကို လက်စတုံး ဖျောက်ခဲ့ပြီးကြောင်း ဒီနေ့ညမှာပဲ ကျုပ်ဆီကို သတင်းရောက်လာပါပြီ။ ဒီရဲဘော်နှစ်ယောက်ဟာ ပုလိပ်တွေရဲ့လှည့်စားချက်ကို ယုံကြည်ပြီး ကျုပ်တို့အသင်းကြီးရဲ့ အမြတ်တနိုးထားတဲ့ အစဉ်အလာကို ချိုးဖောက်လိုက်တာဟာ အင်မတန်သိက္ခာမဲ့တဲ့လုပ်ရပ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီသူရဲကောင်းနှစ်ယောက်ကို ကျုပ်တို့အသင်းသားတွေရှေ့မှောက် ခေါ်ယူပြီး ခုံတင်စစ်ဆေးနေစရာ၊ အလုပ်ကြမ်းနဲ့ထောင်ဒဏ်ချမှတ်နေစရာ မလိုပါဘူး။ သူတို့ကို လက်စတုံးဖျောက်ဖျက်ပစ်လိုက်တာဟာ သူတို့ကျခံသင့်တဲ့ အပစ်ဒဏ်ကို ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်"

ဥက္ကဋ္ဌကြီးက စကားကို ခဏရပ်လိုက်သည်တွင် အသင်းသားများထံမှ သက်ပြင်းချသံများ ထွက်ပေါ်လာ၏။ ထို့နောက် နံပါတ် ၁ ၏အသံကို ဆက်၍ကြားရပြန်၏။

"သူတို့ကို မှီခိုနေကြတဲ့ ဇနီးသားသမီးတွေကိုတော့ ခါတိုင်းလိုပဲ လျော်ကြေးပေးဖို့ စီစဉ်ထားပါတယ်။ ဒီကိစ္စကို နံပါတ် ၁၂ နဲ့ ၃၄ တို့က တာဝန်ယူပြီး ဆောင်ရွက်ပေးပါလိမ့်မယ်။ ဒီစည်းဝေးပွဲကြီးပြီးတဲ့အချိန်မှာ ၁၂ နဲ့ ၃၄ က ကျုပ်ရုံးခန်းကိုလာပြီး လိုအပ်တဲ့ ညွှန်ကြားချက်များ ရယူစေလိုပါတယ်။ အခုတာဝန်ပေးလိုက်တဲ့ ရဲဘော်များဟာ ဒီကိစ္စကို လက်ခံဆောင်ရွက်လိုတယ် မလိုဘူးဆိုတာ ကျုပ် သိပါရစေ"

ဥက္ကဋ္ဌကြီးက ဆန္ဒတောင်းခံလိုက်သောအခါ ၁၂ နှင့် ၃၄ တို့က သဘောတူ လက်ခံကြောင်း လက်ကိုမြှောက်၍ ပြလိုက်ကြလေသည်။



ဥက္ကဋ္ဌကြီးက နာရီကိုကြည့်လိုက်ပြီး ဆက်၍ပြောပြန်၏။

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျာ...နောက်တစ်ချီ ကပွဲအတွက် မိမိတို့ရဲ့ တွဲဘက်အဖော်များကို ကျေးဇူးပြုပြီး ခေါ်ယူကြစေလိုပါတယ်"

ခဏတစ်ကြက်မှ ကကြိုးတီးလုံးက တစ်ဖန် ပြန်၍ထွက်ပေါ်လာသည်တွင် ရောဂျာက မိမိအနီးရှိ ဂါဝန်အနီ ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးဘက်သို့ လှည့်ကြည့်လိုက်လေသည်။ နီနီခင်က တွဲကရန် သဘောတူလက်ခံကြောင်း ဦးခေါင်းညိတ်၍ ပြလိုက်သဖြင့် ရောဂျာက မဒီကညာလေး၏ ရွှေလက်ကိုဆွဲကာ ကပွဲကြမ်းပြင်ပေါ်သို့ ခေါ်ဆောင်လာခဲ့လေသည်။

■

## [ ၄ ]

ရောဂျာနှင့် နီနီခင်တို့စုံတွဲသည် အခြားစုံတွဲများလိုပင် တငြိမ့်ငြိမ့် လှုပ်ရှား၍ တီးလုံးအလိုက် ကကြိုး ကကွက်မပျက်အောင် က,နေရသော်လည်း သူတို့အားလုံး၏ မျက်နှာအမူအရာမှာ တည်တည်ကြီး ဖြစ်ကာ ငြိမ်သက်နေကြသည်။

ထိုအခိုက်တွင် နီနီခင်၏ နှုတ်ခမ်းများက လှုပ်သည်ဆိုရုံမျှ လှုပ်ကာ တီးတိုးစကားပြောသံ ထွက်ပေါ်လာ၏။

"ဘာတွေများ ဖြစ်ကုန်ကြသလဲ မသိဘူးရှင်၊ ကျွန်မဖြင့် သိတ်ကြောက်တာပဲ၊ ရှင်တော့ မကြောက်ဖူးထင်တယ်၊ ကျွန်မစိတ်ထဲက တစ်စုံတစ်ခု ဆိုးဆိုးရွားရွား ဖြစ်တော့မှာပဲလို့ ထင်နေမိတယ်"

"ဟုတ်တယ်၊ ဥက္ကဋ္ဌကြီး လုပ်ပုံလုပ်နည်းက ကြောက်လန့်အံ့သြစရာပဲ၊ ဒါပေမယ့် ဒီလိုလုပ်မှလည်း အသင်းကြီးအတွက် စိတ်ချလုံခြုံမှုရှိမယ် မဟုတ်လား"

ရောဂျာက ခွန်းတုံ့ပြန်လိုက်၏။

"ဟိုလူတွေတော့ သနားစရာ..."



နီနီခင်၏ စကားမဆုံးမီ အသင်းသားတစ်ယောက်က ရောဂျာ၏ ပခုံးကို လာကိုင်ပြီး သတိပေးလိုက်၏။

"ဒီမှာ...မိတ်ဆွေ၊ ကျေးဇူးပြုပြီး စကားမပြောပါနဲ့"

ထိုသူ၏ မျက်လုံးများမှာ ထိတ်လန့်စရာကောင်းလောက်အောင် တောက်ပြောင်စူးရှလှသည်။ ထိုအသင်းသားသည် သူနှင့်တွဲကနေသော အမျိုးသမီးကလေးကို မွေ့ယမ်းကာ ဆွဲခေါ်သွားပြီး ကပွဲအလယ်သို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

နီနီခင်က ရွှေရင်အုံများ တဖျပ်ဖျပ်ခုန်ကာ ဘဝင်တုံ၍နေမိလေသည်။

ထိုအခိုက်တွင် ဓာတ်စက်မှ ကကြိုးသီချင်းသံ ရပ်တန့်သွားပြီး လက်ခုပ်တီးသံများ ဆူညံစွာထွက်ပေါ်လာသည်။ က,နေသူများက မိမိတို့အတွဲများကို ဖြုတ်ကာ စောရာဘုရင်၏ရှေ့မှောက်သို့ လာရောက်စုရုံးနေကြပြန်လေသည်။ စောစောက ကပွဲပရိသတ်မှာ ယခုအခါ စည်းဝေးပွဲတက်ရောက်သော ပရိသတ်များ ဖြစ်နေကြလေသည်။

"ဂုဏ်သရေရှိအမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျာ"

ဥက္ကဋ္ဌကြီး၏အသံက တည်ငြိမ်ခန့်ညားစွာ ထွက်ပေါ်လာ၏။

"ယခုကျင်းပနေတဲ့ သင်းလုံးကျွတ် အထူးစည်းဝေးပွဲကြီးကို ဘာကြောင့်ခေါ်ယူသလဲလို့ ခင်ဗျားတို့ အံ့သြတွေးတောနေမိမှာ အမှန်ပါပဲ။ စည်းဝေးပွဲခေါ်ယူကျင်းပရတဲ့ အကြောင်းကလည်း အင်မတန် အရေးကြီးကိစ္စကြောင့် ခေါ်ယူရခြင်းဖြစ်ပါတယ်။ ရဟတ်ယာဉ်ပုံစံ ရရှိရေးအတွက် အသင်းကြီးက ကြိုးပမ်းခဲ့ပေမယ့် အောင်မြင်မှုမရှိခဲ့ပါဘူး။ ဒီဆုံးရှုံးမှုဟာ မတော်တဆဖြစ်ရတဲ့ ကိစ္စတစ်ရပ် မဟုတ်ပါဘူး။ ဒီလိုဖြစ်ရတာဟာလည်း မတော်တဆ တိုက်ဆိုင်မှုမျိုး မဟုတ်

ပါဘူး။ ဒီလိုဖြစ်ရတာဟာ ကျုပ်တို့အထဲမှာ 'သစ္စာဖောက်' တစ်ယောက် ရှိနေတဲ့အတွက် ဖြစ်ပါတယ်"

ဥက္ကဋ္ဌကြီးက စကားကို ခဏရပ်ထားလိုက်၏။

စောစောက တစ်ဦးနှင့်တစ်ဦး တွဲဖက်၍ က,ခဲ့ကြသော စုံတွဲများသည် တစ်ယောက်ကိုတစ်ယောက် မယုံသင်္ကာသော မျက်လုံးအစုံဖြင့်ကြည့်ကာ လူချင်း ခပ်ခွာခွာနေလိုက်ကြ၏။ ပက်ကျိကို လက်ညှိုးဖြင့် ထိုးလိုက်လျှင် တွန့်ဆုတ်၍သွားသလို အသင်းသားတိုင်း တွန့်ဆုတ်ကြောက်ရွံ့၍သွားကြ၏။

"အသင်းသားတွေဟာ 'ပုလဲရတနာ၊ ရှစ်သွယ်မြှာ'တဲ့ လည်ဆွဲကိစ္စကြီးကို မေ့ပျောက်ကြဦးမယ် မထင်ပါဘူး..."

စောရာဘုရင်၏ အသံက မာကျောပြင်းထန်၍ ထွက်လာပြန်၏။

"ပုလဲစင်စစ်ကနေပြီး ပုလဲအတုဖြစ်သွားရတာဟာလည်း အမှတ်မထင် တိုက်ဆိုင်မှုမျိုး မဟုတ်ပါဘူး။ နောက်ပြီး စိတ်ကျေနပ်လောက်အောင် စွန့်စားရကျိုးမနပ်တဲ့ ကိစ္စအသေးအဖွဲကလေးတွေလည်း ပြန်ပြီးစဉ်းစားကြည့်ရင် အသင်းသားတွေ သိရှိလာလိမ့်မယ်။ ကျုပ်တို့ရဲ့လုပ်ငန်းမှာ ဒီလိုချွတ်ယွင်းပျက်ကွက်ရတဲ့ အကြောင်းရင်းဇာစ်မြစ်ကို ကျုပ်တို့ ယခု ခြေရာခံမိထားပါပြီ။ ဒါကြောင့် အသင်းသားတွေဟာ ပူပန်သောက ရောက်နေစရာမလိုပဲ စိတ်အေးလက်အေးနဲ့ နေနိုင်ပြီဆိုတာကို ကျုပ်က ဝမ်းမြောက်ဝမ်းသာ ကြေညာလိုပါတယ်။

ကျုပ်တို့အသင်းကြီးကို ဒုက္ခရောက်အောင် အနှောင့်အယှက်ပေးခဲ့တဲ့ ပဉ္စမ်သူလျှို တန်ပြန်တော်လှန်ရေးသမားကို တွေ့ထားပြီးဖြစ်လို့ ဒီသစ္စာဖောက်လောက်ကောင်ကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ဖယ်ရှားပစ်ဖို့ စီစဉ်ထားပြီးပါပြီ။ နောက်ထပ် ဒီလိုအမှားမျိုး ဘယ်တော့မှ မဖြစ်စေရ



ပါလို့ ကျုပ်က အသင်းသားတွေရှေ့မှောက်မှာ ကတိပြုဝံ့ပါတယ်။

ဒီပဉ္စမ်တပ်သား သစ္စာဖောက်လောက်ကောင်ကို ကျုပ်တို့အသင်းကြီးထဲ ဝင်ခွင့်ပြုတဲ့နေရာမှာ စစ်စစ်ဆေးဆေး စုံစုံစမ်းစမ်း သေသေချာချာမလုပ်ဘဲနဲ့ ပြီးစလွယ်လုပ်တဲ့ အသင်းသားကိုလည်း နောက်ဒီလို နမော်နမဲ့ မလုပ်နိုင်အောင် ထိုက်သင့်တဲ့အပြစ် ပေးရပါလိမ့်မယ်။ ကျုပ်က ဒီလိုပြောတဲ့အတွက် အသင်းသားတွေ ထိတ်လန့်တုန်လှုပ်နေဖို့ အကြောင်းမရှိပါဘူး"

အသင်းသားတိုင်း၏ မျက်စိအစုံတို့သည် ဥက္ကဋ္ဌကြီး မိန့်ကြားလိုက်သော ပဉ္စမ်တပ်သား၊ သစ္စာဖောက်လောက်ကောင်နှင့် ၎င်းအားအသင်းထဲသို့ ဝင်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့သူ အသင်းသားများအနက် သစ္စာဖောက်ပဉ္စမ်တပ်သား၏ မျက်နှာသည် မျက်နှာဖုံးနောက်ကွယ်တွင် ဖြူဖပ်ဖြူရော် ဖြစ်နေပေလိမ့်မည်။ သစ္စာဖောက်ကို အတွင်းသို့ သွင်းမိခဲ့သော အသင်းသား၏မျက်နှာတွင်လည်း ချွေးများ အဆိုပြန်၍နေပေလိမ့်မည်။ သို့ရာတွင် မျက်နှာဖုံးစွပ်ထားသော စောရမောင်မယ်များသည် မည်သူမျှ ဟန်မပျက်ဘဲ ဣန္ဒြေရရ ရှိနေကြလေသည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျား..."

ဥက္ကဋ္ဌကြီး၏အသံက မိုးခြိမ်းသံလို ဟိန်း၍ထွက်ပေါ်လာပြန်၏။

"နောက်တစ်ချီ က,ပွဲအတွက် ကျေးဇူးပြုပြီး မိမိတို့ရဲ့ တွဲဘက်များကို ရှာကြပါလို့ တိုက်တွန်းလိုပါတယ်"

ဥက္ကဋ္ဌကြီး၏ စကားအဆုံးတွင် "ကျွန်မကို ချစ်ရင် နမ်းပါလားရှင်..."ဟူသော ခေတ်ဟောင်းတေးတစ်ပုဒ်က ဓာတ်စက်မှ ထွက်ပေါ်လာလေသည်။

ညနေခင်းဝတ်စုံကို ဆင်မြန်းထားသော အရပ်မြင့်မြင့်နှင့် အသင်းသားတစ်ယောက်က နီနီခင်ကို တွဲက,ရန် ခေါ်သွား၏။ ထိုအခိုက်တွင် တစ်စုံတစ်ယောက်က ရောဂျာ၏ လက်မောင်းကို လာ၍ ဆုပ်ကိုင်လိုက်သဖြင့် စိတ်မလုံမလဲဖြစ်နေသော ရောဂျာမှာ လန့်ဖျပ်၍သွားမိ၏။

သတိပြု၍ ကြည့်လိုက်သောအခါ အစိမ်းရောင်ဆွယ်တာ ဆင်မြန်းထားသော ခပ်ဝဝ အမျိုးသမီးတစ်ယောက်က ၎င်း၏ အေးစက်နေသောလက်ဖြင့် မိမိအား တွဲက,ရန် ခေါ်နေခြင်းဖြစ်ကြောင်း တွေ့လိုက်ရသည်။ ရောဂျာက 'ခင်မြမြ'နောက်သို့ အလိုက်သင့်ပါသွားပြီး တွဲကနေသလို အခြားစုံတွဲများက က,ကြိုးအတိုင်းလိုက်၍ လှုပ်ရှားနေကြလေသည်။

အတန်ကြာလျှင် သြဘာလက်ခုပ်သံများ ထွက်ပေါ်လာပြီး ကပွဲကို ခေတ္တရပ်နားလိုက်ပြန်၏။ စာရေဂိုဏ်းသားများသည် မိမိတို့အတွဲများကို ဖြုတ်လိုက်ပြီး ဥက္ကဋ္ဌကြီးထံမှ ကြားရမည့် မိန့်ခွန်းကို မျှော်လင့်တကြီး နားစွင့်၍နေမိကြလေသည်။

"ဂုဏ်သရေရှိအမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျား..."

"ကျေးဇူးပြုပြီး ကပွဲကို စိတ်အေးလက်အေးနဲ့ ပါဝင်ဆင်နွှဲကြဖို့ မေတ္တာရပ်ခံပါတယ်။ ကျုပ်တို့ဟာ အခု စည်းဝေးပွဲကြီးတစ်ခု ကျင်းပနေတာ မဟုတ်ပါဘူး၊ ကပွဲကြီးတစ်ရပ် ကျင်းပနေခြင်းသာ ဖြစ်ပါတယ်"

ရောဂျာက သူ့တွဲဘက် ခင်မြမြကို ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေပြီး ရေခဲမုန့်တစ်ခွက် ယူပေးလိုက်၏။ သူမ၏ ရွှေရင်အုံမှာ တဖျပ်ဖျပ်ခုန်လျက်ရှိသည်ကို ရောဂျာက သတိပြုလိုက်မိလေသည်။



"ဂုဏ်သရေရှိ အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျာ... အသင်းသားတွေဟာ သစ္စာဖောက်ဘယ်သူဆိုတာ သိချင်တဲ့စိတ်ဇောနဲ့ ရင်တမမဖြစ်နေကြမယ်ဆိုတာ ကျုပ် နားလည်ပါတယ်။ နောက်ပြီး ဒီပဥ္စမံတပ်သားကို အသင်းထဲဆွဲသွင်းလာတဲ့ လက်သည်တရားခံဘယ်သူလဲဆိုတာကိုလည်း သိချင်နေကြမှာပါပဲ။ အခု ဒီတရားခံရဲ့ အမည်ကို ကြေညာပါ့မယ်"

ခန်းမဆောင်ကြီးတစ်ခုလုံး မီးကိုရေနှင့်ငြိမ်းလိုက်သလို တိတ်ဆိတ်၍နေသည်။ အသံဗလံဟူ၍ မည်သည့်အသံကိုမျှ မကြားရ၊ လှုပ်ရှားမှုဆို၍လည်း မည်သည့်အရာကိုမျှ မမြင်ရ၊ စာရေဂိုဏ်းသားများသည် တဒိတ်ဒိတ်ခုန်နေသော ဘဝင်ဖြင့် စာရေဘုရင်၏မိန့်ခွန်းကို နားစွင့်နေမိကြလေသည်။

"ကျုပ်တို့အသင်းကြီးကို မွေ့ပွေးခါးပိုက် ပိုက်မိအောင် လုပ်လိုက်တဲ့ တရားခံကတော့ နံပါတ် ၃၇ ပဲ ဖြစ်ပါတယ်"

ဥက္ကဋ္ဌကြီး၏ စကားအဆုံးတွင် အသင်းသားတစ်ယောက်က လည်မျိုကို အညှစ်ခံရသော အသံနက်ကြီးဖြင့် ကြောက်လန့်တကြား အော်ရင်း ထခုန်လိုက်၏။

"ငြိမ်ငြိမ်နေ"

ဥက္ကဋ္ဌကြီးက ပြင်းထန်စူးရှသောအသံဖြင့် တရားခံကို အမိန့်ပေးလိုက်၏။

ဘုမသိဘမသိဘဲ ခေါင်းတုံးပေါ် ထိပ်ကွက်ခြင်းခံလိုက်ရသော နံပါတ် ၃၇ မှာ သနားစဖွယ် လှုပ်ရှားရန်းကန်နေသည်။ သူ့လည်ချောင်းထဲမှ ဗလုံးဗထွေးစကားသံများ ထွက်ပေါ်လာ၏။

"ကျွန်တော့်မှာ အပြစ်မရှိပါဘူး၊ ကျွန်တော် သစ္စာဆိုရဲပါတယ်"

“မင်း ငြိမ်ငြိမ်နေစမ်းပါ၊ မင်းဟာ စကားပြောတဲ့နေရာမှာရော၊ အလုပ်လုပ်တဲ့နေရာမှာရော ပေါ့ပေါ့ဆဆ ပြောတတ်၊ လုပ်တတ်တဲ့ လူတစ်ယောက်ပဲ။ ဒီအတွက် မင်းကို ထိုက်သင့်တဲ့အပြစ်ဒဏ် ပေးရလိမ့်မယ်။ မင်းရဲ့ချွတ်ယွင်းပျက်ကွက်မှုကို ခုခံပြောဆိုချင်ရင် နောက်မှပဲ ကျုပ်နားထောင်နိုင်မယ်၊ အခု မင်း ထိုင်နေစမ်းပါ”

ဥက္ကဋ္ဌကြီး၏အမိန့်ကို မလွန်ဆန်ရဲသော နံပါတ် ၃၇ က ကုလားထိုင်တစ်လုံးပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။ ထို့နောက် လက်ကိုင်ပဝါကိုထုတ်ကာ မျက်နှာဖုံးစွပ်အောက်မှနေ၍ မျက်နှာမှချွေးများကို သုတ်နေလေသည်။ အရပ်မြင့်မြင့် ဗလကောင်းကောင်း လူနှစ်ယောက်က နံပါတ် ၃၇ အနီးသို့ တိုး၍ရပ်နေလိုက်ကြ၏။ ကျန်အသင်းသားများက ကာလနာဖြစ်နေသော လူမမာတစ်ယောက်အနီးမှ ရှောင်ကွင်း၍သွားသလို ခပ်ဝေးဝေးသို့ ဆုတ်ခွာပြီး နေရာယူလိုက်ကြလေသည်။

ထိုအခိုက်တွင် ဥက္ကဋ္ဌကြီး၏အသံက စည်တော်ကြီးကို တီးခတ်လိုက်သလို ခန်းမဆောင်တစ်ခုလုံး ဖုံးလွှမ်းသွားအောင် ဟိန်း၍ ထွက်ပေါ်လာပြန်သည်။

“ဂုဏ်သရေရှိအမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျာ...ကျုပ်တို့ စောရဂိုဏ်းကြီးကို ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် လုပ်ဆောင်တဲ့ သစ္စာဖောက်လောက်ကောင်ကို ယခု ကြေညာပါ့မယ်၊ နံပါတ် ၂၁ ရှေ့ထွက်ပြီး ရပ်လိုက်စမ်းပါ”

ရောဂျာက ဥက္ကဋ္ဌကြီး၏အမိန့်အတိုင်း ရှေ့သို့ထွက်လာပြီး ဥက္ကဋ္ဌကြီးနှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်၏။ လေးဆယ့်ရှစ်စုံသော မျက်စိတို့က ရောဂျာအား ရွံသော မုန်းသော ကြောက်သော အမူအရာမျိုးဖြင့် တစ်ပြိုင်နက် စူးစိုက်၍ ကြည့်လိုက်ကြ၏။ သူတို့၏မျက်လုံးများမှာ ဒေါသဖြင့် မီးဝင်းဝင်းတောက်နေသည်ဟုပင် ထင်မှတ်ရသည်။



အသင်းသားနှစ်ယောက်၏ ချုပ်ကိုင်ခြင်းခံနေရသော နံပါတ် ၃၇ ဖြစ်သူ ‘မစ္စတာဂျူ’က အသင်းဝင်နံပါတ် ၂၁ ဖြစ်သူ‘ရောဂျာ’ ကို မြင်တွေ့လိုက်ရသောအခါ မသက်မသာ ပင့်သက်ဖြာ၍ အခါခါ အလီလီ အော်မြည်တမ်းလိုက်ပြန်လေသည်။

“အို...အဖဘုရားသခင် ကယ်တော်မူပါ”

“မင်း ငြိမ်ငြိမ်နေပါဆိုတာ ပြောလို့မရဘူးလား”

ဥက္ကဋ္ဌကြီး၏အသံက ခြိမ်းခြောက်သံပါ၍လာ၏။

“နံပါတ် ၂၁ မင်းရဲ့မျက်နှာဖုံးကို ချွတ်လိုက်စမ်းပါ”

ကေသရာဇာခြင်္သေ့မင်း၏ အမိန့်သံကို မလွန်ဆန်ရဲသော ယုန်သူငယ်၏ အမူအရာမျိုးဖြင့် ရောဂျာက ၎င်း၏ သက္ကလပ်မျက်နှာဖုံးကို ဆွဲချွတ်လိုက်၏။

ရောဂျာ၏ ပကတိမျက်နှာကို မြင်လိုက်ရသော အသင်းသားများသည် အထူးအဆန်း သတ္တဝါတစ်ကောင်ကို မြင်ရသလို ဝိုင်းအုံစူးစိုက်၍ ကြည့်နေလိုက်ကြလေသည်။

ထိုအခိုက်တွင် ဥက္ကဋ္ဌကြီး၏ ပြတ်သားတည်ငြိမ်သော အသံကို ကြားရပြန်၏။

“နံပါတ် ၃၇ မင်းဟာ ဂျိုးဇက်ရောဂျာလို့ အမည်ခံထားတဲ့ ဒီလူကို အသင်းဝင်တစ်ယောက်ဖြစ်လာအောင် ပေးခဲ့တာပဲမဟုတ်လား၊ ဒီလူဟာ ဒန်ဗာမြို့စားအိမ်မှာ အစေခံလုပ်နေရာက ခိုးမှုတစ်ခုကို ကျူးလွန်တာနဲ့ အလုပ်ထုတ်ခံရတယ်လို့ သိထားရတယ်။ သူပြောတဲ့ စကား မှန်,မမှန် မင်း သေသေချာချာ စုံစမ်းခဲ့သလား”

"ကျွန်တော် စေ့စေ့စပ်စပ်ကို ထောက်လှမ်းမေးမြန်းခဲ့ပါတယ် ဥက္ကဋ္ဌကြီး၊ အခြားအစေခံနှစ်ယောက်ကိုလည်း ဒီလူ ဟုတ်,မဟုတ် မှန်,မမှန် ပြကြည့်ခဲ့ပါသေးတယ်။ ကျွန်တော့်ရဲ့ ထောက်လှမ်းချက်တွေမှာ၊ လူပုံပန်းသဏ္ဍာန်ရော အားလုံး မှန်ကန်ကြောင်း တွေ့ရပါတယ် ဥက္ကဋ္ဌကြီး"

နံပါတ်(၁)က နံပါတ်(၃၇)၏ လျှောက်လဲချေပချက်ကို ကြားနာရင်း စားပွဲပေါ်ရှိ စာရွက်တစ်ရွက်ကို ဖတ်ကြည့်လိုက်၏။ ထို့နောက် နာရီကို အကဲခတ်လိုက်ပြီး..."

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျာ၊ ကျေးဇူးပြုပြီး မိမိတို့တွဲဘက်များကို"ဟု ကပွဲပြန်စရန် အချက်ပေးလိုက်လေသည်။

■

[ ၅ ]

လက်နှစ်ဖက်ကို နောက်ပြန် လက်ထိပ်ခတ်ခံရသော ရောဂျာက ယခုတစ်ကြိမ်တွင် ကပွဲ၌ ပါဝင်ဆင်နွှဲခြင်း မပြုနိုင်တော့ဘဲ မလှုပ်မယှက် ငြိမ်သက်၍ ရပ်နေရ၏။

စောရဂိုဏ်းကြီး၏ အသင်းသူအသင်းသားများသည် ဒွိယံ ဒွိယံ တူစုံနွဲ၍ ကပွဲဆင်ရင်း သစ္စာဖောက်မှုဖြင့် အပြစ်ပေးခံရတော့မည့် ရောဂျာအား ဝိုင်းကြီးပတ်ပတ်ဝိုင်းကာ ကခုန်လျက်ရှိကြသည်။

ကကြိုးတစ်ပုဒ် ပြီးဆုံးသွားသည်တွင် စောရမောင်မယ်များက အားပါးတရ တီးလိုက်သော လက်ခုပ်သံမှာ ဘဝင်ကိုလျှံ၍ တက်သွားသည်ဟု ထင်လိုက်ရ၏။

ပြင်သစ်ပြည် တော်လှန်ရေးကြီး ဆင်နွှဲစဉ်က တန်ပြန်တော်လှန်ရေးသမား သစ္စာဖောက်များကို ခေါင်းဖြတ်စက်ကြီးတွင် တင်၍ သုတ်သင်လိုက်သောအခါ ဦးခေါင်းတစ်လုံး ပြတ်ကျလာတိုင်း လှူသတ်စင်အောက်၌ ဝိုင်းဖွဲ့ထိုင်ကြည့်နေကြသော ယောကျ်ား မိန်းမ ပရိသတ်များက လက်ခုပ်သြဘာပေးခဲ့ကြ၏။

ယခုလည်း စောရဂိုဏ်းကြီးအပေါ်တွင် သစ္စာမစောင့်သည့် သကောင့်သားအား အမှုစီရင်မည့်ဆဲဆဲတွင် ရွှေပွဲလာပရိသတ်များက လက်ခုပ်တီး၍ ကောင်းချီးထောမနာ ပြုနေကြသည် မဟုတ်ပါလား။

ဘဝဂ်လျှံသည့် သြဘာလက်ခုပ်သံများ ငြိမ်သက်သွားလျှင် ဥက္ကဋ္ဌကြီး၏ တည်ကြည်လေးနက်သောအသံက ထွက်ပေါ်လာ၏။

“နံပါတ် ၂၁၊ မင်းနာမည်က ဂျိုဇက်ရောဂျာ၊ မင်းအလုပ်က အစေခံ၊ ခိုးမှုကျူးလွန်တဲ့အတွက် အလုပ်ကထွက်ခဲ့ရတယ်လို့ မင်းက ပြောထားခဲ့တယ်။ ဒီနာမည်ဟာ မင်းရဲ့အမည်အစစ်အမှန် ဟုတ်သလား”

“မဟုတ်ပါဘူး”

“ဒါဖြင့် မင်းနာမည် ဘာလဲ”

“ကွယ်လွန်သူ ပီတာဘာရက်ဒွန်စင်(မ်)စ်ပါ”

“ကျုပ်တို့က မင်းတကယ်သေပြီလို့ ထင်နေခဲ့တယ်”

“ကျွန်တော်ကလည်း ခင်ဗျားတို့ ဒီလိုထင်အောင် လုပ်ခဲ့တာပါပဲ”

“ဒါဖြင့် ဂျိုဇက်ရောဂျာအစစ်က ဘယ်လိုဖြစ်သွားတာလဲ”

“ဒီလူဟာ နိုင်ငံခြားမှာ ကွယ်လွန်သွားတဲ့အတွက် ကျွန်တော်က ရောဂျာအယောင်ဆောင်ပြီး သူ့နေရာမှာ အစားဝင်ခဲ့ပါတယ်။ ကျွန်တော်က ဒီလိုပိပိရိရိ ပုံဖျက်ခဲ့တဲ့အတွက် ကျွန်တော် ဘယ်သူ ဘယ်ဝါဆိုတာ အစစ်အမှန်မသိတဲ့ အသင်းသား နံပါတ် ၃၇ ကို အပြစ်တင်စရာ လိုအပ်မယ်မထင်ပါဘူး၊ ကျွန်တော်ဟာ ရောဂျာရဲ့ နေရာကိုသာ ယူထားတာမဟုတ်ပါဘူး၊ ရောဂျာလိုဖြစ်အောင် နေထိုင်ခဲ့ပါတယ်”



ကျွန်တော်တစ်ယောက်တည်းရှိနေတဲ့ အချိန်မှာတောင် ကျွန်တော်ဟာ ရောဂျာလို လမ်းလျှောက်တယ်၊ ရောဂျာလိုထိုင်တယ်၊ နောက်ပြီး ရောဂျာရဲ့အဝတ်အစားတွေဝတ်ပြီး ရောဂျာရဲ့စာအုပ်တွေကို ဖတ်ပါတယ်။ နောက်ဆုံးပြောရမယ်ဆိုရင် ကျွန်တော်ဟာ ရောဂျာစဉ်းစားသလိုတောင်မှ လိုက်ပြီး စဉ်းစားခဲ့ပါတယ်၊ ပုံမှားရိုက်တဲ့နေရာမှာ အသေးစိတ် အချက်အလက်ကလေးတွေက စပြီး တူနိုင်သမျှ တူအောင် ကြိုးစားလေ အောင်မြင်လေပဲမဟုတ်လား”

အစေခံဂျိုဇက်ရောဂျာ၏ အမည်ကိုခံယူ၍ စောရဂိုဏ်းထဲသို့ ဝင်ရောက်ခဲ့သော မြို့စားကြီး ပီတာဝင်(မ်)စီက စောရတို့၏ထိပ်ခေါင် မိုးမှောင်တို့၏ အဓိပတိဖြစ်သူ ဥက္ကဋ္ဌကြီးအား မည်သို့မည်ပုံ ဉာဏ်ရွှက်ကုန်ဖွင့်၍ ဓာတ်လမ်းဆင်ခဲ့သည်ကို ရှင်းလင်းပြောပြနေလေသည်။

“ဒါဖြင့် မင်းနေတဲ့အခန်းမှာ လုယက်မှုဖြစ်အောင် အကွက်ဆင်ခဲ့တာလည်း မင်းစီစဉ်တာပဲမဟုတ်လား”

“ဟုတ်ပါတယ်”

“မင်းရဲ့မိခင် မြို့စားကတော်ကြီးအိမ်ကို ဖောက်တွင်းမှုဖြစ်အောင် လုပ်ခဲ့တာလည်း မင်းဉာဏ်တွေပဲ မဟုတ်လား”

“အစစ်ပါပဲ၊ ကျွန်တော့်မိခင်ရဲ့ သရဖူဟာ အမှန်တကယ်နားလည်တဲ့လူတွေအဖို့ဆိုရင် အင်မတန် အကျည်းတန်တဲ့ သရဖူဖြစ်ပါတယ်။ ဒါကြောင့် ဒီပစ္စည်းပျောက်ဆုံးသွားတာဟာ ကျွန်တော့်မိခင်အတွက် ဘာမှ နှမြောစရာမရှိပါဘူး။ ဒါထက် စကားမစပ် ကျွန်တော် ဆေးလိပ်သောက်နိုင်ပါသလားခင်ဗျာ...”

“မင်းကို ခွင့်မပြုနိုင်ဘူး”

ဥက္ကဋ္ဌကြီး၏အသံက မာကျောပြင်းထန်လှပေသည်။

မြို့တော်တစ်ခိုတွင် ဗိုလ်ကျနေခဲ့သော မြို့တော်တစ်ဝိုက်တွင် လူမိုက်လုပ်နေခဲ့တာ၊ မြို့တော်တစ်ခွင်တွင် စောရဘုရင်လုပ်နေခဲ့သော ဥက္ကဋ္ဌကြီး၏ မျက်ခုံးမွေးပေါ်၌ ပီတာဝင်(မ်)စီက စကြံလျှောက်နေခဲ့သည် မဟုတ်ပါလား။

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းခင်ဗျာ..."

ဥက္ကဋ္ဌကြီးက သစ္စာဖောက် စစ်ဆေးစုံစမ်းမှု တရားခွင်ကို ခေတ္တရပ်နားပြီးနောက် ကပွဲစတင်ရန် အချက်ပေးလိုက်ပြန်လေသည်။

စောရမောင်မယ်များသည် ဥက္ကဋ္ဌကြီး၏ အမိန့်ကို မလွန်ဆန်ရဲသည့်အတွက် ကြိုးဆွဲရာ က,နေသော ရုပ်သေးများကဲ့သို့ လှုပ်ရှား၍ နေကြရ၏။

စောရဂိုဏ်းသားတို့၏ လက်ထဲတွင် အကျဉ်းသားအဖြစ် ရောက်ရှိနေရသော 'ပီတာ'ကမူ ကပွဲကို အကဲဖြတ်မည့် ဒိုင်လူကြီးကဲ့သို့ အေးအေးဆေးဆေး ကြည့်နေလေသည်။

ကကြိုးအတွက် ပြီးဆုံးသွားသည်တွင် ဥက္ကဋ္ဌကြီးက တရားခွင်ကို ပြန်၍ အစပျိုးလိုက်၏။

"နံပါတ် ၁၅-၂၂ နဲ့ ၄၉ မင်းတို့ဟာ ဒီအကျဉ်းသားကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေခဲ့တယ်။ သူဟာ အခြားသူတစ်စုံတစ်ယောက်နဲ့ အဆက်အသွယ်လုပ်ဖို့ ကြိုးစားတာ မရှိဘူးလား"

"မရှိပါဘူး ခင်ဗျာ"

နံပါတ် ၂၁ က အလျင်ဦးအောင် အဖြေပေးလိုက်၏။

"သူ့စာတွေ ပါဆယ်ထုပ်တွေမှန်သမျှ ကျွန်တော်တို့အားလုံး ဖွင့်ပြီးရှာပါတယ်။ သူ့အိမ်က တယ်လီဖုန်းလိုင်းကြိုးကိုလည်း ခိုးသွယ်



ပြီး နားထောင်ပါတယ်။ သူသွားလေရာအရပ်ကိုလည်း ကျွန်တော်တို့ မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်ပါတယ်။ သူ့အိမ်က ရေပိုက်လုံးတွေကိုတောင်မှ အထဲမှာ ကြေးနန်းကြိုးတွေ ရှိသလားဆိုပြီး ကျွန်တော်တို့ စစ်ဆေးကြည့်ရှုကြပါတယ်။ သူနဲ့ဆက်သွယ်တဲ့လူရယ်လို့ တစ်ယောက်မှ မတွေ့ရပါဘူးခင်ဗျာ"

"မင်းပြောတဲ့စကားအတိုင်း အဟုတ်ပဲဆိုတာ သေချာရဲ့လား"

"သေချာပါတယ်"

"ဒီစွန့်စားခန်းမှာ မင်းတစ်ယောက်တည်းပဲ ပါဝင်သလားဆိုတာ ကျုပ် သိချင်တယ်"

ဥက္ကဋ္ဌကြီးက စောရအကျဉ်းသားဖြစ်သူ ပီတာအား မေးလိုက်၏။

"မင်း အမှန်အတိုင်းပြောပါ။ မှန်တဲ့အတိုင်းမပြောရင်တော့ မင်းမျှော်လင့်တာထက် ပိုပြီး အခြေအနေဆိုးသွားလိမ့်မယ်ဆိုတာ သတိထားပါ"

"ဒီကိစ္စမှာ ကျွန်တော်တစ်ယောက်တည်းပဲ ပါဝင်ပါတယ်။ မလိုလားအပ်တဲ့ စွန့်စားမှုမျိုးကို အခြားဘယ်သူ့မှ မပါဝင်စေခဲ့ပါဘူး"

"မင်းပြောသလို ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဟို စကော့တလန်ယဒ်က 'ပတ်ကား'ဆိုတဲ့ စုံထောက်ကိုတော့ အစဖျောက်ဖို့ လိုပေလိမ့်မယ်ထင်တယ်။

နောက်ပြီး ဒီအကျဉ်းသားရဲ့ ယောက်ျားအစေခံ 'မာဗင်ဘန်တာ' နဲ့ ဖြစ်နိုင်ရင် ဒီလူရဲ့ အမေနဲ့ နှမကိုလည်း စကားမပြောနိုင်အောင် လုပ်ပစ်ဖို့ လိုပေလိမ့်မယ်။ သူ့ကိုအစ်ကို ဒန်မာမြို့စားကတော့ လူအ,လူနုံ,လူပေါကြီးဖြစ်လို့ ဒီလိုကိစ္စမျိုးမှာ ပါဝင်လိမ့်မယ် မထင်

ဘူး။

ဒီအကျဉ်းသားရဲ့ သစ္စာဖောက်မှုကြီးမှာ ကျုပ်တို့က ကြိုတင်ပြီး လိုအပ်တဲ့စီစဉ်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပေလိမ့်မယ်"

စောရတို့၏ ထိပ်ခေါင်၊ မိုးမှောင်တို့၏ အဓိပတိဖြစ်သော ဥက္ကဋ္ဌကြီးက ယင်းသို့ အမိန့်ချမှတ်လိုက်သောအခါ ပီတာအဖို့ ပထမဆုံး စိတ်လှုပ်ရှားမှုကို ခံစားလိုက်ရလေသည်။

"ကျွန်တော့်မိခင်နှင့် နှမတို့ဟာ ကျွန်တော့်ရဲ့စွန့်စားမှုမှာ မပါဝင်ခဲ့ကြောင်း ကျွန်တော် အတိအလင်း ကတိပြုရဲပါတယ်။ သူတို့သာ ပါဝင်ခဲ့ရင် ဒီအသင်းကြီးရဲ့ ဘေးအန္တရာယ်ဟာလည်း ဒီထက်မက ပိုပြီး များလာပါလိမ့်မယ်"

"မင်းဟာ သူတို့ရဲ့လုံခြုံရေးကိုပါ စောစောက ထည့်ပြီးတွက်ခဲ့ဖို့ ကောင်းတယ်"

ဥက္ကဋ္ဌကြီးက ပီတာအား ပြန်လှန်ချေပလိုက်ရင်း ၎င်း၏ ဂိုဏ်းသားများအား ကပွဲတစ်ချီစရန် အချက်ပေးလိုက်ပြန်လေသည်။

"ဂုဏ်သရေရှိအမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျား...ကျေးဇူးပြု၍..."

ဤတစ်ကြိမ်တွင် ဥက္ကဋ္ဌကြီး၏ အမိန့်သံကို မနာခံကြတော့ဘဲ အသင်းသားများက တော်လှန်ကြလေတော့သည်။

"မဟုတ်သေးပါဘူး ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့ရဲ့ အသွေးတွေ အသားတွေဟာ စက်နဲ့လုပ်ထားတာ မဟုတ်ပါဘူး...

နောက်ထပ် စိတ်ညှဉ်းပန်းတာကို မခံနိုင်တော့ဘူး၊ ဒီအကျဉ်းသားအမှုကို ပြီးအောင်စစ်ပါ။ သူ့ကို ကိစ္စတုံးအောင်လုပ်လိုက်စမ်းပါ။ နောက်ပြီး အစည်းအဝေးကို ရပ်ဆိုင်းပြီး လူစုခွဲဖို့ အချိန်တန်ပါပြီ။



ဒီလိုသာ ဆက်လုပ်နေမယ်ဆိုရင် ကျွန်တော်တို့အတွက် အန္တရာယ်များလှပါတယ်၊ ပုလိပ်တွေ..."

"တိတ်စမ်း..."

ဥက္ကဋ္ဌကြီးက သားကောင်ရှေ့တွင် မာန်ဖီနေသော ကျားတစ်ကောင့်လို ဟိန်းဟောက်လိုက်၏။ ထို့နောက် ကြောက်စရာကောင်းသော မျက်လုံးများဖြင့် ပရိသတ်ကို လှည့်ပတ်၍ ကြည့်လိုက်သည်။

သို့ရာတွင် နောက်ဆုံး၌ ဥက္ကဋ္ဌကြီးက 'သံဃာ့အား ဘုရားမဆန်သာ' ဟူသောသဘောဖြင့် အသင်းသားများ၏ အလိုကို လိုက်လျောလိုက်လေသည်။

"ကဲ...ဒီလိုဆိုရင် ကောင်းပါပြီ၊ ဒီအကျဉ်းသားကို ခေါ်သွားပြီး နှုတ်ပိတ်လိုက်ပေတော့။ နံပါတ် ၄ က ဒီလူကို စီရင်ပါစေ။ သူ့ကို အပြစ်ဒဏ်မပေးခင် အကျိုးအကြောင်းစုံကိုလည်း ပထမဆုံး မေးထားလိုက်ပါဦး"

စောရဘုရင်၏ နောက်ဆုံးအမိန့်ကို နာခံရသော အသင်းသားများက ဝံပုလွေ၏ ကျေနပ်ခြင်းမျိုးဖြင့် သိုးငယ်ပီတာအား ဝိုင်း၍ ကြည့်လိုက်ကြ၏။ ထိုအခိုက်တွင် သန်မာသောလက်နှစ်ဖက်က အကျဉ်းသား၏ လက်မောင်းများကို ချုပ်ကိုင်လိုက်လေသည်။

"တစ်ဆိတ်လောက် ကျွန်တော်ပြောပါရစေ၊ ဘုရားသခင်ရဲ့ မျက်နှာတော်ကိုထောက်ထားပြီး ကျွန်တော့်ကို သေရိုးသေစဉ်အတိုင်း သတ်ပါလို့ ပြောချင်ပါတယ်"

အသတ်ခံရတော့မည့်ဆဲဆဲ အကျဉ်းသားက သိုးငယ်၏ တောင်းပန်ခြင်းမျိုးဖြင့် ဝံပုလွေအား မေတ္တာရပ်ခံလိုက်၏။

"မင်း ဒီလိုဖြစ်မယ်ဆိုတာ စောစောက စဉ်းစားမိဖို့သင့်တယ်"

ဝံပုလွေက သိုးငယ်၏အကြောင်းပြချက်ကို လက်ခံခြင်းမပြုတော့ပေ။

"ဒီအကျဉ်းသားကို ခေါ်သွားစမ်းပါ၊ ဒီလူကို မြန်မြန်မသေစေရပါဘူး၊ တဖြည်းဖြည်းနှိပ်စက်ညှဉ်းပန်းပြီးမှ ဇီဝိန်ကိုခြွေမယ်ဆိုတာ အသင်းသူ အသင်းသားတွေ နားလည်ထားစေချင်တယ်"

"နေပါဦး...ခဏလောက်ဆိုင်းပါဦး"

ပီတာက သွေးရူးသွေးတန်းဖြင့် အော်လိုက်၏။

"ကျွန်တော်ပြောစရာတစ်ခုရှိလို့ပါ၊ ကျွန်တော့်အသက်ကို ချမ်းသာပေးဖို့ ပြောနေတာမဟုတ်ပါဘူး၊ ကျွန်တော့်ကို မြန်မြန်သေတဲ့နည်းနဲ့သတ်ပါလို့ တောင်းပန်နေတာပါ၊ ဒီမှာ ဥက္ကဋ္ဌကြီးခင်ဗျာ... ကျွန်တော့်မှာ ရောင်းစရာတစ်ခု ရှိနေပါသေးတယ်"

စောရအကျဉ်းသား ပီတာက အသတ်ခံရမည့်ဆဲဆဲတွင် အရောင်းအဝယ်စကား ပြောနေပြန်၏။

"မင်းမှာ ရောင်းစရာတစ်ခုရှိတယ်...ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ..."

"ကျုပ်တို့က သစ္စာဖောက်တွေနဲ့ အရောင်းအဝယ်လုပ်ပြီး အမြတ်မထုတ်ဘူးဆိုကာ နားလည်ထားစမ်းပါ"

မှောင်ခိုသမားလို အရောင်းအဝယ်လုပ်၍ အမြတ်မထုတ်သော်လည်း ခိုးဆိုးတိုက်ခိုက် လုယက်၍ ခေါင်းပုံဖြတ်နေသော စောရဘုရင်က ဘုရားဒကာ ကြောင်သူတော်ကြီး၏ လေသံမျိုးဖြင့် ဟိန်းဟောက်လိုက်၏။

"မဟုတ်သေးပါဘူး၊ ကျွန်တော်ပြောတာ နားထောင်စမ်းပါဦး၊ ကျွန်တော်ဟာ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ အစကပဲ တွေးမိခဲ့ပါတယ်၊



ကျွန်တော် ဒီလောက် မရူးသေးပါဘူး၊ ကျွန်တော် စာတစ်စောင်ထားခဲ့ပါတယ်"

"အဲ...ခုမှပဲ ပြောဖော်ရတော့တယ်၊ ဘယ်သူ့ကိုပေးဖို့စာလဲ ပြောပါ"

"ပုလိပ်ကိုပေးဖို့စာပါ၊ ကျွန်တော် မနက်ဖြန် ပြန်မလာခဲ့ရင်..."

"ကဲ...ဘာဖြစ်မလဲ ဆက်ပြောပါ"

"စာကို သူတို့ ဖွင့်ဖတ်ကြလိမ့်မယ်"

"ဒီလူ ဖြီးနေတာပါ ဥက္ကဋ္ဌကြီး၊ ဒီအကျဉ်းသားဟာ ဘယ်သူ့ဆီကိုမှ စာတစ်စောင်မပို့ခဲ့ဖူးပါဘူး၊ သူ့ကို လပေါင်းအတော်ကြာကြာ ကျွန်တော်တို့ တင်းတင်းကျပ်ကျပ် စောင့်ကြည့်နေခဲ့ပါတယ်"

အသင်းသား နံပါတ် ၁၅ က ကြားဝင်၍ ဥက္ကဋ္ဌကြီးအား ရှင်းပြလိုက်၏။

"ကျွန်တော်ပြောတာ နားထောင်စမ်းပါဦး၊ ဒီစာကို ကျွန်တော် ရောဂျာရဲ့အိမ်ကို မလာခင်က ရေးထားခဲ့တာပါ"

အသတ်ခံရတော့မည့်ဆဲဆဲဖြစ်နေသော အကျဉ်းသားက ဥက္ကဋ္ဌကြီးနှင့် အချီအချစကားနိုင်လုနေပြန်၏။

"ဒီလောက်ကြာနေတဲ့စာဆိုရင် ဘာတန်ဖိုးရှိတော့မှာလဲ"

ဥက္ကဋ္ဌကြီးက မှတ်ချက်ချလိုက်သည်ကို...

"အို...ဒါပေမယ့် ဒီစာက တန်ဖိုးရှိပါတယ်"

ပီတာက ဈေးကိုင်လိုက်ပြန်၏။

"ဘာကြောင့် တန်ဖိုးရှိရမှာလဲ"

"ကျွန်တော့် မီးအာမခံသံမဏိသေတ္တာကို ဖွင့်ရမယ့် အက္ခရာစကားဝှက် ရေးထားခဲ့လို့ပါ"

"သူပြောတာတွေ အမှန်ပဲလား၊ သူ့သံမဏိသေတ္တာကို မင်းတို့ ရှာပြီးကြပလား"

ဥက္ကဋ္ဌကြီးက သူ့လူများဘက်သို့လှည့်၍ မေးလိုက်၏။

"ဟုတ်ကဲ့ ကျွန်တော်တို့ ရှာပြီးပါပြီ၊ အရေးကြီးတဲ့ သတင်းအစအန ဘာမှမတွေ့ရပါဘူး၊ ဒီစောရဂိုဏ်းကြီးရဲ့ အကြောင်းအရာအတိုချုပ်နဲ့ ဒီအိမ်နာမည်လောက်ပဲ ရှိပါတယ်။ ဒီမှတ်တမ်းတွေကို မိုးမလင်းခင် ကျွန်တော်တို့ ဖျောက်ဖျက်ပစ်နိုင်ပါတယ်"

ပီတာဝင်(မ်)စီက ပြုံးလိုက်ပြီး မေးခွန်းတစ်ခု မေးလိုက်၏။

"မင်းတို့ သံမဏိသေတ္တာ အတွင်းဘက်ခန်းကိုကော ရှာကြည့်သေးသလား"

စောရဘုရင်၏ လက်စွဲတော်များထံမှ ဘာသံမျှ မကြားရဘဲ ငြိမ်သက်၍နေကြ၏။

"မင်းတို့ သူပြောတာ ကြားတယ်မဟုတ်လား၊ သေတ္တာအတွင်းခန်းကို မင်းတို့ တွေ့ခဲ့ကြသလား"

ဥက္ကဋ္ဌကြီး၏လေသံက စူးရှ၍ ဒေါသက ပြင်းထန်လှ၏။

"သေတ္တာမှာ အတွင်းခန်းမရှိပါဘူး၊ ဥက္ကဋ္ဌကြီးကို တစ်ပတ်ရိုက်ချင်လို့ ပြောနေတာပါ"

စောရဘုရင်၏ ငယ်ကျွန်များက အလျှောက်ကောင်းတော့ အထောင်းသက်သာပါစေဟူသော သဘောဖြင့် သံတော်ဦးတင်လိုက်ကြ၏။

"ကျွန်တော်က ခင်ဗျားတို့နဲ့ အငြင်းအခုန် လုပ်ရတော့မှာပဲ၊ ခင်ဗျားတို့ မျက်စိရှုန်းပြီး ဒီအတွင်းခန်းကို မတွေ့ခဲ့ဘူးနဲ့တူပါတယ်"

ပီတာက ၎င်း၏ပင်ကိုအသံဖြင့် ခပ်အေးအေးပြောလိုက်၏။



"ကဲ...ထားပါတော့၊ မင်းပြောသလို ဒီသေတ္တာမှာ အတွင်းခန်းတစ်ခု ရှိခဲ့ရင် အထဲမှာ ဘာတွေရှိသလဲဆိုတာ ပြောပြစမ်းပါ"

ဥက္ကဋ္ဌကြီးက ကြားဝင်၍ မေးလိုက်၏။

"ဒီသေတ္တာ အတွင်းခန်းမှာ အသင်းသားတစ်ယောက်စီရဲ့ နာမည်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံနဲ့ လက်ဗွေပုံစံတွေ အပြည့်အစုံ ရှိပါတယ်"

ပီတာဝင်(မ်)စီက ဥက္ကဋ္ဌကြီး၏ မျက်နှာကို စေ့စေ့ကြည့်ရင်း တည်ငြိမ်သောလေသံဖြင့် ပြောချလိုက်၏။

တောသုံးတောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်းအား ဖားသူငယ်က အံတုရန် အကွက်ဆိုက်၍လာခဲ့ပြီ မဟုတ်ပါလား။

ပီတာ၏စကားကို ကြားလိုက်ရသော စောရဂိုဏ်းသားတို့သည် ပထမတွင် ၎င်းတို့၏နားကိုပင် မယုံကြည်နိုင်အောင် ရှိကြသည်။ သို့ရာတွင် အခြေအနေကို ရိပ်စားမိလာသောအခါ ကြောက်ရွံ့စိုးရိမ်၍ လာခဲ့ကြလေသည်။

ဥက္ကဋ္ဌကြီးကမူ ပီတာ၏စကားကို သံသယဖြစ်နေဆဲပင် ရှိသေး၏။ ထို့ကြောင့် သေချာသည်ထက်သေချာအောင် ထပ်၍ မေးခွန်းထုတ်လိုက်ပြန်၏။

"မင်း ဒီလောက်ပြည့်စုံတဲ့ သတင်းတွေရအောင် ဘယ်လိုများ ကြံစည်ကြိုးစားခဲ့လို့လဲ"

"ကျွန်တော်လား...ကျွန်တော့်ဘာသာ ကျွန်တော် စုံထောက်လုပ်ငန်းကို လုပ်ကြည့်နေခဲ့တာပါ"

"ဒါဖြင့် မင်းက 'စောရစုံထောက်'ဆိုပါတော့၊ မင်းကို ကျုပ်တို့အဖွဲ့ကလူတွေ အမြဲစောင့်ကြည့်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကို စောင့်ကြည့်နေတဲ့

အသင်းသားတွေရဲ့ လက်ဖွဲ့ပုံစံတွေဟာ ကျွန်တော့်မှတ်တမ်းက ပထမ စာမျက်နှာမှာ ရှိနေပါတယ်"

"မင်းပြောတဲ့စကားကို မင်း သက်သေပြနိုင်ပါ့မလား"

ဥက္ကဋ္ဌကြီးက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် မေးလိုက်ရ၏။

"ကျွန်တော် သက်သေပြနိုင်ပါတယ်၊ ဥပမာအားဖြင့် နံပါတ် ၅၀ ရဲ့ နာမည်ဟာ..."

"မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်းပါ"

ပီတာ၏စကားမဆုံးမီ ဥက္ကဋ္ဌကြီးက ထားလိုက်ရ၏။ အသင်းသားများထဲမှ မိမိတို့ဇာစ်မြစ်ကို သိထားသော ပီတာအား အခဲမကြေဘဲ ကလဲ့စားချေမည့် ကြိမ်းမောင်းသံများ ဆူညံ၍လာလေသည်။

ဥက္ကဋ္ဌကြီးက လက်ရိပ်လက်ခြည်ပြ၍ အသင်းသားများအား ငြိမ်သက်စွာနေရန် အမိန့်ပေးလိုက်ရ၏။

"မင်းကသာ ဒီနေရာမှာ နာမည်တွေ ထုတ်ဖော်ပြောလိုက်မယ်ဆိုရင် မင်းကို ဘယ်သူမှ သနားညှာတာနေကြတော့မှာ မဟုတ်ဘူး၊ ကျုပ်တို့အသင်းသားတွေရဲ့နာမည်ကို ထုတ်ဖော်ပြောတဲ့လူတွေအတွက် စီရင်ဖို့ဆိုပြီး ပဋ္ဌလက်ဒဏ်ခတ်နည်းကို အထူးပြုလုပ်ထားတယ်၊ ဒီ အကျဉ်းသားကို ကျုပ်ရုံးခန်းထဲခေါ်ခဲ့ပြီး အသင်းသား အသင်းသူတွေက ကပွဲကို ဆက်ပြီး က,နေကြပါ"

ဥက္ကဋ္ဌကြီးက အမိန့်ထုတ်ဆင့်ခဲ့ပြီး ခန်းမဆောင်အတွင်း ထွက်ခွာသွားလေသည်။

■

[ ၆ ]

စောရဂိုဏ်းသားတို့၏ ထိပ်ခေါင်၊ မိုးမှောင်တကာတို့၏ အကြီးအမှူးဖြစ်သော ဥက္ကဋ္ဌကြီးက အော်တိုမက်တစ် ပစ်စတိုသေနတ်ကို ဆွဲထုတ်လိုက်ပြီး ရုံးခန်းစားပွဲရှိ ကုလားထိုင်ပေါ်တွင် နေရာယူလိုက်၏။

ကျပ်တည်းစွာတုပ်နှောင်ခံထားရသော အကျဉ်းသားဖြစ်သူ စောရစုံထောက် ပီတာကမူ ဥက္ကဋ္ဌကြီးရှေ့မှောက်တွင် 'သတိ'အနေအထားဖြင့် မတ်တတ်ရပ်လျက်ရှိ၏။

"ကဲ...ပြောပေတော့"

ဥက္ကဋ္ဌကြီးက ပီတာအား ၎င်းသိသမျှပြောပြရန် လမ်းကြောင်းပေးလိုက်၏။

"ကျွန်တော်သာ ဥက္ကဋ္ဌကြီးဆိုရင် လူတစ်ယောက်ကို ညှဉ်းပန်းနှိပ်စက်ပြီးမှ ဇီဝိန်ချွေရမယ့် အလုပ်မျိုး လုပ်မှာမဟုတ်ဘူး၊ ပဋ္ဌလက်ဒဏ်ခတ်နည်းနဲ့ အသေဆိုးသေရတာထက် မြန်မြန်ထက်ထက် သေလိုက်ရတာက ပိုပြီးကောင်းပါလိမ့်မယ်၊ ကျွန်တော်သာ ဥက္ကဋ္ဌကြီးဆိုရင် သက်သက်သာသာနဲ့ အသက်ထွက်တဲ့နည်းကို သုံးမှာပဲ"

"တော်တော်လိမ္မာပါးနပ်တဲ့လူပဲ၊ ဒါပေမယ့် မင်းလိမ္မာပါးနပ်တာ နည်းနည်းကလေး များလွန်းသွားတယ်၊ ကဲ...စကားတွေ အပိုမကြားချင်ဘူး၊ လိုရင်းသာ ပြောစမ်းပါ"

"ကျွန်တော်သိတာတွေပြောရင် ကျွန်တော့်အသက်ကို ချမ်းသာပေးမှာလားခင်ဗျာ"

ပီတာက စောရဘုရင်နှင့် အချေအတင်စကားငင်ရင်း ပရိယာယ်ဆင်၍ နေလေသည်။

"မင်းအသက်ကို ချမ်းသာပေးမယ်လို့ ကျုပ် ကတိမပြုနိုင်ဘူး။ ပြောစရာရှိတာ မြန်မြန်ကလေး ပြောစမ်းပါ"

စောရစုံထောက်ပီတာက တုပ်နှောင်ခံထားရသဖြင့် နာကျင်နေသော ပခုံးများကို လှုပ်လိုက်၏။

"ကျွန်တော်သိသမျှတော့ အကုန်ပြောပြပါ့မယ်၊ ကျွန်တော်ပြောပြလို့ ပြည့်စုံသလောက်ရှိရင်သာ မြန်မြန်သေတဲ့နည်းနဲ့ ကျွန်တော့်ကို သတ်လိုက်ပါ"

စောရဘုရင်၏ အကျဉ်းသားဖြစ်နေသော ပီတာက ကိုယ်ကို ရှေ့သို့ အနည်းငယ်ညွတ်လိုက်ပြီး အသံတိုးတိုးဖြင့် ဥက္ကဋ္ဌကြီးအား အစီရင်ခံနေလိုက်၏။

အပေါ်ထပ် ခန်းမဆောင်ကြီးအတွင်းမှ ဆူညံစွာထွက်ပေါ်လာသော သီချင်းဆိုသံများနှင့် တဖျပ်ဖျပ်လှုပ်ရှားနေသော ခြေသံများကို ကြားရခြင်းဖြင့် စောရ မောင်မယ်များ၏ ပွတ်သဘင်မှာ အသက်ဝင်လှုပ်ရှားလျက်ရှိကြောင်း သိနိုင်ပေသည်။

ကွင်းကျယ်ကြီးအနီးမှ ဖြတ်သန်းသွားသူ တစ်စုံတစ်ယောက်သည် သီချင်းသံများကို ကြားရခြင်းဖြင့် ဤအိမ်မှလူများသည် သန်း



ခေါင်ယံ က,ပွဲသဘင်ကို ဆင်နွှဲနေကြသည်ဟု ထင်ကြပေလိမ့်မည်။

"ကဲ...ကျွန်တော်ဆက်ပြီး ပြောရဦးမှာလားခင်ဗျာ"

ပီတာက အတန်ကြာအောင် ဥက္ကဋ္ဌကြီးအား အစီရင်ခံနေရာမှ ကြားဖြတ်၍ မေးခွန်းထုတ်လိုက်၏။

"မင်းလို ဉာဏ်ပညာထက်မြက်တဲ့လူ၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့လူ၊ လုံ့လဝီရိယနဲ့ ကြိုးပမ်းတဲ့လူမျိုးကို ကျုပ်တို့အသင်းကြီးက အင်မတန် လိုလားပါတယ်"

"ဒီလို လူ့အဖိုးတန်တစ်ယောက်ကို ရထားပေမယ့် မင်းဟာ စစ်မှန်တဲ့ အသင်းသားတစ်ယောက် မဟုတ်ဘူးဆိုတာ အခုသိရတဲ့အတွက် ကျုပ် အလွန်ပဲ ဝမ်းနည်းပါတယ်၊ မင်းကို သစ္စာရှိ စောရဂိုဏ်းသားတစ်ယောက် ဖြစ်လာစေချင်တယ်၊ ဒါပေမယ့် မင်းကို ဆွဲဆောင်လို့ ရလိမ့်မယ် မထင်ပါဘူး"

ဥက္ကဋ္ဌကြီးက မျက်နှာဖုံးစွပ်အောက်တွင် မချိသွားဖြဲ ပြုံးနေရင်း ပြောလိုက်ခြင်းဖြစ်ဟန်တူသည်။ ထို့နောက် သူက စားပွဲပေါ်ရှိ လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်၏။

"အသင်းသားတွေကို ညစာစားတဲ့အခန်းထဲမှာ အဆင်သင့်ရှိနေကြဖို့ ပြောလိုက်စမ်းပါ"

အခန်းထဲသို့ ဝင်ရောက်လာသော မျက်နှာဖုံးတပ် အသင်းသားတစ်ယောက်အား ဥက္ကဋ္ဌကြီးက အမိန့်ပေးလိုက်ခြင်းဖြစ်၏။

ညစာစားခန်းမှာ အောက်ထပ်တွင်ရှိပြီး အပြင်မှ မမြင်နိုင်စေရန် ခန်းဆီးများ ကာရံ၍ထား၏။ အခန်းအလယ်ဗဟိုတွင် စားပွဲရှည်ကြီးတစ်လုံးရှိပြီး ကုလားထိုင်များလည်း ဝန်းရံချထားလျက်ရှိသည်။

"ခင်ဗျားတို့ ထမင်းစားပွဲကြီးက မင်းညီမင်းသားတွေအတွက်

တည်ခင်းကျွေးမွေးသလို သိပ်ပြီး ခမ်းနားလှပါကလား…”

စောရစုံထောက်ပီတာက သာယာကြည်လင်သော အသံဖြင့် မှတ်ချက်ချလိုက်၏။

ဤထမင်းစားခန်းကို သူ ပထမဆုံးအကြိမ် မြင်ဖူးခြင်းပင် ဖြစ်သည်။

အခန်း၏ အစွန်တစ်နေရာတွင် ကြမ်းပြင်၌ပြုလုပ်ထားသော တံခါးဝှက်တစ်ခုကို တွေ့ရပြီး၊ ထိုတံခါးဝှက်ကို ဖွင့်ဟ၍ထားသည်မှာ တစ်စုံတစ်ခု ဘေးအန္တရာယ်ကျရောက်တော့မည်ကို ဖော်ပြနေသကဲ့သို့ ရှိနေပေသည်။

ဥက္ကဋ္ဌကြီးက စားပွဲထိပ်ရှိ ကုလားထိုင်တွင် နေရာယူလိုက်၏။

အသင်းသူ အသင်းသားများလည်း ထမင်းစားပွဲတွင် အဆင်သင့် စုရုံးရောက်ရှိနေကြပြီးဖြစ်သည်။

ဥက္ကဋ္ဌကြီးက ခါတိုင်းလိုပင် ယဉ်ကျေးသောအသုံးအနှုန်းဖြင့် စကားကို အစပျိုးလိုက်သည်။

“ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျာ…အခု အချိန်ဟာ အလွန်အရေးကြီးတဲ့ အခြေအနေကို ရောက်နေပြီဆိုတာ ကျုပ်အနေနဲ့ ဖုံးကွယ်မထားလိုပါဘူး။

သက်ဆိုင်ရာ အသင်းသားတစ်ယောက်စီနဲ့ ကျုပ်ကလွဲလို့ ဘယ်သူမှမသိဘူးလို့ ယူဆထားခဲ့တဲ့ ကျုပ်တို့စောရဂိုဏ်းဝင်တွေရဲ့ နာမည်နဲ့ နေရပ်လိပ်စာတွေကို ဒီအကျဉ်းသားက သိထားပြီဆိုတာ တွေ့ရပါတယ်။

အသင်းသား အယောက်နှစ်ဆယ်ကျော်လောက်ရဲ့ နာမည်နဲ့ နေရပ်တွေကို သူက ကျုပ်ကိုပြောပြနိုင်ခဲ့တယ်”



“ကျုပ်တို့အသင်းကြီးနဲ့ လုပ်ငန်းစဉ်ထဲမှာ အင်မတန် ချွတ်ယွင်းပျက်ကွက် လစ်ဟင်းမှုတွေ ရှိနေပြီဆိုတာ ယုံမှားသံသယ မဖြစ်ဘဲ နေလို့မရတော့ပါဘူး။ ဒီချွတ်ယွင်းမှုတွေ၊ ပျက်ကွက်မှုတွေ၊ လစ်ဟင်းမှုတွေကို ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ပါဘူး။ ထိုက်သင့်သလို အရေးယူရပါလိမ့်မယ်“

ဥက္ကဋ္ဌကြီး၏အသံမှာ တဖြည်းဖြည်း မာကျောခက်ထန်၍လာလေသည်။

“အသင်းဝင်တွေရဲ့ လက်ဗွေပုံစံတွေကိုလည်း ဒီအကျဉ်းသားက ရထားပြီးဖြစ်တယ်။ တချို့အသင်းသားတွေရဲ့ လက်ဗွေပုံစံ၊ ဓာတ်ပုံတွေကို ဒီလူက ကျုပ်ကိုထုတ်ပြပြီးပြီ။

ကျုပ်တို့ဘက်က ထောက်လှမ်းရေးသမားတွေဟာ ဒီလူရဲ့ အာမခံသေတ္တာ အတွင်းခန်းကို ဘာကြောင့်ရှာမတွေ့ရသလဲဆိုတာ ပြဿနာတစ်ရပ် ဖြစ်လာခဲ့တယ်။ ဒီပြဿနာကိုလည်း ပြေလည်အောင် ဖြေရှင်းယူကြရလိမ့်မယ်”

“သူတို့ကို အပြစ်မတင်ပါနဲ့ ဥက္ကဋ္ဌကြီးခင်ဗျာ၊ ဒီအတွင်းခန်းကို သူတို့ မမြင်နိုင်အောင် တမင်တီထွင်ပြီး လုပ်ထားခဲ့တာပါ”

သစ္စာဖောက် စောရဂိုဏ်းသားတစ်ဦးပင် ဖြစ်သော်လည်း လုပ်ဖော်ကိုင်ဘက်များအား အာဏာရှင်ဆန်ဆန် အပြစ်တင် ဝေဖန်လာသောကြောင့် ပီတာက မနေနိုင်တော့ဘဲ ဝင်ရောက်ပြောဆိုလိုက်ခြင်း ဖြစ်၏။

သို့ရာတွင် ဥက္ကဋ္ဌကြီးက ပီတာ၏ ဝင်ရောက်ပြောဆို ကန့်ကွက်ခြင်းကို ဂရုမစိုက်ဘဲ သူပြောလိုသည့်မိန့်ခွန်းကိုသာ ဆက်လက်ပြောကြားနေ၏။

"ကျုပ်တို့ စောရဂိုဏ်းသားတွေရဲ့ အမည်နဲ့ နေရပ်လိပ်စာတွေပါတဲ့ မှတ်တမ်းစာအုပ်ရယ်၊ ကျုပ်တို့အသင်းသားတွေအိမ်က ခိုးယူထားတဲ့ စာရွက်စာတမ်းတွေနဲ့ လက်ဖွေပုံစံပါတဲ့ များပြားလှတဲ့ အရာဝတ္ထုတွေဟာ ဒီအာမခံသေတ္တာ အတွင်းခန်းမှာ ရှိနေတယ်လို့ ဟောဒီအကျဉ်းသားက ကျုပ်ကို သတင်းပေးပြီးပြီ။ သူပြောတဲ့အတိုင်း မှန်ကန်တယ်လို့ ကျုပ်ကယုံကြည်တယ်။ သူ့ကို မြန်မြန်ထက်ထက် သေတဲ့နည်းနဲ့ သတ်မယ်ဆိုရင် သူ့အာမခံသေတ္တာကို ဖွင့်နိုင်မယ့် လျှို့ဝှက်အက္ခရာစာလုံးကို ပေးပါ့မယ်လို့ သူက တောင်းဆိုနေတယ်။ သူ့တောင်းဆိုချက်ကို လက်ခံသင့်တယ်လို့ ကျုပ်က ယူဆဘယ်"

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျာ...ခင်ဗျားတို့ ဘယ်လိုသဘောရတယ်ဆိုတာကို တင်ပြကြစေလိုပါတယ်"

ဥက္ကဋ္ဌကြီးက ဖြစ်ပေါ်နေသောအခြေအနေကိုတင်ပြီး အသင်းသားများထံမှ ထင်မြင်ချက်တောင်းခံလိုက်၏။

"သေတ္တာကိုဖွင့်ဖို့ အက္ခရာစာလုံးကို ကျွန်တော်တို့ သိထားပြီးပါပြီ"

နံပါတ် ၂၂ က စတင်၍ ကြေညာလိုက်၏။

"မင်း တော်တော်'အ'တဲ့ အကောင်ပဲ၊ မင်း စိတ်မနှံ့ဘူးနဲ့ တူတယ်။ ဒီလူဟာ မြို့စားကြီးပီတာဝင်(မ်)စီ ဖြစ်တယ်ဆိုတာ သူပြောပြလို့ ကျုပ်တို့သိထားရပြီ။ မြို့စားကြီးအစစ်အမှန်ဖြစ်ကြောင်းလည်း သူက သက်သေထုတ်ပြနိုင်ခဲ့တယ်။ ဒီတော့ သူ့လိုလူတစ်ယောက်က သေတ္တာဖွင့်တဲ့အက္ခရာစာလုံးကို ပြောင်းလဲထားဖို့ မေ့နေလိမ့်မယ်လို့ မင်းကထင်သလား။ နောက်ပြီး သေတ္တာအတွင်းခန်းရဲ့ လျှို့ဝှက်ချက်တွေကိုလည်း ကျုပ်တို့ ဘာမှမသိရသေးဘူး။ တကယ်လို့ ဒီနေ့ညမှာ သူ မြေပေါ်ကပျောက်ကွယ်သွားပြီး နက်ဖြန်မနက် သူ့အိမ်ကို ပုလိပ်တွေ ဝင်ရှာခဲ့ရင်..."



"ဒီအကျဉ်းသားတောင်းဆိုတဲ့အတိုင်း သူ့ကို မြန်မြန်သတ်ပါ့မယ်လို့ ကတိပြုလိုက်ပြီး သူပေးတဲ့သတင်းကိုလည်း မြန်မြန်အသုံးချသင့်ပါတယ်။ ကျွန်မတို့မှာ အချိန်သိပ်မရှိတော့ပါဘူး၊ မြန်မြန်လုပ်မှ ဖြစ်မယ်"

အသံသြဇာနှင့်ပြည့်စုံသော အသင်းသူတစ်ယောက်က ဥက္ကဋ္ဌကြီးအား တင်ပြလိုက်သည်ကို ကျန်အသင်းဝင်များက သဘောတူကြောင်း ဝိုင်း၍ထောက်ခံလိုက်ကြ၏။

ဥက္ကဋ္ဌကြီးက ပီတာဘက်သို့လှမ်းကြည့်ရင်း "ကဲ...သူတို့ပြောတာ ကြားပြီမဟုတ်လား။ မင်းဆီက သေတ္တာဖွင့်ဖို့ အက္ခရာစာလုံးနဲ့ သေတ္တာအတွင်းခန်းရဲ့ လျှို့ဝှက်ချက်ကို သိရမယ်ဆိုရင် မင်းကို မြန်မြန်သတ်တဲ့နည်းနဲ့ သတ်ပေးပါ့မယ်လို့ ကျုပ်တို့အသင်းကြီးက အခွင့်ပြုလိုက်ပြီ"ဟု ပြောလိုက်၏။

"ဥက္ကဋ္ဌကြီးပေးတဲ့ ကတိအတိုင်း တည်ပါစေ"

"တည်ပါတယ်...စိတ်ချပါ"

"ကျေးဇူးတင်ပါတယ်၊ ဒါထက် ကျွန်တော့်မိခင်နဲ့ နှမကိစ္စကိုကော ဘယ်လိုဖြေရှင်းပေးမှာလဲ"

စောရဂိုဏ်းကြီးအတွင်းသို့ မကြောက်မရွံ့ စွန့်စားဝင်ရောက်လာခဲ့ပြီး အသင်းကြီး၏ လျှို့ဝှက်ချက်များကို စုံစမ်းထောက်လှမ်းခဲ့သော ပီတာက သူ၏အသက်သေရမည်ကို အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိသော်လည်း သူ့မိခင်နှင့် နှမအတွက် သောကပို၍နေရှာသည်။

"မင်းဟာ လူကုံထံတစ်ယောက်ပါ။ မင်းရဲ့ စုံထောက်လုပ်ငန်း

ထဲမှာ မင်းနမ ဘယ်လိုမှ ပတ်သက်ခြင်းမရှိပါဘူးလို့ ကျုပ်တို့ကို ကတိပြုနိုင်မယ်ဆိုရင်၊ ကျုပ်တို့ကို ဘယ်လိုမှ ရန်မရှာပါဘူးဆိုရင် သူတို့ကိုလည်း ကျုပ်တို့က ရန်ရှာနေစရာမလိုပါဘူး"

"ကျွန်တော့်ဂုဏ်သိက္ခာကို ထောက်ထားပြီး ကျွန်တော့်ကို အင်မတန်ချစ်ခင်ကြင်နာတဲ့ မိန်းမသားတွေကို ဒီလိုအသက်အန္တရာယ်နဲ့ နီးစပ်တဲ့ စွန့်စားမှုမျိုးမှာ ပါဝင်ပတ်သက်ခြင်း မရှိအောင် ကျွန်တော် အထူးဂရုစိုက်ခဲ့ပါတယ်"

"ဒီလိုဆိုရင် ကျုပ်တို့က သူတို့ကို ဘယ်လိုအန္တရာယ်မှ မပြုဖို့ ကတိပြုပါတယ်"

ဥက္ကဋ္ဌကြီး၏စကားကို အသင်းသားများက ဝိုင်း၍ထောက်ခံလိုက်ကြပြန်၏။

ဒီလိုဆိုရင် ကျွန်တော်ကလည်း ဥက္ကဋ္ဌကြီးတို့ အလိုရှိတဲ့သတင်းကို ပေးပါ့မယ်။ အာမခံသေတ္တာကိုဖွင့်ရမယ့် လျှို့ဝှက်အက္ခရာစာလုံးကတော့ 'စိတ်မချရ'ဆိုတဲ့ အက္ခရာစာလုံးပဲ ဖြစ်ပါတယ်"

"ဒါဖြင့် အတွင်းခန်းတံခါးကိုကော ဘယ်အက္ခရာနဲ့ ဖွင့်ရမလဲ"

ဥက္ကဋ္ဌကြီးက သိချင်ဇောနဲ့ အလောတကြီး မေးခွန်းထုတ်လိုက်၏။

"မနက်ဖြန်မနက် ကျွန်တော်သာ ပြန်မရောက်ရင် ပုလိပ်တွေ ကျွန်တော့်အိမ်ကို လာမှာဖြစ်လို့ သူတို့အလွယ်တကူနဲ့ ဝင်နိုင်အောင် အတွင်းခန်းတံခါးကို မပိတ်ဘဲနဲ့ ဖွင့်ထားခဲ့ပါတယ်"

"ကောင်းပြီ၊ ဒါထက် ကျုပ်တို့လွှတ်လိုက်တဲ့ အသင်းသားကို ပုလိပ်တွေက နှောင့်ယှက်မယ်ဆိုရင်ကော ဘယ်လိုလုပ်မလဲ"

"ဒါတော့ ကျွန်တော် မတတ်နိုင်ဘူး"



"ဒီအလုပ်က စွန့်စားရမယ့်အလုပ်ပဲ၊ ဒါပေမယ့် ဒီစွန့်စားမှုကိုတော့ ကျုပ်တို့ပြုလုပ်သင့်တယ်ထင်တယ်၊ ကဲ...ဒီအကျဉ်းသားကို မြေအောက်တိုက်ခန်းထဲ ခေါ်ခဲ့ပါ၊ ကျုပ်တို့ရဲ့ ပဥ္စလက်ဒဏ်ခတ်နည်းကရိယာကို သူမြင်ဖူးအောင် ပြလိုက်စမ်းပါ၊ သူ အဲဒီမှာကြည့်နေတုန်း နံပါတ် ၁၂ နဲ့ နံပါတ် ၄၆ က..."

နေပါဦးခင်ဗျာ၊ နေပါဦး...မှတ်တမ်းစာအုပ်နဲ့ အခိုင်အလုံရှိနေတဲ့ သက်သေခံပစ္စည်းတွေကို ဒီလူနှစ်ယောက်လက်ထဲ ယုံကြည်စိတ်ချပြီး ဘာကြောင့်အပ်လိုက်ရမလဲ၊ ကျွန်တော်တို့ စောရဂိုဏ်းသားတွေကို လည်ပင်းကြိုးကွင်းတပ်ပြီး သတ်မယ့် သစ္စာဖောက် ပဥ္စမံတပ်သားတစ်ယောက်နဲ့ ဒီလိုသစ္စာဖောက်ကို အသင်းထဲ ဆွဲသွင်းလာတဲ့ အရူးတစ်ယောက်ကိုပါ ကျွန်တော်တို့ ဒီနေ့ည တွေ့မြင်နေကြရပြီမဟုတ်လား၊ ဒီတော့ နံပါတ် ၁၂ နဲ့ ၄၆ တို့ဟာလည်း သစ္စာဖောက်နဲ့ အရူးတွေ မဖြစ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

အရပ်မြင့်မြင့်နှင့် အသင်းသားတစ်ယောက်က ဥက္ကဋ္ဌကြီး၏စကားကို ကြားဝင်ကန့်ကွက်၍ ပြင်းပြင်းထန်ထန် ပုတ်ခတ်ပြောဆိုလိုက်ရာ အပြောခံရသော လူနှစ်ယောက်က ထိုအသင်းသားအား စားမတတ် ဝါးမတတ် မျက်နှာဖြင့် လှည့်ကြည့်လိုက်ကြလေသည်။

သို့ရာတွင် အမျိုးသမီးတစ်ယောက်က ဝင်ရောက်ထောက်ခံ ပြောဆိုလိုက်သဖြင့် စောရဂိုဏ်းသားချင်း စာရင်းရှင်းရမည့်ကိစ္စတစ်ရပ်မှာ အေးငြိမ်းသွားခဲ့သည်။

"ကျွန်မတို့မသိတဲ့ လူတစ်ယောက်က အသင်းသားတွေရဲ့ အမည်စာရင်းကို ဖတ်ကြည့်မှာ ကျွန်မတို့ လက်မခံနိုင်ဘူး၊ ဒီလူက ကျွန်မတို့ နာမည်၊ နေရပ်နဲ့ လက်ပုံစံတွေကို ပုလိပ်သတင်းပေး တစ်ယောက်

ယောက်ကို ရောင်းစားလိုက်မယ်ဆိုရင် ကျွန်မတို့ ဒုက္ခရောက်ကုန်ကြလိမ့်မယ်"

"အခုပြောတာကို ကျွန်တော် သဘောတူပါတယ်၊ ဘယ်သူ့ကိုမှ ကျွန်တော်တို့ ယုံကြည်စိတ်ချဖို့ မသင့်ပါဘူး"

အသင်းဝင်တစ်ယောက်က ဝင်ရောက်ပြောဆို ထောက်ခံလိုက်ခြင်းဖြစ်၏။

"ဒါဖြင့် ကျုပ်တို့ ဘယ်လိုဆုံးဖြတ်ကြမယ်ဆိုတာ အကြံဉာဏ်များ ပေးစေလိုပါတယ်"

ဉက္ကဋ္ဌကြီးက အသင်းသားတစ်ယောက်စီကို စူးစိုက်၍ အကဲခတ်ရင်း ပြောလိုက်၏။ အတန်ကြာအောင် မည်သူမျှ စကားမပြောကြသဖြင့် အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်၍ နေလေသည်။

စောစောက ထောက်ခံပြောဆိုခဲ့သော အမျိုးသမီး၏ ခရာသံလို စူးရှသောအသံက ထွက်ပေါ်လာပြန်သည်။

"ဉက္ကဋ္ဌကြီးဟာ ကျွန်မတို့ အသင်းသူ အသင်းသားတွေရဲ့ နာမည် နေရပ်လိပ်စာ အားလုံးကို သိထားတဲ့ လူတစ်ယောက်ဖြစ်ပါတယ်၊ ဉက္ကဋ္ဌကြီးအဖို့ ဒီနာမည်တွေဟာ အဆန်းမဟုတ်တော့ပါဘူး၊ ဒါကြောင့် ဉက္ကဋ္ဌကြီးကိုယ်တိုင် ဒီမှတ်တမ်းစာအုပ် သွားယူသင့်တယ်လို့ ကျွန်မ သဘောရပါတယ်"

"ကျွန်မတို့က သက်စွန့်ဆံဖျား ရှာဖွေထားရတဲ့ ဉစ္စာပစ္စည်းတွေကို ဝေစုခွဲတဲ့အခါကျတော့ အိမ်မှာ အေးအေးဆေးဆေးထိုင်နေရတဲ့ ဉက္ကဋ္ဌကြီးကလည်း ညီတူညီမျှယူခဲ့တာ မဟုတ်လား၊ ဒီတော့ ယခုတစ်ကြိမ်မှာ သူကိုယ်တိုင်သွားသင့်တယ်လို့ ကျွန်မ ပြောချင်ပါတယ်"

ထိုအမျိုးသမီး၏ စကားအဆုံးတွင် အသင်းသားအချင်းချင်း



တီးတိုးတိုင်ပင်သံ၊ ဆွေးနွေးသံ၊ ထောက်ခံသံ၊ ကန့်ကွက်သံများဖြင့် ညစာစားပွဲကြီးတစ်ခုလုံး လွှမ်းမိုးသွားလေသည်။

"ကျွန်တော် ဒီအဆိုကို ထောက်ခံပါတယ်"

ခပ်ဝဝ အသင်းသားတစ်ယောက်က မတ်တတ်ရပ်၍ အဆိုကို ထောက်ခံကြောင်း ကြေညာလိုက်သည်တွင် တီးတိုးစကားသံများ ရပ်တန့်၍သွားလေသည်။

ထိုသူသည် လူကြွားလူဝါတစ်ယောက် ဖြစ်ဟန်ရှိ၏။ ၎င်း၏ အိတ်ဆောင်နာရီတွင် ရွှေတံဆိပ်များ တပ်ဆင်ထားသည်ကို မြင်လိုက်ရသော စောရစုံထောက်ပီတာက ပြုံးလိုက်မိလေသည်။ ထိုသူ၏ နာမည် နေရပ်လိပ်စာ အပြည့်အစုံကို ၎င်းချိတ်ဆွဲထားသော ရွှေတံဆိပ်များထဲမှ ပီတာက ဖတ်ရှုလေ့လာခွင့်ရခဲ့သည် မဟုတ်ပါလား။

ဉက္ကဋ္ဌကြီးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး ငှက်ဆိုးတစ်ကောင် အသံမျိုးဖြင့် ပြောလိုက်၏။

"ဒီအစည်းအဝေးက လိုလားတယ်ဆိုရင် ကျုပ်ကိုယ်တိုင်သွားပြီး ယူပေးပါ့မယ်၊ အသင်းသားတွေအားလုံး သဘောတူတယ်ဆိုရင် လက်မြှောက်ပြီး ဆန္ဒပြကြပါ"

လေးဆယ့်ငါးချောင်းသော လက်များက သဘောတူကြောင်း ဆန္ဒပြလိုက်ကြ၏။ အသင်းဝင်နံပါတ် ၂ ဖြစ်သော အမျိုးသမီးတစ်ယောက်သာလျှင် မတုန်မလှုပ် ကျောက်ရုပ်လို ငြိမ်သက်နေပေသည်။ သူ၏ဖြူဖွေးသန့်မာသော လက်များက ကုလားထိုင် လက်ရမ်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်၍ထားသည်ကို မြင်ရသည်။

စောရဂိုဏ်းသားတို့၏ ထိပ်ခေါင် မိုးမျှော်တို့၏ အဓိပတိဖြစ်သော ဉက္ကဋ္ဌကြီးသည် သိန်းငှက်က သားတစ်ကိုကြည့်သလို စူးရှ

သော မျက်လုံးများဖြင့် အသင်းသားတစ်ယောက်စီကို လိုက်၍ကြည့်နေသည်။ နောက်ဆုံးတွင် ဥက္ကဋ္ဌကြီး၏ မျက်လုံးများက နံပါတ် ၂ အား တစ်ချက်စူးစိုက်၍ ကြည့်လိုက်ပြီး မေးခွန်းတစ်ခု မေးလိုက်၏။

"အသင်းသားတွေရဲ့ ဆုံးဖြတ်ချက်ဟာ ကန့်ကွက်သူမရှိ တညီတညွတ်တည်း ဖြစ်တယ်လို့ ကျုပ်က ယူဆရတော့မှာလားဆိုတာ သိချင်ပါတယ်"

အမျိုးသမီးက ခေါင်းကိုမော်ကြည့်လိုက်ပြီး အားနည်းသော အသံဖြင့် 'မသွားပါနဲ့'ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

"ကဲ...ခင်ဗျားတို့အားလုံး ကြားကြတယ်မဟုတ်လား၊ ဒီအမျိုးသမီးက မသွားပါနဲ့လို့ ပြောနေတာကို"

ဥက္ကဋ္ဌကြီးက ပရိသတ်ကို ဂရုမစိုက်သလို ကြည့်လိုက်ပြီး သရော်တော်တော် မေးလိုက်၏။

"နံပါတ် ၂ ပြောတဲ့စကားဟာ ဘာမှအဓိပ္ပာယ်မရှိပါဘူး၊ ကျွန်တော်တို့နဲ့ပတ်သက်တဲ့ အမျိုးသမီးတွေကလည်း နံပါတ် ၂ လို အထူးအခွင့်အရေးရမယ်ဆိုရင် သူတို့က ကျွန်တော်တို့သွားမှာကို ကန့်ကွက်ကြမှာပါပဲ"

ဥက္ကဋ္ဌကြီး၏စကားကို စောစောက ကန့်ကွက်ဟန့်တားခဲ့သော အရပ်မြင့်မြင့်နှင့် အသင်းသားက ယခုတစ်ဖန် ဥက္ကဋ္ဌကြီးအား ကလန်ကဆန် လုပ်လိုက်ပြန်လေသည်။ အမှန်အားဖြင့်ဆိုလျှင် သူ့စကားမှာ ရန်စသလို ဖြစ်နေလေသည်။

"ဒီမှာနားထောင်ပါဦးခင်ဗျာ၊ ကျွန်တော်တို့အသင်းကြီးဟာ ဒီမိုကရေစီကျတဲ့ အသင်းကြီးပါ၊ ဒီလိုအသင်းမျိုးမှာ အခွင့်ထူးခံလူတန်းစားဆိုတာ မရှိသင့်ပါဘူး"



အခြားအသင်းဝင်တစ်ယောက်က အခွင့်ထူးခံ ပြဿနာကို ဖြေရှင်း၍ပေးလိုက်၏။

"ကောင်းပါပြီဗျာ...ကောင်းပါပြီ၊ ကဲ...နံပါတ် ၂ ခင်ဗျား ကြားရပြီမဟုတ်လား၊ အသင်းသားတွေရဲ့ ဆုံးဖြတ်ချက်နဲ့ ခင်ဗျားဆန္ဒဟာ တခြားစီဖြစ်နေကြပြီ၊ ခင်ဗျားဆန္ဒအတိုင်း ကျုပ်ကိုယ်တိုင် ဘာကြောင့် မသွားသင့်ဘူးဆိုတာ အကြောင်းပြစရာများ ရှိပါသလား"

"အို...အကြောင်းပြစရာတွေ တပုံကြီးပါ၊ ဥက္ကဋ္ဌဆိုတာ အသင်းတစ်ခုရဲ့ ဦးနှောက်နဲ့တူတယ်၊ အသက်နဲ့လည်း တူတယ်၊ သူသာ တစ်ခုခုဖြစ်သွားမယ်ဆိုရင် ကျွန်မတို့ ဘယ်လိုနေကြမလဲ"

နံပါတ် ၂ က အသင်းသားအားလုံးကို ညှို့ဓာတ်ပါသောမျက်လုံးဖြင့် သိမ်းကျုံး၍ တစ်ချက်ကြည့်လိုက်ပြီးနောက် စကားကို ဆက်ပြန်၏။

"ရှင်တို့ဟာ အလုပ်လုပ်တဲ့နေရာမှာ အနည်းနဲ့အများတော့ ချွတ်ယွင်းချက်တွေကို ဥက္ကဋ္ဌကြီးကသာ ဦးနှောက်ကောင်းကောင်းနဲ့ ပြုပြင်မပေးခဲ့ဘူးဆိုရင် ရှင်တို့ ကျွန်မတို့တစ်တွေဟာ ခုနေအခါမှာ ဒီလိုစိတ်ချလက်ချ နေနိုင်မှာ မဟုတ်ပါဘူး"

"သူပြောတာလည်း ဟုတ်သလိုလိုပါပဲ"

ယခုအချိန်ထိ စကားတစ်လုံးမှမပြောခဲ့သေးသော အသင်းသားတစ်ယောက်က နံပါတ် ၂ ၏စကားကို ဝင်ရောက်ထောက်ခံလိုက်သည်တွင် စောရစုံထောက် ပီတာက မနေသာတော့ဘဲ ၎င်းထောင်ထားခဲ့သည့် ပိုက်အတွင်းသို့ သားကောင်ကြီးတစ်ကောင် ဝင်လာစေရန် တော်လှန်၍ ပေးလိုက်လေသည်။

"ကျွန်တော့်ကို ခွင့်ပြုမယ်ဆိုရင် အကြံဉာဏ်တစ်ခု ပေးပါရစေ။ နံပါတ် ၂ ဟာ ဥက္ကဋ္ဌကြီးရဲ့ အယုံကြည်ရဆုံး စိတ်အချရဆုံး အားအကိုးရဆုံး အသင်းသူတစ်ယောက်ဖြစ်နေတဲ့အတွက် အသင်းသားတွေရဲ့ အမည် နေရပ်တွေဟာ သူ့အဖို့ အထူးအဆန်းဖြစ်နေမှာ မဟုတ်ပါဘူး၊ ဒါကြောင့် နံပါတ် ၂ ကိုယ်တိုင်သွားယူတာက ပိုပြီး သင့်လျော်လိမ့်မယ်လို့ ထင်မြင်ပါတယ်"

ပီတာ၏ တောလှန့်သံကို ဥက္ကဋ္ဌကြီးက မခံနိုင်ပေ၊ နံပါတ် ၂ က တစ်စုံတစ်ရာ ပြန်မပြောနိုင်မီ စောရဘုရင်၏အသံက ဟိန်း၍ ထွက်ပေါ်လာ၏။

"သူ ဘယ်နည်းနဲ့မှ မသွားရဘူး၊ ဒီအစည်းအဝေးက ဆုံးဖြတ်ချက်အတိုင်း ကျုပ်ကိုယ်တိုင် သွားယူမယ်၊ အိမ်တံခါးသော့ကိုသာ ကျုပ်ကို ပေးလိုက်ပါ"

အသင်းသားတစ်ယောက်က ပီတာ၏ အင်္ကျီအိတ်ထဲမှာ သော့ကို ဆွဲယူကာ ဥက္ကဋ္ဌကြီးအား လှမ်းပေးလိုက်၏။

"မင်းအိမ်ကို ပုလိပ်တွေ စောင့်ကြည့်နေကြသလား"

"မစောင့်ပါဘူး"

"ဒီအတိုင်း အမှန်ပဲလား"

"အမှန်ပါပဲ"

ဥက္ကဋ္ဌကြီးက ပီတာအား စုံစမ်းမေးမြန်းအပြီးတွင် ညစာစားပွဲ အခန်းတံခါးကို လှည့်၍ဖွင့်လိုက်၏။

"နှစ်နာရီကြာလို့မှ ကျုပ် ပြန်မရောက်လာဘူးဆိုရင် မင်းတို့ လွတ်မြောက်ရေးကို မင်းတို့ ကြိုးစားကြပေတော့၊ ဒီအကျဉ်းသားကို
လည်း မင်းတို့ကြိုက်သလို စီရင်နိုင်တယ်၊ ကျုပ်မရှိတဲ့အချိန်အတွင်း



မှာ နံပါတ် ၂ က ကျုပ်ကိုယ်စား အမိန့်ပေးပါလိမ့်မယ်"

ဥက္ကဋ္ဌကြီးက အခန်းတွင်းမှ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် နံပါတ် ၂ က အာဏာပိုင်တစ်ယောက်၏ အမူအရာဖြင့် တစ်နေရာမှ ထလိုက်သည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများရှင်...ညလယ်စာကို ကျွန်မတို့ စားပြီးကြပြီလို့ သဘောထားလိုက်ကြပါစို့၊ အခု ကျွန်မတို့ ကပွဲကို ပြန်ပြီး စ,ကြရအောင်"

■

## [ ၇ ]

စောရဂိုဏ်းသားတို့၏ မိတ်ဆုံကပွဲကျင်းပရာ အိမ်အောက်ထပ်ရှိ မြေတိုက်ခန်းထဲတွင် အသင်းသားနံပါတ် ၃၇ ဖြစ်သော မစ္စတာဂျူမှာ ပဉ္စလက်ဒဏ်ခတ်နည်းဖြင့် နှိပ်စက်ညှဉ်းပန်းခြင်းကို အလူးအလိမ့် ခံနေရရှာသည်။

နာရီလက်တံများက တဖြည်းဖြည်း ရွေ့လျားနေကြသလို မစ္စတာ ဂျူကလည်း အော်လိုက် ညည်းလိုက်ဖြင့် လောကငရဲကို မချိမဆံ့ ခံစားနေရ၏။

နောက်ဆုံးတွင် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်တော့ဘဲ ငယ်သံ ပါအောင် တစ်ချက်အော်ပြီး မေ့မြောသွားလေသည်။

အကျဉ်းသား နံပါတ် ၃၇ နှင့် ၂၁ ကို စောင့်ကြပ်နေကြသော စောရဂိုဏ်းသား လေးယောက်သည် တီးတိုးတိုင်ပင် ဆွေးနွေးနေကြသည်။

"ဥက္ကဋ္ဌကြီးထွက်သွားတာ အခုဆိုရင် တစ်နာရီခွဲတိတိ ရှိသွားပြီ"

အစောင့်တစ်ယောက်က ပြောလိုက်သံကြားရသဖြင့် ပီတာက ခေါင်းထောင်ကြည့်လိုက်၏။ ထို့နောက် ပီတာက မြေတိုက်ခန်း၏ အခြေအနေကို လေ့လာအကဲခတ်နေလိုက်ပြန်သည်။



သူ မမြင်ဖူးသေးသော ထူးဆန်းထွေလာ ပစ္စည်းကရိယာများ မှာ အခန်းတွင်း၌ ပျံ့နှံ့နေသည်။

ထိုအခိုက်တွင် တံခါးဂှက်တစ်ခု ဗြုန်းခနဲပွင့်လာပြီး အသံတစ်ခု ကြားလိုက်ရ၏။

"သူ့ကို အပေါ်ခေါ်လာခဲ့ပါ"

ပီတာက ချက်ချင်းပင် မတ်တတ်ရပ်လိုက်၏။ သူ့မျက်နှာမှာ ကြောက်သွေးဖြာ၍ နေပုံရလေသည်။

စောရဂိုဏ်းသားများက ညစာစားခန်းတွင် ပြန်၍စုရုံးမိကြပြီ ဖြစ်ပြီး နံပါတ် ၂ က ဥက္ကဋ္ဌကြီး၏ ကုလားထိုင်တွင် နေရာယူထား လျက်ရှိသည်။

သူ၏မျက်လုံးအစုံမှာ ဒေါသထွက်နေသော ကျားမတစ်ကောင် လို မီးဝင်းဝင်းတောက်ကာ စောရနံ့ထောက် ပီတာအား စူးစိုက်လျက် မျက်ခြည်မပြတ် ပြည့်နေသည်။ သို့ရာတွင် သူ၏စကားပြောသံမှာ ဒေါသသံ အလျဉ်းမပါသဖြင့် ပီတာကပင် ရင်သပ်ရှုမော အံ့ဩမိ သည်။

"ဥက္ကဋ္ဌကြီးထွက်သွားတာဟာ အခုဆိုရင် နှစ်နာရီတင်းတင်း ပြည့်သွားပါပြီ၊ သူဘယ်လိုဖြစ်နေသလဲဆိုတာ မင်းမပြောနိုင်ဘူးလား၊ မင်းဟာ နှစ်ခါပြန် သစ္စာဖောက်ဖြစ်နေပြီထင်ပါရဲ့၊ သူ ဘယ်လို ဖြစ်နေတယ်ဆိုတာ မင်း ပြောနိုင်သလား"

"ကျွန်တော် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲခင်ဗျာ၊ ကျွန်တော့် စိတ်ထင်တော့ ဥက္ကဋ္ဌကြီးဟာ တစ်ကိုယ်ကောင်းကြံပြီး သူ့လွတ် မြောက်ရေးကို သူလုပ်သွားပြီလို့ ထင်တာပါပဲ"

နံပါတ် ၂ ၏ ထိန်းချုပ်ထားရသော ဒေါသယမ်းအိုးမှာ ပေါက်

ကွဲကျလာပြီး ထခုန်လိုက်၏။ ထို့နောက် ပီတာအနီးသို့ ချဉ်းကပ်လာပြီး "တိရစ္ဆာန်၊ လူလိမ်၊ လူညာ"ဟုပြောကာ ပီတာ၏ပါးစပ်ကို လှမ်း၍ ရိုက်လိုက်လေသည်။

"သူ ဒီလိုဘယ်တော့မှ မလုပ်ဖူးဆိုတာ မင်းသိထားစေချင်တယ်။ သူဟာ သူ့မိတ်ဆွေတွေအပေါ်မှာ အင်မတန် သစ္စာစောင့်သိတဲ့ လူတစ်ယောက်ပါ။ မင်း သူ့ကို ဘာလုပ်ထားသလဲ ပြောစမ်း၊ မင်း မပြောရင် ပြောတဲ့နည်းကို လုပ်ရလိမ့်မယ်။ ကဲ...ရှင်တို့နှစ်ယောက် သုံးယောက်က သံချောင်းတွေယူခဲ့စမ်းပါ၊ အဲဒီတော့မှ သူ စကားပြောမှာပါပဲ"

နံပါတ် ၂ က တကယ်ပင် ရက်စက်တော့မည့် ဟန်မျိုးဖြင့် ပြောလိုက်၏။ ထိုအခါမှ ပီတာ၏အသံက ထွက်ပေါ်လာလေသည်။

"ဥက္ကဋ္ဌကြီး ဘာဖြစ်နေမယ်ဆိုတာကို ကျွန်တော် အတပ်ပြောဖို့ ခဲယဉ်းပါတယ်။

ဒါပေမယ့် ကျွန်တော်တွေးထင်မိတဲ့အချက်ကို ပြောပြပါ့မယ်။ ကျွန်တော့်ကို သံပူနဲ့ထိုးလို့ ကျွန်တော့်စဉ်းစားဉာဏ်တွေဟာ ပိုပြီးကောင်းလာမှာ မဟုတ်ပါဘူး၊ စိတ်အေးအေးထားပြီး ကျွန်တော်ပြောတဲ့စကားကို နားထောင်ပါဦး"

"ကျွန်တော်စဉ်းစားမိသလောက်ဆိုရင် ဥက္ကဋ္ဌကြီးဟာ မီးခံသေတ္တာအတွင်းခန်းမှာထားတဲ့ အဖိုးတန် သက်သေခံပစ္စည်းတွေကို ကြည့်ချင်ဇောနဲ့ သတိမထားမိတဲ့အတွက် သူ့ကျောဘက်မှာရှိတဲ့ အတွင်းခန်းတံခါးဟာ အလိုအလျောက် ပိတ်မိသွားတယ်လို့ ထင်ပါတယ်။ ဒီကိစ္စမှာဆိုရင်..."

စောရစုံထောက် ပီတာက စကားကို ဆက်မပြောသေးဘဲ မျက်ခုံး



နှစ်ဖက်ကိုမြှင့်ကာ နံပါတ် ၂ ၏မျက်နှာကို ဝမ်းနည်းသောအမူအရာဖြင့် ငေး၍ကြည့်နေလိုက်၏။

"မင်း ဘာကိုဆိုလိုတာလဲ"

စောရဘုရင်၏ ယုံကြည်ကိုးစားအားထားခြင်းကို ခံယူရသော စောရမယ်က ပီတာ၏ပြောစကားကို နားမလည်နိုင်ရှာသဖြင့် ထပ်၍ မေးလိုက်ပြန်၏။

ခေါင်းတုံးပေါ်ထိပ်ကွက်ပြီး စောရဘုရင်၏ မျက်ခုံးမွေးပေါ်တွင် စကြိုလျှောက်ချင်သော ပီတာက သူ၏ပတ်ဝန်းကျင်တွင် ရှိနေကြသော အသင်းဝင်များကို အကဲခတ်၍ကြည့်လိုက်၏။

"အသင်းသူ အသင်းသားတွေအားလုံး နားလည်အောင် ကျွန်တော့် အာမခံသေတ္တာကို သိပ္ပံနည်းနဲ့ ဘယ်လိုစီမံပြုလုပ်ထားတယ်ဆိုတာ အစကနေပြီး ပြောပြပါ့မယ်"

ရာဇဝတ်ပြစ်မှုဆိုင်ရာ စိတ်ပညာကို သိပ္ပံနည်းကျကျ လေ့လာလိုက်စားထားသော မြို့စားကြီးပီတာဝင်(မ်)စီက အာမခံသေတ္တာကိုလည်း အခြားသူများထက်၊ ထူးခြားသူများထက် ထူးခြားကောင်းမွန်အောင် သိပ္ပံနည်းဖြင့် တီထွင်ဖန်တီးထားပုံကို ဇာတ်ကြောင်းပြန်၍ နေလေသည်။

"ဥက္ကဋ္ဌကြီးကို ကျွန်တော်ပြောလိုက်တဲ့ အက္ခရာစာလုံးဟာ အမှန်အတိုင်းပဲ ဖြစ်ပါတယ်။ စကားလုံးအားဖြင့် လေးလုံးဖြစ်ပြီး အက္ခရာအားဖြင့် ငါးလုံးနဲ့ဖွင့်ရတဲ့ 'ဆန်းနှင့် ဖစ်ချက်'ကုမ္ပဏီက လုပ်ထားတဲ့ အာမခံသေတ္တာ အကောင်းစားမျိုးဖြစ်ပါတယ်။

ဒီသေတ္တာကိုယ်ထည်ကို ကုမ္ပဏီကလုပ်ပေးပြီး တံခါးတွေကို ကျွန်တော့်စိတ်ကူးနဲ့ တီထွင်တပ်ဆင်ထားပါတယ်။ ဒီသေတ္တာ အပြင်

ဘက်ဆုံးက တံခါးကိုဖွင့်လိုက်ရင် ဘဏ္ဍာတိုက်ခန်းလို လုံခြုံတဲ့အခန်းတစ်ခုကို တွေ့ရပါလိမ့်မယ်။ ဒီအခန်းမှာ ကျွန်တော်ပိုင်ဆိုင်တဲ့ ငွေနဲ့ ပစ္စည်းများထားပါတယ်။

..သတ္တာမှာ အတွင်းခန်းတစ်ခု သီးသန့်ရှိပါသေးတယ်။ အတွင်းခန်းမှာ တံခါးနှစ်ချပ်ရှိပြီး ဒီတံခါးနှစ်ချပ်ကို ပိတ်တဲ့နည်းက တစ်မျိုးစီ ခြားနားပါတယ်။

အတွင်းခန်းက တံခါးနှစ်ချပ်အနက် အပြင်ဘက်ကျတဲ့တံခါးကို သံမဏိပြား ပါးပါးကလေးနဲ့ အဆက်အစပ် အရာမထင်ရအောင် လုပ်ထားခြင်းဖြစ်ပါတယ်။

ဒီတံခါးကို အာမခံသေတ္တာရှေ့ဘက်ကနေပြီး ကြည့်လိုက်မယ်ဆိုရင် သေတ္တာရဲ့ကျောဘက်ဖြစ်တယ်လို့ ထင်ရအောင် ဆေးသုတ်ထားပါတယ်။ နောက်ပြီး ဒီတံခါးဟာ အခန်းနံရံနဲ့ တစ်ပြေးတည်းရှိနေတဲ့အတွက် သေတ္တာရဲ့ထုထည်ကို အပြင်ကပဲ တိုင်းသည်ဖြစ်စေ၊ အတွင်းကပဲ တိုင်းထွာကြည့်သည်ပြစ်စေ၊ တညီတည်းဖြစ်တယ်ဆိုတာ တွေ့ကြရလိမ့်မယ်။

ဒီတံခါးကို ရိုးရိုးသော့နဲ့ပဲ ဖွင့်လို့ရပါတယ်။ ဥက္ကဋ္ဌကြီးကို အစီရင်ခံလိုက်တဲ့အတိုင်း ကျွန်တော် အိမ်ကထွက်လာခဲ့တော့ ဒီတံခါးကို ဖွင့်ထားခဲ့တာ အမှန်ပါပဲ"

"ဒီလောက်ထင်ရှားတဲ့ ထောင်ချောက်မှာ ဥက္ကဋ္ဌကြီးကို ဖမ်းမိလိမ့်မယ်လို့ ရှင်ထင်သလား၊ ဥက္ကဋ္ဌကြီးဟာ ဒီလောက်တောင် ရိုး,အမနေပါဘူး။ နောက်ပြီး ရှင်ပြောတဲ့ အတွင်းတံခါးကိုလည်း သပ်သွင်းပြီး ဖွင့်လိမ့်မယ်ဆိုတာ သံသယဖြစ်နေစရာ လိုမယ်မထင်ပါဘူး"

စောရပီတာ၏စကားကိုဖြတ်၍ နံပါတ် ၂ က ၎င်း၏ထင်မြင်ချက်ကို ပြောလိုက်၏။



"ဟုတ်ပါတယ်၊ သံသယဖြစ်နေစရာ လိုမယ်မထင်ပါဘူး။ ဒါပေမယ့် ဒီအပြင်တံခါးကို အတွင်းတံခါးလို့ မှတ်ထင်နေမှာ စိုးရိမ်ရတာတစ်ခုပါပဲ"

အာမခံ သေတ္တာအတွင်းခန်းမှာ အပြင်တံခါးတစ်ချပ်ရှိတဲ့အပြင်အဲဒီအပြင်တံခါးနဲ့ ကပ်လျက်သား အတွင်းတံခါးတစ်ခု ရှိပါသေးတယ်။ ဒီအတွင်းတံခါးကို အုတ်တံတိုင်းနံရံရဲ့ ဒု အထုထဲမှာ အထူးလျှို့ဝှက်ပြီး ဆွဲတံခါးအဖြစ် ပြုလုပ်ထားတဲ့အတွက် ဒီတံခါးရှိမှန်းမသိတဲ့လူဟာ ဘယ်လောက်ရှာပေမယ့် တွေ့နိုင်မယ်မထင်ပါဘူး။

ဒီတော့ ကျွန်တော်တို့ ရိုသေလေးစားထိုက်တဲ့ ဥက္ကဋ္ဌကြီးအဖို့ အာမခံသေတ္တာအတွင်းခန်းကို တိုက်ရိုက်ဝင်သွားရုံပဲ ရှိပါတယ်။

သေတ္တာအတွင်းခန်းကို ထမင်းချက်ခန်းအဟောင်းက မီးခိုးခေါင်းတိုင်လုပ်ထားတဲ့ အုတ်နံရံ တစ်ဆက်တည်းထုတ်ထားတဲ့အတွက် အပြင်ကနေပြီးကြည့်ရင်လည်း မသိနိုင်ပါဘူး။ ကျွန်တော်ပြောတာ ရှင်းပါတယ်နော်"

ပီတာက ခေါင်းညိတ်၍ပြလိုက်ပြီး ယခင်ထက် ခမ်းနား ကြီးကျယ်သော အမူအရာဖြင့် ၎င်း၏ 'အာမခံသေတ္တာ ဇာတ်မဟာ' အကြောင်းကို ပြန်ပြောင်း၍ ဦကာချဲ့နေလေသည်။

"ဒီစောရဂိုဏ်းကြီးက အသင်းသူအသင်းသားတွေရဲ့ မှတ်တမ်းအရပ်ရပ်ကို ရေးသွင်းထားတဲ့ ကျွန်တော့်စာအုပ်ဟာ အင်မတန်ကြီးမားတဲ့စာအုပ်ကြီးဖြစ်ပါတယ်။ အောက်ထပ်ရုံးခန်းမှ ဥက္ကဋ္ဌကြီးအသုံးပြုတဲ့ လယ်ဂျာစာရင်းစာအုပ်ထက် အဆမတန် ကြီးမားလေးလံပါသေးတယ်။

ဒါထက် စကားမစပ် အဲဒီလယ်ဂျာစာအုပ်ကြီးကို လုံခြုံတဲ့နေရာမှာထားပြီးပြီလို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒီစာအုပ်ကို ပုလိပ်အရာရှိတွေ ရသွားတာထက် လုပ်သက်နုသေးတဲ့ အသင်းသားတစ်ယောက်ယောက်က ရသွားမယ်ဆိုရင် မလိုလားအပ်တဲ့ကိစ္စတွေ ပေါ်ပေါက်လာပါလိမ့်မယ်"

"ဒီစာအုပ်ကို လုံခြုံစိတ်ချရဟဲ့ နေရာမှာထားပြီးပါပြီ။ ရှင့်ဇာတ်လမ်းကိုသာ ဆက်စမ်းပါ"

နံပါတ် ၂ က အကျိုးအကြောင်းကို သိလိုလှပြီဖြစ်၍ မြန်မြန်ထက်ထက်ပင် အဖြေပေးလိုက်၏။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ဒီလိုသိရတဲ့အတွက် ကျွန်တော့်စိတ်ထဲမှာ အတော်ကလေး အေးသွားပါတယ်။

စောစောက ကျွန်တော်ပြောနေတဲ့ အသင်းဝင်တွေရဲ့ မှတ်တမ်းစာအုပ်ကြီးဟာ အတွင်းခန်းနောက်ဘက်မှာရှိတဲ့ သံမဏိစာအုပ်စင်ပေါ်မှာ တင်ထားပါတယ်"

"ဒါထက် ခဏနေပါဦး၊ ကျွန်တော် ဒီအတွင်းခန်းအကြောင်း မပြောရသေးဘူးထင်ပါရဲ့။ သေတ္တာအတွင်းခန်းဟာ အမြင့်ခြောက်ပေ၊ အကျယ်သုံးပေနဲ့ စောက်အနက် သုံးပေရှိပါတယ်။

အရပ် သိပ်မမြင့်တဲ့လူတစ်ယောက်ဟာ ဒီအတွင်းခန်းထဲမှာ ကောင်းကောင်းကြီး မတ်တတ်ရပ်နေနိုင်ပါတယ်။ ကျွန်တော်နဲ့ဆိုရင် အတော်ပဲ။

ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အရပ်က ငါးပေ ရှစ်လက်မပဲ ရှိတာကိုး၊ ဥက္ကဋ္ဌကြီးဆိုရင် ကျွန်တော့်ထက် အရပ်မြင့်လို့ နည်းနည်းတော့ ကျပ်နေမှာပဲ။ ဒါပေမယ့် ရပ်ရတာ ညောင်းလို့ရှိရင် ထိုင်နေလို့



ကောင်းကောင်းရပါတယ်။

ဒါထက် စကားမစပ် ခင်ဗျားတို့သိသလား မဆိုနိုင်ဘူး။ ကျွန်တော့်ကို တုပ်နှောင်ထားတာ အတော်ပဲတင်းကျပ်နေပါတယ်"

"ကျွန်မက ရှင့်အရိုးတွေ ကျေမွသွားအောင် တုပ်နှောင်ထားစေချင်တယ်။ ဒီလူကိုရိုက်စမ်းပါ။ ဒီလူဟာအချိန်ဆွဲချင်တာနဲ့ စကားကြော ရှည်နေတာပါ"

"ကျွန်တော့်ကိုရိုက်မယ်ဆိုရင် ကျွန်တော်ကလည်း ဘာမှမပြောဘဲ နေလိုက်ရုံပေါ့။ စိတ်အေးအေးထားပြီး စဉ်းစဉ်းစားစားလုပ်ပါ။ ခင်ဗျားတို့ဘုရင် အကျပ်အတည်းနဲ့ ရင်ဆိုင်နေတဲ့အချိန်မှာ ကမူးရှူးထိုးလုပ်ရင် မှားကုန်ပါလိမ့်မယ်"

"မင်းပြောစတာရှိတာ ဆက်ပြောစမ်းပါ"

နံပါတ် ၂ က စိတ်မရှည်နိုင်တော့သလို ခြေကိုဆောင့်ရင်း ဒေါသဖြင့် အော်၍ပြောလိုက်၏။

"ပြောနေရင်းက ဘယ်နေရာရောက်သွားပြီလဲ မဆိုနိုင်ဘူး၊ အဲ...အတွင်းခန်းအကြောင်း ပြောနေတာပဲ။ အတွင်းခန်းမှာ လေဝင်ပေါက် မရှိတဲ့အတွက် နည်းနည်းတော့ ပူစပ်စပ်ရှိနေပါလိမ့်မယ်။ ဒါထက် သံမဏိစာအုပ်စင်ပေါ်မှာ ကျွန်တော့်မှတ်တမ်းစာအုပ်ထူထူကြီး ရှိတာကို ကျွန်တော် ပြောပြပြီးပါပြီ"

"ဟုတ်ပါတယ်၊ မင်းပြောပြီးပါပြီ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ သံမဏိစာအုပ်စင်ကို အင်မတန် ပျော့ပျောင်းတဲ့ စပရင်တစ်ခုပေါ်မှာ ချိန်သားကိုက်အောင် တင်ထားပါတယ်။

ဒီစပရင်ကိုလည်း မမြင်ရအောင် သေတ္တာအတွင်းဘက်မှာ မြှုပ်

ပြီး တပ်ဆင်ထားပါတယ်၊ အင်မတန်လေးတဲ့ စာအုပ်ထူကြီးကို မ,ယူလိုက်တာနဲ့ တစ်ပြိုင်နက် စပရင်ဟာ ကြွတက်လာပြီး သံမဏိစာအုပ်စင်ဟာလည်း မျက်စိနဲ့မမြင်နိုင်လာက်အောင် ဖြည်းဖြည်းချင်း အပေါ်ကို မြင့်တက်လာပါလိမ့်မယ်။

ဒီလို သံမဏိစာအုပ်စင်က မမြင်နိုင်လောက်အောင် တဖြည်းဖြည်း မြင့်ကက်လာတဲ့အချိန်မှာ လျှပ်စစ်ဓာတ်အားဆက်သွယ်မှုကို ဖန်တီးဖြစ်ပေါ်စေတယ်"

"ခင်ဗျားစဉ်းစားကြည့်စမ်းပါ၊ ကျွန်တော်တို့ရဲ့ ရိုသေလေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးဟာ အတွင်းခန်းတံခါး ပွင့်နေတာမြင်တာနဲ့ တစ်ပြိုင်နက် အထဲကိုဝင်သွားမှာပဲ။

စာအုပ်ကိုတွေ့တာနဲ့ ဆတ်ခနဲဆွဲယူပြီး ဒီစာအုပ် ဟုတ်,မဟုတ် စာအုပ်ကိုဖွင့်ပြီး ကြည့်လိုက်ပါလိမ့်မယ်။ ဒီစာအုပ် ဟုတ်ပြီလို့သိရင် ကျွန်တော်ပြောခဲ့တဲ့အတိုင်း လက်ဗွေပုံစံတွေ ရှိနေတဲ့ အရာဝတ္ထုကလေးတွေကို လိုက်ပြီးရှာလိမ့်မယ်။

ဒီလိုကြည့်ရှု ရှာဖွေနေတဲ့ အချိန်ပိုင်းကလေးအတွင်းမှာ ဘာသံမှ မကြားရဘဲနဲ့ တရိပ်ရိပ်မြင့်တက်နေတဲ့ သံမဏိစာအုပ်စင်ကို အောက်မှာ ခံထားတဲ့ စပရင်ကို ဖိနှိပ်ထားရာက လွှတ်ပေးလိုက်သလို ဖြစ်နေစေတယ်။

ဒီအချိန်မှာ စပရင်ရဲ့ ရှန်းကန်တဲ့အားကြောင့် သူနဲ့ဆက်သွယ်ထားတဲ့ လျှို့ဝှက်အံဖုံးတံခါးဟာ ဥက္ကဋ္ဌကြီးကို နောက်ကျောကနေပြီး ကျားခုန်ပြီး အုပ်လိုက်သလို ဖြန်းခနဲ ပိတ်မိသွားမှာပါပဲ"

"အမယ်လေး...ဘုရားသခင်..."

မိန်းမသားတစ်ဦးပင်ဖြစ်သော စာရေးဂိုဏ်းဝင် နံပါတ် ၂ သည်



ပီတာ၏စကားကို ကြားလိုက်ရလျှင် ဆောက်တည်ရာမရနိုင်အောင် ကယောင်ချောက်ချားဖြစ်၍သွားခဲ့သည်။

မျက်နှာတွင်စွပ်ထားသော မျက်နှာဖုံးကိုပင် ဆွဲချွတ်တော့မလို ဖြစ်သွားခဲ့သည်။

ထို့နောက်မှ သူ၏ဒေါသက ပေါက်ကွဲ၍ ထွက်လာကြ၏။

"ရှင် တော်တော်ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ အတွင်းတံခါးကို ဘယ်စာလုံးနဲ့ဖွင့်ရတယ်ဆိုတာ မြန်မြန်ပြောပါ။ ရှင်မပြောရင် ရှင့်လည်ပင်းကိုညှစ်ပြီး ပြောအောင်လုပ်ရလိမ့်မယ်"

"ဖွင့်ရမယ့်စာလုံးက မှတ်ရမှာ မခက်ပါဘူး၊ ဒါပေမယ့် ဒီစာလုံးကို ကျွန်တော်တို့ မေ့ပျောက်နေခဲ့တာ အတော်ကြာပါပြီ။ ခင်ဗျားမှတ်မိပါလိမ့်ဦးမယ်။ ခင်ဗျားတို့ ကျွန်တော်တို့ ကလေးအရွယ်က 'အလီဘာဘာနဲ့ ခိုးသားလေးဆယ်ဝတ္ထု'ကို နားထောင်ခဲ့ကြဖူးတယ် မဟုတ်လား။ ကျွန်တော် ဒီတံခါးကိုလုပ်ဖို့ စဉ်းစားကြည့်တုန်းက ကျွန်တော့်စိတ်ဓာတ်တွေဟာ ငယ်စဉ်တောင်ကျေး ကလေးအရွယ်က ပုံဝတ္ထုတွေ နားထောင်ရင်း ပျော်ပျော်ရွှင်ရွှင်နဲ့ ကုန်ဆုံးခဲ့ရတဲ့အချိန်ကို သွားပြီး စိတ်ဝင်စားနေခဲ့မိတယ်။ တံခါးကိုဖွင့်နိုင်တဲ့ စကားကတော့ ...'အိုးပင်း ဆက်စမိန်း' ဖြစ်ပါတယ်"

"အဲ...မင်းရဲ့ ဉာဏ်နီ ဉာဏ်နက်နဲ့ ထွင်ထားတဲ့ ထောင်ချောက်ထဲမှာ လူတစ်ယောက်ဟာ ဘယ်လောက်ကြာကြာ အသက်ရှင်နေနိုင်မလဲ"

နံပါတ် ၂ က အလောတကြီးမေးခွန်းထုတ်လိုက်၏။

"အို...ကျွန်တော့်စိတ်ထင်တော့ ဥက္ကဋ္ဌကြီးဟာ အထဲမှာ အေးအေးဆေးဆေးနေပြီး အော်လားငေါက်လား၊ ထုလားရိုက်လား လုပ်

မနေနိုင်ရင် နာရီပေါင်းအတော်ကြာအောင် သက်သက်သာသာ နေနိုင်ပါတယ်။ အခုအချိန် ကျွန်တော်တို့ သူ့ကိုသွားကယ်မယ်ဆိုရင် သိပ်ပြီး ဆိုးဆိုးဝါးဝါး မဖြစ်နိုင်သေးပါဘူး"

"ကဲ...ဒါဖြင့် ကျွန်မကိုယ်တိုင် သွားမယ်၊ ဒီလူကိုခေါ်သွားပြီး ရှင်တို့ထင်သလို လုပ်ကြစမ်းပါ။ ဒါပေမယ့် သူ့ကို မသေပါစေနဲ့ဦး။ သူ့ဇိဝိန်ပြုတ်တာကို ကျွန်မ ကြည့်ရမှကျေနပ်မယ်"

"တစ်ဆိတ်ကလေး သည်းခံပါဦးခင်ဗျာ၊ ခင်ဗျားသွားမယ်ဆိုရင် ကျွန်တော့်ကိုပါ ခေါ်သွားမှ ဖြစ်တော့မှာပေါ့"

"ဘာကြောင့် ခေါ်သွားရမှာလဲ ပြောစမ်းပါဦး"

"ဘာကြောင့်လဲဆိုရင် ဒီတံခါးကိုဖွင့်နိုင်တာ ကျွန်တော်တစ်ယောက်တည်းရှိလို့ ဖြစ်ပါတယ်"

"ရှင် ကျွန်မကိုပြောတဲ့စကားလုံးဟာ လိမ်ပြောတာပေါ့လေ ဟုတ်လား"

"မဟုတ်ပါဘူး၊ စကားလုံးက မှန်ပါတယ်၊ ဒါပေမယ့် ဒီတံခါးက သိပ္ပံနည်းနဲ့လုပ်ထားတဲ့ နောက်ဆုံးပေါ် ခေတ်အဆန်ဆုံး လျှပ်စစ်တံခါးဖြစ်ပါတယ်။

ဒီလိုတံခါးမျိုး တီထွင်နိုင်တဲ့အတွက် ကျွန်တော် ဂုဏ်ယူလို့ မဆုံးပါဘူး၊ ဒီတံခါးဟာ 'အိုးပင်းဆက်စမိန်း'လို့ ပြောလိုက်ရင် ပွင့်သွားတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အသံနဲ့ပြောမှ ပွင့်အောင် လုပ်ထားတာပါ"

"ရှင့်အသံနဲ့မှ ဟုတ်လား၊ ရှင့်အသံကို ကျွန်မကိုယ်တိုင် လည်ပင်းညှစ်ပြီး ထုတ်ယူလိုက်မယ်၊ ရှင့်အသံနဲ့မှ ရမယ်ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ ပြောစမ်းပါ"



"ကျွန်တော့်လည်ပင်းကိုတော့ မညှစ်လိုက်ပါနဲ့ဗျာ၊ ကျွန်တော့်အသံ ပြောင်းသွားလို့ရှိရင် တံခါးက မှတ်မိတော့မှာမဟုတ်လို့ ဖွင့်ရမှာ မဟုတ်ဘူး"

"ဒီတံခါးက အတော်ကလေး ချေးများတယ်၊ စခန်းကြီးတတ်တယ်၊ ကျွန်တော် တစ်ခါက အအေးမိပြီး နှာစေးချောင်းဆိုးဖြစ်တော့ ကျွန်တော့်အသံသြကြီးနဲ့ ဖွင့်လို့မရဘဲ တစ်ပတ်လောက်ကြာနေခဲ့တယ်၊ ဘာမှမဖြစ်တဲ့ ရိုးရိုးအချိန်မှာတောင် တစ်ခါတလေ အသံအနိမ့်အမြင့်ညှိပြီး သံမှန်ရအောင် အတော်ကလေး ကြိုးစားပြောရတယ်"

"ဒါ အမှန်ပဲလား၊ သူပြောတာတွေ ဖြစ်နိုင်သလား"

နံပါတ် ၂ က အနီးတွင်ရပ်နေသော ဂင်တိုတိုနှင့် အသင်းသားတစ်ယောက်အား လှမ်း၍ မေးလိုက်၏။

"မှန်ပါတယ်၊ သူပြောတဲ့စကားအတိုင်း ဖြစ်နိုင်ပါတယ်"

ထိုအသင်းသားက သွက်သွက်လက်လက် ထောက်ခံလိုက်ပုံကို အကဲခတ်ခြင်းအားဖြင့် ထိုသူမှာ အထက်တန်းကျသော အင်ဂျင်နီယာတစ်ယောက် ဖြစ်ဟန်လက္ခဏာရှိပေသည်။

"ဒီတံခါးဟာ လျှပ်စစ်ဓာတ်အားနဲ့ တီထွင်လုပ်ကိုင်ထားတာဟုတ်သလား၊ မင်းနားလည်သလား"

နံပါတ် ၂ က ထိုအသင်းသားအား ဆက်၍ မေးခွန်းထုတ်နေပြန်၏။

"ဟုတ်ပါတယ်၊ ဒီတံခါးတပ်ဆင်ထားတာဟာ မိုက်ကရိုဖုန်းခေါ်တဲ့ အသံတိုးတိုးကလေးကို အသံကျယ်ကျယ်ဖြစ်လာအောင် ပြုလုပ်နိုင်တဲ့ ကရိယာတစ်မျိုးနဲ့ စီစဉ်လုပ်ကိုင်ထားခြင်း ဖြစ်ပါတယ်"

"အိုးပင်းဆက်စမိန်း"လို့ ပြောလိုက်တဲ့အသံဟာ မိုက်ကရိုဖုန်းကြောင့် ကျယ်လောင်တဲ့အသံလို ဖြစ်ပေါ်စေပြီး ဒီအသံလှိုင်းကလေးတွေဟာ လျှပ်စစ်ဓာတ်အားနဲ့ ဆက်သွယ်ပြုလုပ်ထားတဲ့ အပ်ကလေးကို သွားပြီး တိုးမိပါတယ်။ အသံလှိုင်းရဲ့ လှုပ်ရှားမှု မှန်ကန်လို့ရှိရင် လျှပ်စစ်အပ်ကလေးဟာလည်း လိုချင်တဲ့အနေအထား ရောက်လာပြီး တစ်ပတ်လည်သွားတာနဲ့ တစ်ပြိုင်နက် တံခါးဟာ အလိုအလျောက် ပွင့်သွားနိုင်ပါတယ်"

"တံခါးကို အသံလှိုင်းနဲ့ပွင့်သွားအောင် လုပ်နိုင်သလို အလင်းရောင်နဲ့လည်း ပွင့်အောင်လုပ်နိုင်ပါတယ်, အသံမှာ လှိုင်းရှိသလို အလင်းရောင်မှာလည်း လှိုင်းရှိပါတယ်"

"ဒီတံခါးကို လက်နက်ကိရိယာတွေနဲ့ ဖွင့်လို့မရနိုင်ဘူးလား"

"အချိန်တော်တော်ကြာကြာယူပြီးဖွင့်မှ ရနိုင်ပါလိမ့်မယ်၊ ခေတ်မီသိပ္ပံနည်းနဲ့ ပြုလုပ်ထားတဲ့ စက်ကရိယာတွေကို အလွယ်တကူ ပျက်စီးမသွားအောင် ကာကွယ်ထားမှာဖြစ်လို့ ဒီစက်ယန္တရားကို ခြေမွဖျက်ဆီးနိုင်မှ တံခါးကို ဖွင့်လို့ရပါလိမ့်မယ်"

"ခင်ဗျားပြောတာ အမှန်ပါပဲ"

စောရစုံထောက် ပီတာက သုတီထွင်ထားသော သိပ္ပံနည်းကျသည့် စက်ယန္တရားကို အခြားစုံထောက်တစ်ယောက်က ချီးကျူးပြောဆိုနေသောအခါ လက်ရှိအကျဉ်းသားဘဝကိုပင် မေ့ပျောက်နေမိလေသည်။

ပီတာက ဝမ်းသာရွှင်မြူး ကြည်နူးနေမိသလောက် နံပါတ် ၂ ခမျာမှာ ဥက္ကဋ္ဌကြီးအတွက် အပူမီးတောက်ကာ သောကရောက်လျက်နေရှာသည်။



"ကျွန်တော်တို့အားလုံး ဒုက္ခရောက်ကုန်ကြတော့မယ်ထင်ပါရဲ့"

အင်ဂျင်နီယာတစ်ယောက် ဖြစ်ဟန်ရှိသော အသင်းသားက ပီတာ၏လက်စွမ်းကို ချီးမွမ်းသောလေသံဖြင့် ပြောလိုက်၏။

"မဟုတ်သေးပါဘူး၊ ဒီစက်ယန္တရားကိုလုပ်တဲ့ အလုပ်သမားတော့ သိမှာပဲမဟုတ်လား"

နံပါတ် ၂ က သူစဉ်းစားမိသော ထွက်ရပ်လမ်းကို စုံစမ်းမေးမြန်းလိုက်၏။

"အဲဒီလူက ဂျာမနီမှာပါ"

ပီတာက ခပ်တိုတို အဖြေပေးလိုက်သည်။

"ဩော်...သိပြီ...သိပြီ...ကျွန်မ စဉ်းစားရပြီ၊ ဓာတ်စက်နဲ့ သူ့အသံသွင်းပြီး တံခါးဖွင့်ခိုင်းရင် ရနိုင်မှာပဲမဟုတ်လား၊ ကိုင်း...မြန်မြန်လုပ်စမ်းပါ"

အကြံကုန် ဂဠုန်ဆားချက်ဆိုသလို မိန်းမသားတစ်ဦးဖြစ်သော နံပါတ်(၂)က ဥက္ကဋ္ဌကြီး လွတ်မြောက်ရေးအတွက် အမျိုးမျိုးကြိုးစား၍ အကြံဉာဏ်ထုတ်နေလေသည်။

"အမျိုးသမီးကြီးပြောတဲ့ အကြံဉာဏ်ဟာ မဖြစ်နိုင်ပါဘူးခင်ဗျာ၊ တနင်္ဂနွေနေ့ မနက်အရုဏ်မတက်ခင် သုံးနာရီခွဲအချိန်လောက်မှာ အသံသွင်းမယ့် ဓာတ်ပြားကရိယာပစ္စည်းတွေကို ဘယ်လိုနည်းနဲ့မှ ရနိုင် မယ်မဟုတ်ပါဘူး၊ ဒီပစ္စည်းတွေ လိုက်ရှာနေရင်းနဲ့ပဲ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးဟာ မရှုမလှ..."

မှဆိုး၏ထောင်ချောက်အတွင်း၌ မိကာ မချိတရိဝေဒနာ ခံစားနေရသော ကေသရာဇာခြင်္သေ့မင်းအား နည်းအမျိုးမျိုးဖြင့် ကယ်တင်ရန် ကြိုးစားသော်လည်း အကျိုးမထင်ဘဲ ထွက်ရပ်လမ်းကို မမြင်

နိုင်အောင် ရှိနေကြလေသည်။

အခန်းကြီးတစ်ခုလုံး တိတ်ဆိတ်၍ငြိမ်သက်နေကြသော်လည်း အပြင်ဘက်တွင်မူကား လှုပ်ရှားစပြုလာသော မိုးသောက်ယံ၏ အသံများကို ကြားနေရလေပြီ။ ခပ်ဝေးဝေးမှ တီးလိုက်သော မော်တော်ကားဟွန်းသံတစ်ခုက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။ မိုးသောက်ယံ၏ အရုဏ်ဦးသည် ဖူးပွင့်၍လာတော့မည်ဖြစ်ပေသည်။

နောက်ဆုံးတွင် နံပါတ်(၂)၏ စိတ်ပျက်အားလျော့သော အသံက ပိတာအား သနားစဖွယ် တောင်းပန်လိုက်သည်ကို ကြားကြရလေသည်။

"ကျွန်မတော့ လက်မြှောက်အရှုံးပေးပါပြီ၊ ကျွန်မတို့ ဒီလူကို ကြိုးတွေဖြေပြီး လွှတ်လိုက်မယ်၊ ရှင်က သူ့ဆီကို မြန်မြန်သွားပြီး ရအောင် ကယ်ဆယ်ပေးပါ၊ ရှင်ဟာ သစ္စာဖောက်တစ်ယောက်ပေမယ့် ဒီနေရာမှာတော့ သစ္စာရှိတဲ့လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင်...သူ့ကို သွားကယ်မှာမဟုတ်လား..."

"သူ့ကို လွှတ်လိုက်မယ် ဟုတ်လား။ သူ့ကို လွှတ်လိုက်ရင် ပုလိပ်ကို သွားပြီး သတင်းမပေးဘူးလို့ ခင်ဗျား ပြောနိုင်မလား၊ ဥက္ကဋ္ဌကြီးကို မိနေပေမယ့် ကျွန်တော်တို့ အမိမခံနိုင်ဘူး။ အချိန်ရှိတုန်း ကျွန်တော်တို့ လွတ်မြောက်ရေးလမ်းစကို ရှာရမှာပဲ မဟုတ်လား"

"ကဲ...အသင်းသားတွေ ဒီအကျဉ်းသားကို မြေတိုက်ခန်းထဲခေါ်သွားပြီး မလှုပ်နိုင်အောင် တုပ်နှောင်ထားကြစမ်းပါ။ သူ့ကို နည်းနည်းမှ အသံမထွက်စေနဲ့၊ သူ အော်လားပြုလားလုပ်ရင် တစ်ရပ်ကွက်လုံး နိုးကုန်ကြလိမ့်မယ်"



"ကျွန်တော်က လယ်ဂျာစာအုပ်ကို သွားပြီး ဖျက်စီးလိုက်မယ်၊ ခင်ဗျားတို့ ကျွန်တော့်ကိုမယုံရင် ခင်ဗျားတို့ရှေ့မှာပဲ ဖျက်ဆီးပြပါ့မယ်၊ ကဲ...နံပါတ်(၃၀)၊ ခင်ဗျားက မိုင်းဗုံးခလုတ် ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိတယ်မဟုတ်လား၊ ကျွန်တော်တို့ ရှောင်သာတိမ်းသာအောင် ဆယ့်ငါးမိနစ် အချိန်ပေးပါ၊ အချိန်စေ့တာနဲ့ တစ်ပြိုင်နက် ဒီ'စောရဂေဟာ'ကြီးကို လက်သံပြောင်ပြောင်နဲ့ မီးလောင်တိုက်သွင်းလိုက်ပေတော့"

ထက်ထက်မြက်မြက်ရှိဟန်တူသော အသင်းသားတစ်ယောက်က နံပါတ်(၂)၏ အစီအစဉ်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်ပြီး ၎င်း၏ သဘောအတိုင်း အမိန့်ပေးလိုက်၏။

"မဟုတ်သေးပါဘူး၊ ရှင်တို့ ဥက္ကဋ္ဌကြီးကို ဒီအတိုင်း အမိခံခိုင်းတော့မှာလား၊ သူဟာ ရှင်တို့ကို ဦးဆောင်မှုပေးတဲ့ ဥက္ကဋ္ဌကြီး မဟုတ်လား၊ ခေါင်းဆောင်တစ်ယောက်မဟုတ်လား၊ ကျွန်မရဲ့...ကျွန်မတော့ ဒီလိုအဖြစ်မခံနိုင်ဘူး၊ ဒီအကျဉ်းသားကို လွှတ်ပေးပါ၊ ရှင်တို့ အထဲက တစ်ယောက်ယောက်လာပြီး ကြိုးဖြေပေးစမ်းပါ"

"ခုအချိန်မှာ ဒီလိုလုပ်နေလို့ မဖြစ်တော့ဘူး"

စောစောက ကန့်ကွက်ပြောဆိုခဲ့သော အသင်းသားက နံပါတ်(၂)၏ လက်ကောက်ဝတ်ကို ဖမ်း၍ဆွဲလိုက်သဖြင့် စောရဘုရင်၏ ညာလက်ရုံးဖြစ်သူ အမျိုးသမီးက ထိုသူ၏လက်ထဲတွင် ရုန်းကန်သတ်ပုတ်ရင်း လွတ်မြောက်အောင် ကြိုးစားနေသည်။

"စဉ်းစဉ်းစားစားနဲ့ လုပ်ကြပါ၊ နောက် တစ်နာရီ နှစ်နာရီလောက်ဆိုရင် မိုးလင်းတော့မယ်၊ ပုလိပ်တွေဟာ မိနစ်ပိုင်းအတွင်း ဒီကိုရောက်လာနိုင်တယ်"

အရပ်မြင့်မြင့်နှင့် အသင်းသားတစ်ယောက်က ဝင်ရောက် သတိပေးလိုက်၏။

"ပုလိပ်...ဟုတ်လား"

နံပါတ်(၂)က မိမိ၏ သတိသမ္ပဇဉ်ကို ဉာဏ်နှင့်ယှဉ်၍ ထိန်းချုပ်လိုက်ပြီး ထိုအသင်းသား၏ အကြံပေးချက်ကို ထောက်ခံလိုက်၏။

"ဟုတ်တယ်...ဟုတ်တယ်...မင်းပြောတာ မှန်တယ်၊ ကြောင်တစ်ကောင်အတွက် ကြွက်တမြို့လုံး ဒုက္ခရောက်ရမယ်ဆိုတာ မဖြစ်နိုင်ဘူး 'သူ'ကိုယ်တိုင်ကလည်း ဒီလိုဖြစ်မှာကို နှစ်သက်မယ်မဟုတ်ပါဘူး၊ ကဲ...ဒီအကောင်ကို အသုဘလုပ်ရအောင် မြေတိုက်ခန်းထဲကိုသာ ခေါ်သွားပေတော့၊ အခု ကျန်သေးတဲ့အချိန်ကလေးအတွင်းမှာ အသင်းသား အသင်းသူတွေဟာ လူစုခွဲပြီး ကိုယ့်နေရာအရပ်ကို ပြန်ကြပေတော့"

"ကျန်တဲ့အကျဉ်းသားတစ်ယောက်ကို ဘယ်လိုစီရင်ကြမလဲ"

"ဒီကောင်က အရူးပါ၊ ကျွန်မတို့ကို ဘယ်လိုမှ ဒုက္ခမပေးနိုင်ပါဘူး၊ ဘာမှသိတဲ့အကောင် မဟုတ်ဘူး၊ သူ့ကိုလွှတ်လိုက်ပါ"

နံပါတ်(၂)က အရေးပေါ် အမိန့်ပြန်တမ်းကို ကြေညာစာကမ်းလိုက်ပြီးနောက် မိနစ်အနည်းငယ်အတွင်းမှာပင် ပီတာအား ဆိုင်းမပါဘုံမဆင့်ဘဲ မြေတိုက်ခန်းထဲသို့ ပစ်ချလိုက်ကြလေသည်။

မိမိ၏ စိတ်ကူးဉာဏ်ကို အထင်ကြီးခဲ့သော တစ်ကိုယ်တော်စွန့်စားရေးသမား စောရစုံထောက် ပီတာက စောရဂိုဏ်းသားတို့၏ အပြုအမူကို အံ့သြ၍မကုန်နိုင်အောင် ဖြစ်နေမိသည်။

စောရတို့၏ ထိပ်ခေါင် မိုးမှောင်တို့၏ အဓိပတိဖြစ်သော ဥက္ကဋ္ဌကြီး အသက်ရှင်ရေးအတွက် မိမိအား ဖြေလွှတ်၍ ၎င်းတို့၏ အရှင်



သခင်ကို ကယ်တင်သင့်စေပါလျက် စောရဂိုဏ်းသားများသည် အဘယ်ကြောင့် ငြင်းပယ်ခဲ့ကြလေသနည်း။

မိမိသည် ဦးနှောက်ကို များစွာအသုံးချကာ ဉာဏ်ကိုလွှာနိုင်သမျှလွှာ၍ ခေါင်းတုံးပေါ်ထိပ်ကွက်ရန် စွန့်စွန့်စားစား ရဲရဲဝံ့ဝံ့နှင့် အောင်လံကို လွှင့်၍လာခဲ့သူ မဟုတ်ပါလား။

ယခုသော်တမူ စောရဂိုဏ်းသူကြီးသည် မိမိအား မိုင်းဗုံးစာကျွေး၍ ဤအိမ်ကြီးနှင့်အတူ 'စတေး'ရန် အမိန့်ပေးခဲ့လေပြီတကား။

ပီတာက ဖြစ်ပေါ်လာသောအခြေအနေကို မယုံကြည်နိုင်လောက်အောင်ပင် ရှိနေလေသည်။

သူ့အား မြေတိုက်ခန်းထဲသို့ ဆွဲယူခဲ့သော အသင်းသားများက သူ၏ခြေမျက်စိနှစ်ဖက်ကိုပူး၍ သားရေကြိုးများဖြင့် တုပ်နှောင်လိုက်၏။ ထို့နောက် လျှပ်စစ်မီးများကို ပိတ်ထားခဲ့ပြီး ထွက်ခွာသွားကြလေသည်။

"ဟေး...'ကမရက်' ဒီမှာ တစ်ယောက်တည်း ထိုင်နေရမှာ မီးကလေးတော့ ဖွင့်ထားခဲ့ဦးမှပေါ့"

ပီတာက အသင်းသားတစ်ယောက်၏အမည်ကို အော်ခေါ်ပြီး ပြောလိုက်၏။

"မင်း...မှောင်ထဲမှာ ကြာကြာမနေရပါဘူး၊ အခုပဲ မိုင်းဗုံးက စနက်တံကို တပ်ဆင်နေကြပြီ၊ စိတ်အေးလက်အေးသာ နေပါ မိတ်ဆွေရာ"

သူတို့က ဟားတိုက်၍ ရယ်လိုက်ကြပြီး အပြင်ဘက်သို့ ထွက်ခွာသွားကြလေသည်။

■

## [၈]

ကံကြမ္မာက သူ့အတွက် ဤသို့ပင် ဖန်လာခဲ့ပြီဖြစ်၏။ စောရ စုံထောက် ပီတာအား စောရဂေဟာကြီးနှင့်အတူ စောရဂိုဏ်းသားတို့ ပေးအပ်သော မိုင်းဗုံးလက်ဆောင်ဖြင့် မိမိ၏ဈာပနကို ပြုချကြပေ တော့မည်။

မိမိတို့သာ ဤမဟာပထဝီမြေကြီးပေါ်မှာ ပျောက်ကွယ်သွားခဲ့ လျှင်...စောရတို့၏ ထိပ်ခေါင် မိုးမှောင်တို့၏ အဓိပတိဖြစ်သော ဥက္ကဋ္ဌကြီးသည်လည်း သံမဏိသေတ္တာအတွင်းဝယ် သင်္ဂြိုဟ်ပြီးသား ဖြစ်နေပေလိမ့်မည်။

ပီတာက မိမိသေရမည်ထက် ဥက္ကဋ္ဌကြီးဇိဝိန်ကြွေသွားမည့်အရေး ကို တွေး၍ စိုးရိမ်နေမိသည်။ မိမိသည် ဤစောရဂိုဏ်းကြီးကို ဖမ်းမိစေရန် ဉာဏ်နီဉာဏ်နက်ဆင်၍ မနားမနေ ကြိုးပမ်းခဲ့ရသည် မဟုတ်ပါလား။

ဥက္ကဋ္ဌကြီး အသက်ထင်ရှားရှိနေမှသာလျှင် ဤစောရဂိုဏ်းကြီး ကို တရားရုံးတော်၏ ရှေ့မှောက်သို့ တင်ပို့ရာ၌ ပို၍လေးနက်သော အဓိပ္ပာယ်ကို ဆောင်မည်မဟုတ်ပါလား။



ကမ္ဘာကျော် စကော့တလန်ယဒ်စုံထောက် အဖွဲ့ကြီးပင်လျှင် ဤစောရဂိုဏ်းကြီးကို ဖြိုခွင်းရန် ခြောက်နှစ်တိုင်တိုင် စောင့်ဆိုင်းခဲ့ ရသည် မဟုတ်လား။

ပီတာ၏စိတ်က အတွေးရေလျဉ်ကျောတွင် မြောနေသော်လည်း မျက်စိကိုဖွင့်၊ နားကိုစွင့်ကာ သတိကိုမလစ်ရအောင် ဂရုစိုက်လျက် ရှိ၏။

အတန်ကြာလျှင် သူ့ခေါင်းပေါ်မှ ခြေသံများကြားရသည်ဟု ပီတာက ထင်မိသည်။ ယခုအချိန်လောက်ဆိုလျှင် စောရဂိုဏ်းသား များသည် လွတ်ရာကျွတ်ရာသို့ ထွက်ခွာသွားကြပေတော့မည်။ သို့ဖြစ် လျှင် ယခုကြားရသော ခြေသံများသည် မည်သူ၏ခြေသံ ဖြစ်လိမ့်မည် နည်း။

ပီတာက မိမိနားကိုပင် မယုံနိုင်သလိုဖြစ်လာ၏။ သို့ရာတွင် ကြားရသောအသံမှာ ပို၍ထင်ရှားလာသည်ကို ခံစားမိသည်။ အပေါ်မှ တံခါးဝက်တစ်ချပ်ဖွင့်သံကို ကြားရပြီး မြေအောက်တိုက်ခန်းထဲသို့ ဝင်လာသော ခြေသံကို ပီတာက နားစွင့်၍နေမိသည်။

"ငြိမ်ငြိမ်နေပါ..."

အသံရှင်က သူ့အနီးတွင်ကပ်၍ သတိပေးလိုက်၏။ ထို့နောက် ပျော့ပျောင်းနူးညံ့သော လက်နှစ်ဖက်သည် ပီတာ၏မျက်နှာနှင့် ခန္ဓာ ကိုယ်ပေါ်တွင် လှုပ်ရှားလျက်ရှိသည်ကို တွေ့ရည်။

သူ့ လက်ကောက်ဝတ်တွင် တုပ်နှောင်ထားသော ကြိုးများကို ဓားနှင့်ဖြတ်လိုက်သဖြင့် အေးစက်သော သံမဏိ၏ ထိတွေ့မှုကို ခံစားလိုက်ရပြန်၏။ သူ့ကိုယ်ပေါ်တွင် ရစ်ပတ်နေသော ကြိုးများ သည် ပြေကျလာကာ အောက်တွင် စုပုံ၍နေသည်။

'ကလစ်'ဟူသော မြည်သံနှင့်အတူ လက်ထိပ်များပွင့်သွားကြပြီး သူ့ခြေမျက်စိတွင် ချည်နှောင်ထားသော သားရေကြိုးများလည်း ပြတ်တောက်သွားကြသည်။

"မြန်မြန်လုပ်ပါ၊ မြန်မြန်...သူတို့ ဒီအိမ်ကြီးကို မိုင်းဗုံးနဲ့ ဖောက်ခွဲတော့မလို့ စနက်တံ တပ်ဆင်နေကြပြီ၊ ကျွန်မနောက်က မြန်နိုင်သမျှ မြန်အောင် ပြေးလိုက်ခဲ့ပါ"

"ကျွန်မရဲ့ ကျောက်မျက်ရတနာတွေကျန်ခဲ့တယ်ဆိုပြီး ကျွန်မအိမ်ထဲကို ပြန်ဝင်လာခဲ့တယ်၊ ကျွန်မကလည်း ဒီကိုပြန်လာနိုင်အောင် ကျွန်မပစ္စည်းတွေကို တမင်ထားပစ်ခဲ့ရတယ်၊ ကျွန်မတို့ 'သူ့ကို' ကယ်ကြရမယ်မဟုတ်လား၊ ရှင်တစ်ယောက်ပဲ ကယ်တင်နိုင်မယ့်လူရှိတယ် မြန်မြန်လုပ်ပါ"

ပီတာ၏တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲလျက်ရှိပြီး ခြေလှမ်းများမှာလည်း ဒယီးဒယိုင်နှင့် ဖြစ်နေကြသည်။ သူသည် ရှိသမျှအင်အားကို ဖျစ်ညှစ်ကာ နံပါတ်(၂)နောက်မှ လိုက်ပါသွားပြီး အပေါ်ထပ်သို့ တွား၍တက်လာခဲ့သည်။

နံပါတ်(၂)က သူ့ရှေ့မှပြေး၍တက်သွားပြီး ပြတင်းတံခါးများကို အတင်းဆွဲဖွင့်လိုက်သည်။

"ကဲ...ရှင်သွားပေတော့၊ သူ့ကိုကယ်တင်မယ်လို့ ရှင် ကတိပြုနိုင်ပါ့မလား"

"ကျွန်တော် ကတိပြုပါတယ်၊ ဒါထက် ဒီအိမ်ကို ပုလိပ်တွေဝိုင်းထားပြီဆိုတာ ခင်ဗျားကို သတိပေးပါရစေ၊ ကျွန်တော့်အိမ်က သံမဏိသေတ္တာ အတွင်းခန်းတံခါး ပိတ်သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်အစေခံကို စကော့တလန်ယဒ် စုံထောက်အဖွဲ့ကို ပြေးပြီး



သတင်းပို့ဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ခုအချိန်လောက်ဆို ခင်ဗျားမိတ်ဆွေတွေကို ဆွဲသွားကုန်ပြီ"

"အဲ...ဒါပေမယ့် ရှင်သွားစရာရှိတာသွားပါ၊ ကျွန်မအတွက် ကိစ္စမရှိပါဘူး၊ ကဲ...မြန်မြန်သွားပါ...အချိန်စေ့လုနေပြီ"

"ကျွန်တော်တို့ ဒီနေရာက မြန်မြန်ထွက်သွားမှဖြစ်မယ်၊ ကဲ...လာပါ"

ပီတာက ပြောပြောဆိုဆို အမျိုးသမီး၏ လက်မောင်းကိုဆွဲကာ အိမ်အနီးရှိ ဥယျာဉ်ကလေးတစ်ခုကို ဖြတ်၍ ပြေးထွက်သွားကြသည်။ ထိုအခိုက်တွင် ချုံပုတ်ထဲမှ လက်နှိပ်ဓာတ်မီးရောင်တစ်ခုက ဝင်းခနဲ လက်၍သွားသည်ကို မြင်လိုက်ရသည်။

"ခင်ဗျား စကော့တလန်ယဒ်က စုံထောက် 'ပတ်ကား'မဟုတ်လား၊ ခင်ဗျားလူတွေကို ဒီအိမ်နဲ့ ခပ်ဝေးဝေးရှောင်နေဖို့ ပြောလိုက်ပါ၊ ခုတစ်မိနစ်အတွင်းမှာပဲ မိုင်းဗုံးကို ဖောက်ခွဲလိုက်ကြလိမ့်မယ်"

ပီတာ၏ သတိပေးသံအဆုံးတွင် ဥယျာဉ်တစ်ခုလုံး ရုတ်ရုတ်ရက်ရက်ဖြစ်၍သွားသည်။ ပြေးသံ လွှားသံ အော်သံ ဟစ်သံများက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်း၍သွား၏။

အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ပြေးလွှား၍သွားရသော ပီတာသည် ဥယျာဉ်ကိုကာရံထားသော အုတ်တံတိုင်းနှင့် တအားပြေး၍ ဆောင့်မိလေသည်။

သူသည် နာကျင်နေသည်ကို သတိမထားနိုင်ဘဲ အုတ်တံတိုင်းထိပ်ဖျားကို ခုန်၍ ဖမ်းကိုင်လိုက်၏။ ထို့နောက် သူ့ခန္ဓာကိုယ်ကို ဆွဲတင်လိုက်သဖြင့် အုတ်တံတိုင်းပေါ်သို့ ရောက်ရှိသွားလေသည်။

ပီတာက သူနှင့်အတူ ပြေးထွက်လာခဲ့သော အမျိုးသမီးကို

လက်နှင့်စမ်း၍ ရှာကြည့်ပြီး အုတ်တံတိုင်းပေါ်သို့ ဆွဲတင်လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် အုတ်တံတိုင်းအပြင်ဘက်သို့ ပြိုင်တူ ခုန်ချလိုက်ကြ၏။

ထိုအချိန်တွင် လူတိုင်းလိုပင် အသက်ဘေးမှ လွတ်ရာ လွတ်ကြောင်း အုတ်တံတိုင်းပေါ်မှ ကျော်လွှား၍ ခုန်ဆင်းနေကြသည်။

စောရဘုရင်၏ လက်ရုံးတစ်ဆူဖြစ်သော အသင်းသူနံပါတ်(၂) က အုတ်တံတိုင်းပေါ်မှ ခုန်ချလိုက်ရာတွင် ခြေထောက်၌ ထိခိုက်မိပြီး ငယ်သံပါအောင်အော်ရင်း လဲကျသွားလေသည်။

ပီတာက အားကုန်သွန်၍ ပြေးနေသော ခြေထောက်ကို ရပ်တန့်ရန် ကြိုးစားလိုက်သည်တွင် ကျောက်ခဲတစ်လုံးကို နင်းမိပြီး ခြေချော်၍ သွားလေသည်။

ထိုအခိုက်တွင် ဝင်းခနဲလက်သွားသော မီးရောင်တစ်ခုကို မြင်လိုက်ရပြီး ကြီးမားကျယ်လောက်သော အသံတစ်ခု ထွက်ပေါ်လာကာ မဟာပထဝီမြေကြီးသည် တုန်ဟည်းသွားလေသည်။

စောရဂိုဏ်းသားတို့သည် မိုးသောက်ယံ၏ အရုဏ်ဦးကို မိုင်းဖုံးဖြင့် ကြိုဆိုခဲ့ကြပြီ ဖြစ်လေသည်တကား...။

■

[ ၉ ]

ပီတာက ဥယျာဉ်အုတ်တံတိုင်း အပျက်အစီးများကြားထဲမှ အားယူ၍ထလိုက်၏။ သူ့တစ်ကိုယ်လုံးမှာလည်း နာကျင်သောဝေဒနာကို ခံစားနေရသည်။

သူ့အနီးတွင် ခပ်တိုးတိုးငိုညည်းနေသော အသံကို ကြားရခြင်းကြောင့် သူ့အပေါ်မှာ အသက်ရှင်လျက်ပင် ရှိသေးကြောင်း ပီတာက သိလိုက်ရ၏။

ထိုအခိုက်တွင် တစ်စုံတစ်ယောက်က သူတို့အနီးသို့ရောက်ရှိလာပြီး မီးအိမ်အလင်းရောင်ဖြင့် ကြည့်ရှုနေသည်ကို တွေ့ရသည်။

ထိုသူက ပီတာ၏မျက်နှာကို မြင်တွေ့လိုက်သည်တွင် ဝမ်းမြောက်သောအသံဖြင့် ပြောလိုက်၏။

"ခင်ဗျားက ဒီကိုရောက်နေတာကိုး...ခင်ဗျားမှာ ဘာမှအထိအခိုက် မရှိပါဘူးနော်...မိတ်ဆွေကြီး။ အလို...ဘုရားရေ...ခင်ဗျားကလည်း မုတ်ဆိတ်မွေး ထူလပျစ်နဲ့ ဘယ်လိုဖြစ်နေတာလဲ ပြောစမ်းပါဦး"

“ကျွန်တော် နေကောင်းပါတယ်၊ ဘာမှ အထိအခိုက်မရှိပါဘူး၊ နည်းနည်းအသက်ရှူရကျပ်တာတစ်ခုပါပဲ။ ဒါထက် ဟိုအမျိုးသမီးကော ဘယ်လိုနေသလဲ၊ ကျွန်တော်သိသလောက်ဆိုရင် သူ့လက်မောင်း ကျိုးသွားရုံမှတစ်ပါး အခြားအထိအခိုက် မပါဘူး။ ဒီ့ပြင် လူတွေကော ဘယ်လိုများဖြစ်ကုန်ကြသလဲ မစ္စတာပတ်ကား...”

“အသင်းသား ၆ ယောက်လောက်တော့ မိုင်းဗုံးနဲ့ပါသွားကြပြီ။ ကျန်တဲ့လူတွေတော့ ကျွန်တော်တို့ ဖမ်းမိထားပါတယ်”

ဟေမန္တရာသီ၏ နံနက်ခင်းဆီးနှင်းများ တဖွဲဖွဲကျနေသည့်ကြားမှ မည်းမည်းသဏ္ဌာန် လူအုပ်စုတစ်စုကို ပီတာက မြင်တွေ့လိုက်ရလေသည်။

“ဒီနေ့ဟာ အလွန်ထူးခြားတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ စကော့တလန်ယဒ် စုံထောက်အဖွဲ့ကြီးက ၆ နှစ်ကျော်ကျော် ဒီအမှုကြီးကို ပေါ်အောင် မလုပ်နိုင်ခဲ့တာကို ခင်ဗျားရဲ့ကြိုးပမ်းမှုကြောင့် ဒီဂိုဏ်းသားတွေကို တစုတဝေး တစ်နေရာတည်းမှာ ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ခင်ဗျားဟာ လူထုအတွက် စံပြယောက်ျားတစ်ယောက် ဖြစ်ပါပေတယ်။ ခင်ဗျားဟာ (၂)နှစ်လုံးလုံး ကိုယ့်ဇာတ်ကို ဖုံးပြီးတော့ အရှုံးမပေး၊ အနိုင်မခံစိတ်ဓာတ်နဲ့ စွန့်စွန့်စားစား ဆောင်ရွက်တာကို ချီးကျူးလို့မကုန်နိုင်ပါဘူး။ ကျွန်တော်တောင်မှ ခင်ဗျားရဲ့ လုပ်ဇာတ်ကို အဟုတ်မှတ်ပြီး ဝမ်းနည်းတဲ့အထိမ်းအမှတ်နဲ့ လက်မောင်းမှာ အနက်စကလေး တပ်ဆင်ထားခဲ့သေးတယ်။ ဒီအကြောင်းကို ခင်ဗျား အစေခံ မာဗင်ဘန်တာအပြင် တခြားလူများ သိသေးသလား”

“ကျွန်တော့်အမေနဲ့ နှမတို့ပဲ သိကြပါတယ်။ ကျွန်တော့်အစီအစဉ်ကို အထူးလျှို့ဝှက်ပြီး ထားတဲ့အတွက် လူတွေက သတင်းစာမှာ



ဖော်ပြတဲ့သတင်းကို တကယ်ပဲ ယုံကြည်ခဲ့ကြပါတယ်။

ကျွန်တော်ဖြင့် ရှေ့နေရှေ့ရပ်တွေနဲ့ အတော် စကားပြောရလိမ့်ဦးမယ်ထင်တယ်။ ကျွန်တော်ဟာ ကျွန်တော်ဖြစ်ပါတယ်ဆိုတာ သက်သေ သာဓကတွေ ထုတ်ပြနေရဦးမှာ ထင်ပါတယ်။ ဟလို...ဟိုလူဟာ မိတ်ဆွေကြီး‘ဆဂ်’မဟုတ်လားဗျာ...”

မြို့စားကြီး ပီတာဝင်(မ်)စီက စုံထောက်အရာရှိ ပတ်ကားနှင့် စကားပြောနေရာမှ သူ၏ ရင်းနှီးသောမိတ်ဆွေကြီး စုံထောက် အင်စပက်တာ‘ဆဂ်’အား တွေ့မြင်လိုက်သဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

“ဟုတ်ပါတယ်သခင်၊ မြို့စားကြီးနဲ့ ပြန်ပြီးတွေ့ရတာ ပြောမပြနိုင်လောက်အောင် ဝမ်းသာလှပါတယ်၊ မြို့စားကြီးရဲ့ ကြိုးပမ်းချက်ဟာ အင်မတန်ပဲ လက်ရာပြောင်မြောက်လှပါတယ်။ ပုလိပ်အရာရှိတွေက မြို့စားကြီးနဲ့ လက်ဆွဲနှုတ်ဆက်ချင်လို့ စောင့်ဆိုင်းနေကြပါတယ်”

စုံထောက် အင်စပက်တော် ‘ဆဂ်’က သေပြီဟု ထင်မှတ်နေခဲ့သူကို ပြန်လည်တွေ့မြင်ရသဖြင့် အံ့သြဝမ်းမြောက်ခြင်းဖြင့် တုန်လှုပ်လျက်ရှိ၏။

“ကိုယ်လက်သန့်စင် မုတ်ဆိတ်ကျင်စွယ်တွေ ရှင်းလင်းပြီးမှပဲ သူတို့နဲ့ တွေ့ပါရစေ။ (၂)နှစ်တိုင်တိုင် ‘လန်ဘတ်’မှာနေထိုင်ခဲ့ပေမယ့် ခင်ဗျားတို့နဲ့ မတွေ့နိုင်ခဲ့ဘူး။ ကျုပ်မှာ တိုင်းပြေး ပြည်ပြေးလို ကိုယ့်အရပ်နဲ့ဝေးအောင် နေခဲ့ရတယ်။ အခုလို ပြန်လည်ဆုံတွေ့ရတာကို ဝမ်းမြောက်လို့ မကုန်ပါဘူး။ ပြပွဲကလေးတစ်ခုနဲ့ တူမသွားပေဘူးလားဗျာ”

သူ၏စကားအဆုံးတွင် မိန်းမသားတစ်ဦး၏ မေးခွန်းသံကို ကြားလိုက်ရသဖြင့် ပီတာက လန့်ဖျပ်၍သွားမိသည်။

"သူ ဘယ်လိုနေသေးလဲ၊ သူ လွတ်မြောက်သွားပြီလား"

နံပါတ်(၂)က ဥက္ကဋ္ဌကြီးအား ရည်ရွယ်၍မေးလိုက်ခြင်းဖြစ်၏။

"အလို...ဘုရားရေ၊ ကျွန်တော်ဖြင့် အာမခံသေတ္တာအတွင်းခန်းထဲက ဥက္ကဋ္ဌကြီးကို မေ့နေလိုက်တာ၊ ကဲ...ကားတစ်စီး မြန်မြန်ရှာစမ်းပါ"

စောရထိပ်သီးပဂေးကြီးကို ကျွန်တော့်အိမ်မှာ အလွန်သက်သာတဲ့နည်းနဲ့ ဖမ်းမိထားပါပြီ၊ သူတော့ ဒီအချိန်လောက်ဆိုရင် အသက်မရှူနိုင်ဘဲ မွမ်းနေတော့မှာပဲ...။

ကဲ...ကားပေါ်ကို ခုန်တက်လိုက်ပါ၊ အမျိုးသမီးကိုလည်း ဆွဲတင်ပါဦး။ ကျွန်တော်တို့ အိမ်ကိုပြန်ပြီး ဥက္ကဋ္ဌကြီးကို ကယ်တင်ပါ့မယ်လို့ ကတိပေးထားတဲ့အတိုင်း လုပ်ပါ့မယ်"

ပီတာက စောရမယ် အမျိုးသမီးကို နှစ်သိမ့်စကားပြောလိုက်ပြီးနောက် စုံထောက်အရာရှိ ပတ်ကား၏ အနီးသို့ကပ်ကာ တီးတိုးပြောဆိုနေပြန်လေသည်။

"ဒီလူဟာ ခိုးမှု၊ တိုက်မှု၊ လုယက်မှုတွေသာမက လူသတ်မှုကိုပါ ကျူးလွန်ခဲ့တဲ့ လူတစ်ယောက်ဖြစ်တယ်။ သူ့လွတ်မြောက်ရေးအတွက် ဗဟိုရာဇဝတ်ရုံးမှာ ကျွန်တော်သိပ်ပြီး မပြောချင်ဘူး။ ဒီလူဟာ ခင်ဗျားတို့အလိုရှိနေတဲ့ လူဆိုးထိပ်သီးကြီးတစ်ယောက်ပဲ။ 'မော်ရစ်ဆင်'ရဲ့အမှု၊ 'ဝင်မင်တန်'ရဲ့အမှုနဲ့ အခြားအမှုတစ်ရာကျော်လောက်ကို ကျူးလွန်ခဲ့တဲ့လူတွေဟာ သူ့တပည့်တပန်းတွေပဲ ဖြစ်ကြပါတယ်။

■

[ ၁၀ ]

ပီတာ၊ ပတ်ကားနှင့် နံပါတ်(၂)တို့လူစု လန်ဘတ်သို့ရောက်လာသောအချိန်တွင် နေမှာ အတော်ပင်မြင့်လျက် ရှိနေပေပြီ။ ပီတာက အမျိုးသမီးကို လက်မောင်းမှတွဲ၍ထိန်းကာ ကားပေါ်မှဆင်းစေရသည်။

ယခုအချိန်တွင် မျက်နှာဖုံးစွပ်ကို ခွာချလိုက်ပြီဖြစ်၍ နံပါတ်(၂)၏ မျက်နှာကို မြင်နိုင်ပြီဖြစ်၏။ နာကျင်ခြင်း၊ မောပန်းခြင်းနှင့် ကြောက်ရွံ့အားငယ်ခြင်းတို့ကြောင့် အမျိုးသမီး၏မျက်နှာမှာ သွေးဆုတ်လျက်ရှိပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"ရုရှားအမျိုးသမီးတစ်ယောက်ပါပဲကလား"

'ပတ်ကား'က 'ပီတာ'၏ နားအနီးသို့ကပ်၍ တီးတိုးပြောလိုက်၏။

"ရုရှတော့ ရုရှလူမျိုးပဲ၊ ဒါပေမယ့် ဘယ်တိုင်းရင်းသား လူမျိုးစုထဲကလဲ မပြောတတ်ဖူး၊ ဟာ...အိမ်ရှေ့တံခါးကြီးကလည်း ပိတ်ရက်သားပါကလား၊ အာမခံသေတ္တာထဲက ဟိုလူကြီးဆီမှာ သော့ပါသွားပြီ၊ ပြတင်းပေါက်က ကျော်တက်မှဖြစ်မယ်၊ ခင်ဗျားတက်မလား"

စောရစုံထောက် ပီတာက စကော့တလန်ယဒ်စုံထောက် ပတ်ကားကို မေးလိုက်ခြင်းဖြစ်၏။

ပတ်ကားက ပြတင်းပေါက်ကို ကျော်တက်သွားပြီး ကျန်လူများ ဝင်နိုင်ရန် တံခါးပေါက်ကို ဖွင့်ပေးလိုက်သည်။

အိမ်တစ်ဆောင်လုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်ကို တွေ့ရ၏။ ပီတာက ဘဏ္ဍာတိုက်ခန်းရှိသော အိမ်နောက်ဘက်သို့ ပတ်ကားနှင့် နံပါတ်(၂)ကို ခေါ်ဆောင်၍ ဝင်သွားလေသည်။

သံမဏိသေတ္တာ ဘဏ္ဍာတိုက်ခန်း အပြင်တံခါးနှင့် အတွင်းခန်းမှ ရိုးရိုးတံခါးတစ်ချပ်မှာ ပွင့်လျက်သားတွေ့ရသော်လည်း အတွင်းတံခါးဖြစ်သော ဆွဲတံခါးမှာ ပိတ်လျက်သားရှိသည်ကို သူတို့သုံးဦးလုံး တွေ့မြင်လိုက်ရလေသည်။

ထိုတံခါးမှာ ဆေးစိမ်းသုတ်ထားသော အုတ်နံရံနှင့် တစ်ပြေးတည်း ဖြစ်နေသည်ကို မြင်ကြရသည်။

"အတွင်းခန်းမှာ ချိန်သားကိုက်အောင် တပ်ဆင်ထားတဲ့ စက်ကိရိယာတွေကို လက်နဲ့ထိုးပြီး ဖျက်ဆီးမထားပါစေနဲ့လို့ မျှော်လင့်ရမှာပဲ"

သိမ့်မွေ့နည်းကျကျ ဖန်တီးပြုလုပ်ထားသော စက်ယန္တရားများ မပျက်စီးဘဲ ပကတိအတိုင်း ရှိနေမှသာလျှင် ဤတံခါးကိုဖွင့်ရန် လွယ်ကူမည်ဖြစ်ကြောင်း ပီတာက သိထားပြီးဖြစ်၍ တီးတိုးရေရွတ်လိုက်ခြင်းဖြစ်၏။

သူ့လက်မောင်းကိုကိုင်၍ အားပြုကာရပ်နေသော အမျိုးသမီး၏ လက်များက တင်းကျပ်စွာ ဆုပ်ကိုင်၍ထားသည်။

ပီတာက လည်ချောင်းကိုရှင်းလိုက်ပြီး နှစ်လိုဖွယ်ရှိသော သူ့အသံဖြင့် တံခါးကိုကြည့်ရင်း ပြောလိုက်၏။



"မိတ်ဆွေကြီး...ခင်ဗျားရဲ့ သွားပုံသွားနည်းကို ကျွန်တော်တို့ ကြည့်ပါရစေ၊ အိုးပင်းဆက်စမိန်းဆိုတဲ့စကားဟာ မိတ်ဆွေကြီးကို အံ့အားသင့်စေပါသလား...ဆက်စမိန်း"

မြို့စားကြီး၏ လေးနက်တည်ငြိမ်သော အသံဆုံးသွားသည်နှင့် တစ်ပြိုင်နက် တံခါးစိမ်းကလေးသည် အသက်ရှိသော သတ္တဝါတစ်ဦးကဲ့သို့ လှုပ်ရှားလာကာ နံရံအပေါက်ထဲသို့ ရုတ်တရက်ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

သတိလက်လွတ် ငုက်တောင်ကျွတ်သလို ဖြစ်နေရှာသော ဥက္ကဋ္ဌကြီး၏ ခန္ဓာကိုယ်က သေတ္တာအတွင်းမှ ထွက်ကျလာသည်တွင် စောရဘုရင်၏ လက်ရုံးတစ်ဆူဖြစ်သော အမျိုးသမီးအသင်းသူကြီးက ဆီးကြို ပွေ့ပိုက်၍ ထားလိုက်လေသည်။

စောရထိပ်သီး လူဆိုးကြီး၏ အဝတ်အစားများမှာ အပိုင်းပိုင်းအတစ်တစ် စုတ်ပြတ်လျက်ရှိပြီး တံခါးကို ထုရိုက်ထားခဲ့သော သူ၏ လက်များမှာလည်း သွေးချင်းချင်းနီလျက်ရှိသည်ကို မြင်ကြရလေသည်။

"တော်ပါသေးတယ်၊ တော်ပါသေးတယ်၊ ဒီလူကို တရားခွင်မှာ တင်ပြီး စီရင်နိုင်ဦးမှာမို့လို့ စွန့်စားရကျိုး နပ်ပါပေတယ်"

အသက်နှင့်ခန္ဓာ မကွဲမကွာရှိနေသော စောရတို့၏ ထိပ်ခေါင်မိုးမှောင်တို့၏ အဓိပတိဖြစ်သည့် ဥက္ကဋ္ဌကြီးကို ကြည့်ရင်း သိပ္ပံစုံထောက် ပီတာက မှတ်ချက်ချလိုက်လေသည်။

**တက္ကသိုလ်နန္ဒမိတ်**

**လေးစားအပ်သော**

**စာဖတ်ပရိသတ်များခင်ဗျား...**

ဆရာနန္ဒမိတ်၏ သိပ္ပံစုံထောက်ဝတ္ထုသည် အခက်အခဲများကြောင့် တိုသွားပါသဖြင့် ဝတ္ထုတိုများ ဖြည့်စွက်ရိုက်နှိပ်ရခြင်းကို စာဖတ်ပရိသတ်များ ကြိုတင်ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်ခင်ဗျား...

**ထုတ်ဝေသူ**

# နယ်စပ်ကလူ

[ ၁ ]

ဆီးနှင်းပေါက်များသည် မိုးလောက်ပြင်းထန်အောင် တဖြောက်ဖြောက် ကျလျက်ရှိ၏။ မြန်မာနှင့် တရုတ်နယ်ခြား ရှမ်းပြည်နယ် မြို့ငယ်ကလေးတွင် ယခုလို ဒီဇင်ဘာလတွင် နှင်းပေါက်များ မိုးလောက်ပြင်းထန်အောင် ကျနေခြင်းမှာ ထူးဆန်းသည်တော့မဟုတ်၊ ကုန်းပြင်မြင့်အရပ်ဒေသဖြစ်၍ ပကတိ ပထဝီအနေအထားအရ အေးမြသော ရာသီဥတုရှိရာ ဒီဇင်ဘာလလို ဆောင်းတွင်းလများ၌ နှင်းတပေါက်ပေါက် ကျနေခြင်းမှာ ထိုမြို့ကလေးရှိ လူအများအဖို့ ရိုး၍နေသော သာမန်ကိစ္စတစ်ရပ်သာ ဖြစ်လေသည်။

'ကျား' ပျော်ပွဲစားရုံပိုင်ရှင် အဖတ်သည် သူ့ရှေ့ရှိ ကောင်တာကို မှီ၍ရပ်ရင်း နှင်းပေါက်များ တဖြောက်ဖြောက်ကျသံကို နားထောင်နေလေသည်။ သူသည် နှင်းပေါက်များ အဆက်မပြတ် ကျဆင်းနေသံကို ကြားသောအခါ ဝမ်းသာ၍သွား၏။ သည်လို အသည်းခိုက်အောင် မြောက်လေတမြမြတိုက်ကာ နှင်းတဖြောက်ဖြောက် ကျနေသောညတွင် အဘယ်မည်သောသူသည် လမ်းထွက်ချင်ပါမည်နည်း။ ဤကဲ့သို့ လမ်းမထွက်ချင်လျှင် သူ့ဆိုင်သို့လည်း လာမည့်ဧည့်သည် ရှိမည်မဟုတ်၊ သို့ဖြစ်လျှင် သူ့အဖို့ ယနေ့ည အနားယူခွင့်ရမည် မဟုတ်လား။

သူ့ဆိုင်မှာ ညလုံးပေါက်ဖွင့်ထားသောဆိုင်ဖြစ်၏။ ပျော်ပွဲစားရုံဟု ဆိုစေကာမူ ခံ့ခံ့ညားညား ထည်ထည်ဝါဝါကား မဟုတ်။ အိမ်ကလေးတစ်လုံးကို ဆိုင်ခန်းဖွင့်ထားခြင်းသာ ဖြစ်၏။

စားသောက်စရာဆို၍လည်း အရက်နှင့် တရုတ်အကြော်အလှော် အချက်အပြုတ်သာ ဖြစ်၏။ သို့တစေ အဖတ်၏ဆိုင်မှာ ဧည့်သည် အလာများလှသည်။ ညနေ ၃ နာရီလောက်မှ ည ၁၁ နာရီထိ အဖတ်နှင့် သူ၏မိန်းမမှာ လက်မလည်နိုင်အောင် အလုပ်များတတ်သည်။

ယနေ့ညအဖို့ အသည်းခိုက်အောင် အေးလှသဖြင့် လမ်းသွား လမ်းလာ နည်းပါးသလောက် အဖတ်၏ဆိုင်သို့လည်း ဧည့်သည် အလာနည်းလျက်ရှိသည်။ အဖတ်သည် တိုင်ကပ်နာရီကို မော့ကြည့်၏။ ၁၁ နာရီပင် ထိုးနေပေပြီ။ ည ၁၁ နာရီမှာ ခါတိုင်းညများတွင်လည်း ဧည့်သည်အလာစဲသွားသော အချိန်ဖြစ်၏။ သူသည် ဝမ်းသာသွားမိလေသည်။

ပျော်ပွဲစားရုံ ခေါင်မိုးပေါ်တွင် တဖြောက်ဖြောက်ကျနေသော နှင်းပေါက်သံမှတစ်ပါး အခြားအသံများ မကြားရ။ လမ်းမပေါ်တွင်လည်း တိတ်ဆိတ်နေလေသည်။ အဖတ်သည် ကောင်တာအတွင်းဘက်ရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ကာ ဓိမ်ယူနေလေသည်။

ထိုအချိန်တွင် နောက်ဖေးဘက်မှ သူ့မိန်းမ ထင်းခွဲနေသံကို ကြားရ၏။ သည်ထင်းခွဲသံ တိတ်ဆိတ်သွားသောအချိန်တွင် သူ့မိန်းမကို အိပ်ရာထဲတွင် တွေ့ရမည်ဖြစ်၏။ အဖတ်၏မိန်းမသည် ခါတိုင်းလိုပင် သူ့ယောကျ်ားထက် စောစောအိပ်ရာဝင်လေ့ရှိ၏။



အဖတ်တစ်ယောက်တည်းသာ ကောင်တာအတွင်းရှိ ပက်လက်ကုလားထိုင်တွင် ထိုင်၍ မိုန်းရင်း တစ်ဦးစ နှစ်ဦးစ ပေါ်လာတတ်သော ဧည့်သည်များကို ည ၁ နာရီ၊ ၂ နာရီထိ စောင့်နေလေ့ရှိ၏။ တစ်ခါ တစ်ခါ ဧည့်သည်များ တဖွဲဖွဲလာနေလျှင် သူ့တစ်ယောက်တည်း ဒိုင်ခံ၍ ဧည့်ခံနေရတတ်သည်။

အဖတ်မှာ ပျော်ပွဲစားရုံပိုင်ရှင်ဖြစ်စေကာမူ မိုက်မိုက်ကန်းကန်းနှင့် သတ္တိရှိသူမဟုတ်၊ ကျွန်းပြန် ဝရမ်းပြေး၊ ဓားပြ၊ ထောင်ထွက်နှင့် ဗလအားကိုး၊ လက်နက်အားကိုးသူများသာ ကျက်စားလေ့ရှိသော သူ့ဆိုင်တွင် အဖတ်က သတ္တိကောင်းသူတစ်ယောက် မဖြစ်နိုင်။ ထိုကဲ့သို့ သတ္တိကြောင်သောကြောင့်လည်း သူနှင့် သူ့မိန်းမှာ မကြာခဏ စကားများရ၏။ သူ့မိန်းမက ပိုက်ဆံရဖို့ဆိုလျှင် စွန့်ရဲ၏၊ လုပ်ရဲ၏။ အဖတ်အဖို့ဆိုလျှင် မှောင်ထဲတွင် လူတစ်ယောက်ကို နောက်မှ တုတ်နှင့်ရိုက်၍ ပါလာသောငွေကိုပင် မလုရဲ။ သို့သော် သူ့ဆိုင်တွင် စကားမေးမရအောင် အမူးလွန်နေသူများထံမှမူ လူအလစ်တွင် လက်ပတ်နာရီ၊ လက်စွပ်နှင့် ပိုက်ဆံအိတ်များကို အချောင်နှိုက်ရဲ၏။ ထိုကဲ့သို့ အချောင်နှိုက်၍ရသောအခါများ၌ အဖတ်သည် သူ့မိန်းမ၏ မျက်နှာသာပေးခြင်းကို ခံရတတ်သည်။ ဤကဲ့သို့ အဖတ်က အချောင်နှိုက်တတ်သော အကျင့်ရှိသော်လည်း သူ့တွင် ဟာသရှိ၏။ လာသမျှဧည့်သည်များကို တဝါးဝါးနေအောင် ပြောဆိုတတ်၏။ သူတို့သဘောကျအောင်လည်း ပြုလုပ်တတ်၏။ ထို့ကြောင့်လည်း သူ့ဆိုင်မှာ လူစည်၍နေတတ်လေသည်။

■

[ ၂ ]

ပျော်ပွဲစားရုံတံခါးသည် အတွင်းဘက်သို့ တွန်းကန်၍ လာပြီးနောက် လောင်းကွတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသော လူတစ်ယောက်သည် ဆိုင်ထဲသို့ဝင်လာလေသည်။ သူသည် စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်ကာ သူ၏ဦးထုပ်ပေါ်တွင် သီးနေသော နှင်းပေါက်များကို မခါသေးမီ “ခါတိုင်းလိုပဲဟေ့...”ဟု အဖတ်အား လှမ်း၍ အမိန့်ပေးလိုက်လေသည်။

အဖတ်သည် ရမ်အရက်တစ်ပုလင်း၊ ဆိုဒါအကြီးတစ်လုံးနှင့် ဖန်ခွက်လွတ်တစ်ခုကို ထိုသူ၏စားပွဲသို့သွား၍ ချလေသည်။ ပြီးလျှင် မီးဖိုသို့ပြန်လာကာ ခေါက်ဆွဲကို ၂ ခွက်စာထည့်၍ ကြော်ရန် ပြင်ဆင်နေလေသည်။

စောစောက ဧည့်သည်မလာသောကြောင့် ဝမ်းသာနေသော အဖတ်မှာ ယခုစိတ်ညစ်လာလေသည်။ သူသည် သူ့မိန်းမခွဲထားသော ထင်းချောင်းများကို မီးဖိုထဲသို့ ပစ်သွင်းကာ ရေနံဆီလောင်း၍ မီးမွှေးပြီးနောက် ဆီအိုးကို ခွင်ပေါ်သို့တင်ထားလိုက်သည်။ ဆီကျက်ရန် မီးဖိုနားတွင်ရပ်၍ စောင့်နေစဉ် အဖတ်သည် သူ့ဧည့်သည်ကို စောင်း



၍ ကြည့်မိသည်။

အဖတ်၏ဧည့်သည်မှာ တုတ်ခိုင်၍ ကြမ်းတမ်း၏။ မျက်စိများမှာ စူးရှ၍ ကောက်ကျစ်သောသဘောကို ဖော်ပြလျက်ရှိ၏။ မျက်နှာတွင် ကန့်လန့်ဖြတ်လျက် ဓားခုတ်ရာ အမာရွတ်ကြီးက ပို၍ကြောက်စရာကောင်းသည်ဟု ထင်ရ၏။ အဖတ်သည် ထိုလူကို ခုမှမြင်ဖူးသည် မဟုတ်၊ သူ့ဆိုင်သို့ လာနေကျဖြစ်၍ သူ့ဧည့်သည်က ဘာကြိုက်တတ်သည်ကိုပင် သိနေသူဖြစ်၏။ ထို့ကြောင့် သူ့ဧည့်သည်က “ခါတိုင်းလိုပဲဟေ့...”ဟု အမိန့်ပေးလိုက်သောအခါ ရမ်တစ်ပုလင်းနှင့် ဆိုဒါအကြီးတစ်လုံးကို စားပွဲပေါ်ချပေး၍ ခေါက်ဆွဲ ၂ ခွက်စာကြော်ရန် အဖတ်က ပြင်ဆင်နေခြင်းဖြစ်သည်။ အဖတ်၏ဧည့်သည်သည် တစ်လလျှင် တစ်ခါလောက် သူ့ဆိုင်သို့ လာတတ်၏။ လာသောအချိန်မှာလည်း ဆိုင်တွင် လူရှင်းသွားသည့် ည ၁၁ နာရီကျော်အချိန်ဖြစ်၏။ ပျော်ပွဲစားရုံ၏ ထောင့်ကျကျနေရာတွင်ထိုင်ကာ ၁ နာရီ၊ ၂ နာရီကြာအောင် ထိုင်နေတတ်၏။ တစ်ခါတုန်းကဆိုလျှင် လေး၊ငါးနာရီမျှ ကြာအောင် ထိုင်သွားဖူးသည်ကို သတိရမိ၏။ ထိုသို့ထိုင်နေခြင်းမှာလည်း အချည်းနှီး ထိုင်နေခြင်းမဟုတ်။ သူရောက်လာပြီး၍ အခြားလူတစ်ယောက် ရောက်မလာမချင်း ထိုင်၍စောင့်နေတတ်၏။

နောက်ရောက်လာသူမှာလည်း သူနှင့် တစ်စားပွဲတည်းတွင် ဝင်ရောက်ထိုင်ကာ တစ်စုံတစ်ခုကို တီးတိုးတီးတိုးပြောရင်း စက္ကူနှင့် သေသေသပ်သပ် ပတ်ထားသော အထုပ်တစ်ခုကို ပေးတတ်၏။ ထိုအခါများတွင် အဖတ်၏ ဧည့်သည်ကလည်း ပို၍ကြီးသော အထုပ်တစ်ခုကို ပြန်၍ပေးတတ်၏။ ထိုသို့ အပေးအယူပြုလုပ်ပြီးနောက် အရက် တစ်ယောက်တစ်ခွက်စီ သောက်ကာ တစ်ဦးနှင့်တစ်ဦး ရှေ့

ဆင့်,နောက်ဆင့် ဆိုင်ထဲမှ ထွက်ခွာသွား၏။

အဖတ်ကတော့ သူတို့နှစ်ဦး မည်ကဲ့သို့ အကြံအစည်နှင့် မည်ကဲ့သို့ပြုလုပ်နေသည်ကို ဂရုစိုက်၍ စုံစမ်းထားခြင်းမရှိ။ စုံစမ်းရန်ပင် မဆိုထားဘိ၊ သူတို့နှစ်ဦး တီးတိုးတီးတိုးပြောနေသောအချိန်တွင် ၎င်းတို့ စားပွဲနားသို့ပင် မကပ်ဝံ့။ သည်လောက်ပင် သတ္တိကြောင်သူဖြစ်၏။

အဖတ် မှန်းဆ၍ ရသလောက်မှာ သူ၏ညော့်သည်သည် နယ်ခြားတစ်ဖက်ဒေသတွင် နေထိုင်သူဖြစ်၏။

ထို့ကြောင့်ပင် သူလာတိုင်း မောကြီးပန်းကြီးဖြစ်ကာ အမြဲသဖြင့် ဆာလောင်မွတ်သိပ်၍နေတတ်၏။

ထို့ကြောင့်လည်း ရမ်,အရက် တစ်ပုလင်းနှင့် ခေါက်ဆွဲကြော် ၂ ခွက်မှာ ညော့်သည်အတွက် စားသောက်နေကျ အစားအသောက်ဖြစ်သည်။ သူဝတ်လာသော အင်္ကျီ အဝတ်အစားနှင့် ဖိနပ်မှာလည်း စားပွဲအောက်တွင် သူထသွားသည့်အခါတိုင်း ရွှံ့များပေ၍ ကျန်ရစ်ခဲ့သည်ကို တွေ့ရ၏။

သူသည် နယ်ခြားတွင်ရှိသော တရုတ်ဖြူတပ်များနှင့် အဆက်အသွယ်ရှိသူဖြစ်မည်လားဟု အဖတ်က တွေးမိစေကာမူ သူ့ညော့်သည် အကြောင်းနှင့်ပတ်သက်၍ ဘယ်သူ့ကိုမျှ စကားတစ်ခွန်းမဟခဲ့။ သူ့အလုပ်မှာ ပိုက်ဆံများများကို ချောင်ချောင်နှင့်ရအောင်လုပ်ရန်သာဖြစ်၏။

ဤကဲ့သို့ ပိုက်ဆံအချောင်ရဖို့ အကြောင်းအပြင် အဖတ်က သူ ညော့်သည်အကြောင်းကို အခြားသူများအား လေသံမှ မဟခဲ့သည့် အကြောင်း တစ်ခုရှိသေး၏။ ထိုအကြောင်းမှာ သူ့ညော့်သည်၏



အင်္ကျီရှည်ကြီးထဲတွင် အမြဲသဖြင့် ခြောက်လုံးပြူးသေနတ်တစ်လက်ပါလာကာ အရက်နှင့် ခေါက်ဆွဲကြော်များ စားသောက်နေစဉ်တွင်ပင် သူ့လက်တစ်ဖက်ကို အိတ်ထဲသို့လျှို၍ထည့်ကာ သေနတ်ပြောင်းဝကို အဖတ် ဝမ်းဗိုက်ဘက်သို့ ဦးလှည့်ထားခြင်းဖြစ်၏။

တစ်ခါကလည်း အရက်နှင့် ခေါက်ဆွဲများ စားသောက်ပြီးနောက် ရာတန်တစ်ချပ်ကို အအမ်းခိုင်း၏။ အဖတ်သည် မီးရောင်တွင် ထောင်၍ သေချာစွာကြည့်လိုက်သောအခါ အတုဖြစ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် သူ့ညော့်သည်အား ၎င်းရာတန်ကို မယူနိုင်ကြောင်းဖြင့် ပြောပြခဲ့၏။

အဖတ်၏ ညော့်သည်သည် ရုတ်တရက် ဒေါသထွက်လာကာ သူ့ခြောက်လုံးပြူးပြောင်းကို အဖတ်၏ ဖြူဖွေးသောဗိုက်နှင့် ကပ်ထားလိုက်၏။

"ဟေ့...စကားများမနေနဲ့၊ ငွေပြန်အမ်းမလား မအမ်းဘူးလား"

အဖတ်သည် လက်များ တဆတ်ဆတ်တုန်ကာ ရာတန်အတုဟု သိလျက်နှင့် ပိုက်ဆံအမ်းလိုက်ရ၏။

"ဟေ့...ငါ့အကြောင်းကို မင်း ဘယ်သူ့မှ မပြောရဘူး သိလား၊ ငါ့အကြောင်း လေသံနည်းနည်းထွက်လာရင် မင့် ဟောဒီဗိုက်ကြီးပေါက်ထွက်သွားမယ် သိလား"

အဖတ်၏ညော့်သည်သည် ပြောပြောဆိုဆိုပင် သေနတ်ပြောင်းဝကို ဗိုက်ထဲသို့ နစ်မြုပ်သွားသည်အထိ တအားထိုးလိုက်၏။ အဖတ်သည် ဗိုက်ရေပြားများ စုတ်ပြတ်ကာ မခံမရပ်နိုင်အောင် နာကျင်သွားခဲ့၏။ သို့သော် သူသည် မအော်ရဲ။ အော်ရန်ပင်ဝေးစွ၊ စကားပင် မပြောနိုင်။ ပေးသမျှအမိန့်ကိုသာ ခေါင်းညိတ်၍ နာခံလိုက်ရ၏။

ထိုအချိန်ကစ၍ အဖတ်သည် သူ၏ညှော့သည်ကို အကြောက်ကြီး ကြောက်နေသည်။

ယခုလည်း သူ့ညှော့သည်ကို စေ့စေ့မကြည့်ရဲ၊ ဆီအိုးကိုကြည့် သလိုလုပ်ကာ မျက်လုံးစွေ၍ တစေ့တစောင်းကြည့်ရ၏။ ဣန္ဒြေမပျက် အောင်လည်း သတိထားရ၏။

"ဟော့…ခေါက်ဆွဲ မရသေးဘူးလား"

ငှက်ဆိုးထိုးသကဲ့သို့သော အသံကြီးသည် အဖတ်အား တုန်လှုပ် သွားစေ၏။ အဖတ်သည် ခေါက်ဆွဲကို မြန်မြန်ကြော်ကာ ကြက်သွန် ချဉ်၊ ဆာဒါပဟင်းချိုတို့နှင့်အတူ သူ့ညှော့သည်၏ စားပွဲပေါ်သို့ ရိုသေ စွာ သွားရောက်ချပေးလေသည်။

■

[ ၃ ]

ညှော့သည်သည် ခေါက်ဆွဲကို ပလုတ်ပလောင်းစားလိုက်၊ ပုလင်း ထဲမှ အရက်ကိုငှဲ့၍ သောက်လိုက်ဖြင့် အလုပ်ရှုပ်နေ၏။

အဖတ်သည် ကောင်တာအတွင်းဘက်သို့ပြန်ဝင်ကာ တရုတ် သတင်းစာအဟောင်းတစ်စောင်ကို ဖတ်ချင်ယောင်ဆောင်နေ၏။ ညှော့သည်စားသောက်နေသည်ကို ထိုင်၍လည်း ကြည့်မနေရဲ။ နောက် ဖေးသို့ ထွက်သွားလျှင်လည်း ညှော့သည်ကို အရေးမစိုက်ရာကျမည် စိုးသောကြောင့် ကောင်တာကို ဗိုက်တင်၍မှေးကာ စာဖတ်ဟန်ဆောင် နေရ၏။ "သည်အကောင်ကြီး စားပိုးနင့်ပြီး မြန်မြန်သေပါစေ"ဟု လည်း စိတ်ထဲမှ ဆုတောင်းမိ၏။ ကောင်တာကို ဗိုက်နှင့်မှေး၍ ရပ်လိုက်သည့်အခါတိုင်း တစ်ခါက ဝမ်းရေပြားစုတ်အောင် သေနတ် ပြောင်းဝနှင့် အထိုးခံရသည်ကို သတိရနေမိ၏။ အဖတ်သည် ဖတ် ပြီးသား သတင်းစာကိုပင် ဖတ်၍ကောင်းသလိုလို ရှိသောကြောင့် နောက်တစ်ခေါက် ပြန်ဖတ်ပြန်လေသည်။ ပိုက်ဆံအချောင်ရဖို့အရေး နှင့် မိန်းမအပြင် အဖတ်သည် စာဖတ်ခြင်းကို အကြိုက်နှစ်သက်ဆုံး ဖြစ်၏။

အဖတ်သည် စာဖတ်နေရင်း သူ့ဧည့်သည်အသံကို နားထောင်၏။ အရက်ကို ပုလင်းထဲမှ ဖန်ခွက်ထဲသို့ ဒလဟောငှဲ့ချသံ၊ ဂျိုက်ခနဲ, ဂျိုက်ခနဲမြည်အောင် အရက်ကို မျိုချသံ၊ ကြက်သားအရိုးကိုဝါး၍ ကြမ်းပြင်ပေါ်သို့ ထွေးချသံများကို ကြားရ၏။

"အင်း...ဒီကောင်ကြီးတော့ စားသောက်ပြီးရင် သူ့လူ မလာမချင်း စားပွဲပေါ် ခေါင်းတင်ပြီး အိပ်မှာပဲ"

အဖတ်သည် သူ့ဧည့်သည်ပြုလုပ်နေကျ လမ်းစဉ်ကို နှုတ်တိုက်ရနေသည်။

မကြာမီ ဧည့်သည်သည် စားသောက်၍ပြီးစီးသွားသဖြင့် အဖတ်သည် ပန်းကန်ခွက်ယောက်များကို စားပွဲပေါ်မှသိမ်းဆည်းကာ အဝတ်စုတ်တစ်ခုနှင့် စားပွဲကို စင်အောင်သုတ်ပေးလေသည်။ ဧည့်သည်သည် လောင်းကွတ်အင်္ကျီမှ ကော်လာနှစ်ဖက်ကို လည်ပင်းဖုံးမိစေရန် ထောင်လိုက်ပြီးနောက် လက်နှစ်ဖက်အနက် လက်ယာဘက်လက်ကို သူ့ခြောက်လုံးပြူးထည့်ထားသောအိတ်ထဲသို့ ထိုးသွင်းကာ လက်ဝဲဘက်လက်ကို စားပွဲပေါ်တွင်တင်၍ လက်ပေါ်တွင် ခေါင်းကိုမှေးပြီးလျှင် အိပ်စပြုလေသည်။ ခဏကြာလျှင်ပင် ဝက်ကို ရေနွေးလောင်းသောအခါ အော်သံမျိုးဖြင့် အဖတ်၏ ဧည့်သည်သည် ဟောက်စပြုလေသည်။ ဟောက်သံမှာ တဖြောက်ဖြောက်ကျနေသော ဆီးနှင်းပေါက်များအသံနှင့် ရောထွေးလျက်ရှိ၏။

အဖတ်သည် အိပ်ချင်လှပြီဖြစ်သော်လည်း သူ့ဧည့်သည်ကိုတစ်ယောက်တည်း ထားပစ်ခဲ့လျှင် ဂရုမစိုက်ရာကျမည်စိုးသောကြောင့် အိပ်ချင်စိတ်ကို အတင်းဖယ်ရှားနေရလေသည်။ သူသည် ရမ်ပုလင်းထဲမှ အရက်တစ်ခွက်ကို ငှဲ့လိုက်ကာ တစိမ့်စိမ့်သောက်လေသည်။



သူ့ဧည့်သည် လာသည့်အခါတိုင်း အဖတ်သည် ဤနည်းဖြင့် ညအချိန်ကို ကုန်လွန်စေရ၏။ အရက်တစ်ခွက် သူ့အကြောတွင်းသို့ တစိမ့်စိမ့်ဝင်လာသောကြောင့် သူသည် သွေးပူလာ၏။ ခုမှ သူသည် သူ့ဧည့်သည်ကို ရဲရဲတင်းတင်း ကြည့်နိုင်သည့်သတ္တိ ရှိလာလေသည်။

"ကြည့်စမ်းပါဦးကွာ၊ ဟောက်နေတဲ့အသံကြီးက ဘယ်လောက်ဝက်အော်သံနဲ့ တူသလဲ"

အဖတ်သည် တိုးတိုးရေရွတ်ကာ ဧည့်သည်၏မျက်နှာကို တံတွေးနှင့်ထွေးလိုက်ချင်စိတ် ပေါက်လာ၏။ သို့သော် ထိုကဲ့သို့သော အပြုအမူကို သူ မည်သည့်အခါမျှ ပြုလုပ်ဝံ့မည် မဟုတ်သည်ကို သူကိုယ်တိုင် သိနေ၏။ မိမိမယားကိုမျှ အာမခံရဲသော အဖတ်လိုလူမျိုးက မျက်နှာပေါ်တွင် ဓားခုတ်ရာ အမာရွတ်ကြီးနှင့် ဧည့်သည်အား အဘယ်မှာလျှင် မျက်နှာကို တံတွေးနှင့်ထွေးဝံ့ပါမည်နည်း။

အဖတ်သည် သူ့ဧည့်သည်ကို စေ့စေ့စပ်စပ်ကြည့်နေရာမှ နာရီကို မော်၍ကြည့်မိသည်။ ညတစ်ချက်တီးပင် ကျော်နေပေပြီ။ ညဉ့်နက်လာသည့်အလျောက် အအေးဒဏ်မှာ ပို၍ကဲလာ၏။ လေကလည်း တံခါးပေါက်များမှ တဟူးဟူးနေအောင် တိုးဝင်နေ၏။ အဖတ်သည် ရမ်အရက်တစ်ခွက်ကို သွေးကြောထဲတွင် သွင်း၍ထားသော်လည်း ချမ်းသလိုဖြစ်လာ၏။ သို့သော် အပေါ်ဝတ်အင်္ကျီထူထူကို သွားယူရန် ပျင်းသဖြင့် အရက်ကို နောက်ထပ်တစ်ခွက် ငှဲ့ကာ တစိမ့်စိမ့်သောက်ရင်း အခြားသတင်းစာအဟောင်းတစ်စောင်ကို ကောက်၍ ဖတ်ပြန်၏။

စာဖတ်နေရင်း မကြာခဏ တံခါးဝသို့ လှမ်းကြည့်၏။ သူ့ဧည့်သည်၏မိတ်ဆွေသည် ယခုတိုင် ပေါ်မလာသေး။ ထိုလူ မလာ

မချင်း ယခုရှိနေသော ညွှံ့သည်သည်လည်း သွားဦးမည်မဟုတ်။ ဤကိစ္စမှာ သမားရိုးကျအလုပ်ဖြစ်၏။ တစ်ခါတစ်ရံ မနက် ၃ နာရီလောက်မှ ညွှံ့သည်၏မိတ်ဆွေသည် ပေါ်လာတတ်၏။ ထိုလူလာအောင်အထိလည်း စောင့်သူက စောင့်နိုင်ပေသည်။ အဖတ်သည် သတင်းစာ အဟောင်းများကို တစ်စောင်ပြီးတစ်စောင် ဖတ်နေလေသည်။ သတင်းစာထဲတွင် မုဒိန်းကျင့်မှုများ၊ ဘဏ်တိုက်ဖောက်မှုများ ပါသဖြင့် သူသည် အတော်စိတ်ဝင်စားနေ၏။ ယခုတိုင် ဟောက်၍ ဟောက်၍ အိပ်နေသော သူ့ညွှံ့သည်ကိုလည်းကောင်း၊ သူ့ညွှံ့သည်၏ မိတ်ဆွေကိုလည်းကောင်း မေ့၍နေလေသည်။ သို့နှင့် အချိန်မှာ တဖြည်းဖြည်း ရင့်၍လာခဲ့လေသည်။

■

[ ၄ ]

အဖတ်သည် သတင်းစာအဟောင်းများကိုဖတ်၍ ပြီးသွားလေသည်။ တစ်ထိုင်တည်းထိုင်၍ ဖတ်လိုက်သောကြောင့် ညောင်း၍လာ၏။ ခုမှပင် သူသည် သူ့ဆိုင်ပတ်ဝန်းကျင်ကို သတိရလာလေသည်။

ပထမဆုံး သတိပြုမိသောအချက်မှာ သူ့ညွှံ့သည်ထံမှ ဟောက်သံများ မကြားရတော့ခြင်းဖြစ်၏။ နာရီကိုလှမ်းကြည့်လိုက်သောအခါ နံနက် ၃ နာရီပင် ကျော်နေပြီကို တွေ့ရ၏။

အဖတ် ညွှံ့သည်၏မိတ်ဆွေမှာ ယခုတိုင် ပေါ်မလာခြင်းကို ထောက်လျှင် တစ်စုံတစ်ခုဖြစ်နေပြီ တွေးမိ၏။ အဖတ်သည် ထိုင်ရာမှ ထကာ သူ့ညွှံ့သည်အနီးသို့သွား၍ ကြည့်မိ၏။ စားပွဲပေါ်တွင် ခေါင်းဆွေ၍တင်ထားသောလက်မှာ စိစိပါအောင် ဆုပ်လျက်ရှိပြီးလျှင် ပါးစပ်မှာ ဟ,လျက်ရှိ၏။ ပါးစပ်ဟ,နေပုံမှာ တစ်စုံတစ်ခုသောနာကျင်ခြင်းဝေဒနာဖြင့် တွန့်လိမ်နေခြင်းပင် ဖြစ်သည်ဟု သတိထားမိ၏။ မျက်စိများမှာ ပွင့်နေ၏။ သို့သော် တစ်စုံတစ်ခုကိုမျှ မြင်ဟန်မတူ၊ လူသေမျက်စိကဲ့သို့ပင် ဖြစ်၏။

အဖတ်သည် သူ့လက်ဖြင့် ဧည့်သည်၏မျက်နှာကို စမ်းကြည့်၏။ အေးစက်ကာ ဖြူရော်နေလေသည်။ "ဒီကောင်ကြီးတော့ သွားပြီ" ဟု အဖတ်က ရေရွတ်ကာ တစ်ကိုယ်တည်းပြုံးမိ၏။ သူက သူ့ဧည့်သည် သေသွားခြင်း၌ ဘာမျှဝမ်းနည်းစရာမရှိ ပြုံးရယ်ဖို့ရှိသည်။

အဖတ်သည် သူ့ဝါသနာအတိုင်း သူ့လက်တစ်ဖက်ကို ဧည့်သည်၏ အတွင်းအိတ်ထဲသို့ နှိုက်လိုက်၏။ အဝါရောင်စက္ကူနှင့်ထုပ်ထားသော အထုပ်နှစ်ထုပ်ကို တွေ့ရသည်။ အဖတ်သည် ကောင်တာဆီသို့ ပြန်လာကာ အထုပ်များကို ဖြေကြည့်၏။ တစ်ထုပ်မှာ ရာတန်အတုများဖြစ်၍ တစ်ထုပ်မှာ ရာတန်အစစ် ငွေစက္ကူများဖြစ်သည်ကို တွေ့ရ၏။ သူထင်သည်ထက် ငွေများ ပိုရသည့်အတွက် အဖတ်သည် ဝမ်းသာနေသည်။ သူသည် နောက်ဖေးဘက်သို့ထွက်ကာ မြေကြီးတွင် တွင်းတူး၍ မြှုပ်ထားလိုက်ပြီးနောက် ဆိုင်ထဲသို့ပြန်ဝင်လာလေသည်။

ဆိုင်ထဲသို့ရောက်သောအခါ သူသည် စိုးရိမ်စိတ်ကလေးများ ဝင်လာမိသည်။ နာရီကိုမော့ကြည့်၏။ ၄ နာရီထိုးပေပြီ။ ဤအချိန်တွင် ဧည့်သည်၏မိတ်ဆွေ ရောက်လာလျှင် မည်သို့လုပ်ပါမည်နည်း။ သူ့မိတ်ဆွေမှာ သေနေပြီးလျှင် အိတ်ထဲမှ ငွေစက္ကူများ ပျောက်ဆုံးနေသည်ကို တွေ့ရလျှင် မည်သို့ဖြစ်မည်နည်း။

အဖတ်သည် ဖြစ်ပေါ်လာသော ကြောက်စိတ်များကို ဖယ်ရှားရန် ကြိုးစား၏။ "ဒီကောင်လာရင်ကော ဘာကြောက်စရာရှိသလဲ၊ ဒီကောင်လည်း သေတဲ့လူနဲ့ အတူတူ ငွေစက္ကူအတုတွေ ခိုးထုတ်နေတယ် မဟုတ်လား။ ဒီတော့ သူ့မှာလည်း အပြစ်ရှိတယ်။ နောက်ပြီး ဒီကောင်တွေဟာ နယ်စပ်က တရုတ်ဖြူတွေနဲ့ ဆက်သွယ်နေတယ်။ သူ ငါ့ကို ဘယ်နည်းနဲ့မှ အပြစ်မရှာဝံ့ဘူး" သူသည် ငွေအချောင်



ရရန် ဇောကြီးနေသဖြင့် ကြောက်ရွံ့စိတ်များကို ဖယ်ရှားပစ်နိုင်လာ၏။

သို့သော် သူသည် ခုချက်ချင်း ပုလိပ်များကိုတိုင်ရန်သော်လည်းကောင်း၊ သူ့မိန်းမကိုနှိုး၍ ပြောရန်သော်လည်းကောင်း ကြောက်ရွံ့နေမိ၏။ ဆိုင်ထဲတွင် သူနှင့် ဧည့်သည် နှစ်ယောက်တည်းသာရှိရာ ဧည့်သည်၏ သေပုံဆန်းခြင်းအတွက် သူ့အပေါ် မသင်္ကာဖြစ်လာမည်ကို စိုးရိမ်၏။ အကယ်၍ ပုလိပ်များကိုတိုင်လိုက်လျှင် ပုလိပ်များသည် သူ့အား အစ်အောက်၍ မေးခွန်းထုတ်ကြမည်ဖြစ်၏။ ဤကဲ့သို့ ပုလိပ်နှင့်ရင်ဆိုင်ရလျှင် သူသည် ဏ္ဍြေဆောင်နိုင်မည်မဟုတ်။ နောက်ဆုံးတွင် သူ့ငွေအိတ်ထဲမှ **နှိုက်ယူထားသည့်အကြောင်းပါ** ဖုံးမနိုင်ဖိမရ ဖြစ်လာမည်ဖြစ်၏။ ထို့ကြောင့် သူသည် ယခုအချိန်တွင် သူစိမ်းတစ်ရံဆံ လူတစ်ယောက် သူ့ဆိုင်တွင်းသို့ ဝင်လာစေချင်၏။ ထိုလူရှေ့တွင် မသိဟန်ဆောင်ကာ သေနေသောဧည့်သည်ကို လှုပ်နှိုးမည်၊ နောက်ဆုံး နှိုး၍မရမှ သေနေကြောင်းကို သူနှင့်တကွ ဝင်လာသူပါ သိမည်။ ထိုသို့ဆိုလျှင် သူ့အပေါ်၌ သင်္ကာကင်းနိုင်မည်ကို စဉ်းစားမိ၏။

ထို့ကြောင့် အဖတ်သည် စိုးရိမ်တကြီးနှင့် သူစိမ်းတစ်ရံဆံ လူတစ်ယောက်ယောက် ဝင်လာရန် ဆုတောင်းမိလေသည်။

■

## [ ၇ ]

အချိန်မှာ နံနက် ၆ နာရီပင် ထိုးကာနီးလေပြီ၊ နှင်းလွှာထုကို ဖောက်ထွင်းကာ နေမင်း၏ရောင်ခြည်သည်ပင် ကွန့်မြူးစပြုလာလေသည်။

ဆိုင်ရှေ့တွင် လော်လီကားတစ်စင်း ထိုးဆိုက်လိုက်သံကို ကြားရ၏။ အဖတ်သည် အတိုင်းမသိ ဝမ်းသာသွားလေသည်။

မော်တော်ကား ဒရိုင်ဘာတစ်ယောက်သည် ဆိုင်ထဲသို့ဝင်လာကာ ဆန်ပြုတ်တစ်ခွက်မှာ၏။ ဒရိုင်ဘာမှ အဖတ်နှင့် အနည်းငယ်သိကျွမ်းသူဖြစ်လေသည်။

ဒရိုင်ဘာသည် ဆိုင်အလယ်ခန်းရှိ စားပွဲတွင် ထိုင်လိုက်စဉ် အခန်းထောင့်မှ ဧည့်သည်ကို သွား၍မြင်လေသည်။

"ဟေး...အဖတ်...ဒီလူက ဒီမှာ မူးနေတုန်းပါလား..."

အဖတ်အတွက် နတ်များ၊ သိကြားများ စောင်မ,သလို အကွက်ကောင်း ပေါ်လာလေသည်။ အဖတ်သည် ဒရိုင်ဘာကို အကြောင်းသင့်အောင် ပြန်ပြောရင်း သေနေသောဧည့်သည်အနီးသို့ကပ်ကာ အော်၍ နှိုးလေသည်။



"ဟာ...မူးပြီး အိပ်ပျော်နေတဲ့လူ၊ ဒီလိုအော်နှိုးလို့ ဘယ်နိုးမလဲ လှုပ်ပြီးနှိုးပါ..."

အဖတ်သည် ဒရိုင်ဘာ၏အကြံပေးချက်ကို ချက်ချင်းလိုက်နာလိုက်ကာ သေနေသောဧည့်သည်ကို ပခုံးမှကိုင်၍ ဆက်ကာဆက်ကာ လှုပ်၍ နှိုးလိုက်သည်။

ဒိုင်းခနဲမြည်ကာ သေနတ်သံတစ်ချက် ထွက်လာ၏။ အဖတ်သည် ဝမ်းဗိုက်ကို လက်ဖြင့်နှိပ်ကာ လဲကျသွား၏။ သွေးများသည် ပန်း၍ ထွက်လာလေသည်။

သေနတ်ကျည်ဆန်သည် သေနေသောဧည့်သည်၏ အိတ်တွင်းမှ ထွက်လာခြင်းဖြစ်၏။ ကျည်ဆန်သည် စားပွဲအစွန်းကို ဦးစွာထိပြီးနောက် အဖတ်၏ဝမ်းဗိုက်ကို ထိမှန်လေသည်။

အဖတ်ကို ဆေးရုံသို့ပို့ကြ၏။ အဖတ်သည် အသက်အတော်ပြင်းသောသူဖြစ်သည်။ မသေမီ ၃ ရက်အတွင်း ပြင်းထန်သောဝေဒနာကို ခံစားရသည့်တိုင်အောင် သတိရှိနေသေး၏။ စကားကို မပြတ်အောင် ပြောနိုင်၏။ သို့သော် သူ့စကားထဲတွင် ဝှက်ထားသောငွေစက္ကူအကြောင်း မပါ။ အဖတ်က သူသေမည်ဟု မထင်ခဲ့။ သို့ကြောင့်လည်း ငွေစက္ကူအကြောင်းကို ဖွင့်၍မပြောခဲ့ခြင်းဖြစ်၏။

ဆေးရုံမှ ဆရာဝန်များနှင့် ပုလိပ်ဘက်ကမူ အဖတ် ဝမ်းဗိုက်ကို ထိမှန်သောကျည်ဆန်သည် သေဆုံးသူ၏အိတ်ထဲမှ ခြောက်လုံးပြူးကျည်ဆန်ဖြစ်ကြောင်းကို ထောက်ခံကြ၏။ သေဆုံးသူသည် ညနှစ်နာရီလောက်တွင် နှလုံးရောဂါဖြင့် သေဆုံးခဲ့ကြောင်း၊ ရာသီဥတုက အလွန်အေးသဖြင့် သေဆုံးသူ၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်း တောင့်တင်းလာကြောင်း၊ အိတ်ထဲတွင်ရှိသော သေနတ်ကို သေနတ်

မောင်းမှ ဆုပ်ကိုင်ထားသော သေဆုံးသူ၏လက်သည် တဖြည်းဖြည်း တောင့်တင်းလာကြောင်း၊ နံနက် ၆ နာရီအချိန်တွင် ပျော်ပွဲစားရုံပိုင်ရှင် အဖတ်က သေသူကို လှုပ်၍ လှုပ်၍ နှိုးလိုက်သောအခါ သေနတ်မောင်းကို ကိုင်ထားသည့် လက်သည် မောင်းကို ဆွဲလိုက်သကဲ့သို့ဖြစ်ကာ ကျည်ဆန်ပေါက်ကွဲထွက်လာခြင်းဖြစ်ကြောင်း ထွက်ဆိုကြ၏။

အဖတ် သေဆုံးပြီးသည့်အချိန်မှစ၍ ကျားပျော်ပွဲစားရုံသည် ယခင်ကထက် စည်ကားလာ၏။ အဖတ်၏မိန်းမတွင်လည်း ရွှေတွဲလဲ ငွေတွဲလဲ ဖြစ်လာ၏။ နောက်ယောကျ်ားတစ်ယောက်ပင် ရ၍နေလေပြီ။

အဖတ်သည် သေဆုံးသောညှော့သည်ထံမှ အချောင်နှိုက်၍ ရလိုက်သော ငွေကို အလောတကြီးနှင့် သူ့မိန်းမ ထင်းခွဲသောနေရာတွင် မြှုပ်ထားခဲ့သည် မဟုတ်လော။

■

# ဖောင်ပိတ်ပွဲတော်

## [ ၁ ]

စာရေးဆရာ ဦးနန္ဒာက ဖောင်တိန်အဖုံးကို ရှင်ပြုံးစွာဖြင့် ပိတ်ပစ်လိုက်၏။

ရင်တွင်း၌လည်း ယခုမှ အလုံးကြီးတစ်ခု ကျသွားသကဲ့သို့ ပေါ့ပါး၍သွားခဲ့သည်။ ဦးနန္ဒာရေးနေသော ဝတ္ထုရှည်တစ်ပုဒ်ကို အဆုံးသတ် ရေးပြီးသောကြောင့်ပင် ဖြစ်သည်။

မည်သူမဆို မိမိတာဝန်ယူ လုပ်ကိုင်နေရသော လုပ်ငန်းတစ်ခု၏ ပြီးဆုံးချိန်ကို ရောက်ရှိသွားလျှင် ဝမ်းမသာ မရွှင်မြူးနိုင်ဘဲနေကြမည် မဟုတ်၊ မိမိလုပ်ကိုင်ဆောင်ရွက်၍ ပြီးစီးသွားခဲ့သော လုပ်ငန်းအတွက် ဝမ်းသာရွှင်မြူးမှု ရှိကြသည်မှာ အမှန်ပင်ဖြစ်၏။

ဦးနန္ဒာသည် စာရေးခြင်းဖြင့် ထမင်းစားနေသူဖြစ်၏။ ထုတ်ဝေသူကို သူ ရေးသားထားသော စာမူများကိုပေးမှ သူ ထမင်းစားရန် ငွေရမည်ဖြစ်သည်။

ယနေ့တော့ ဦးနန္ဒာက ထုတ်ဝေသူအား ပေးစရာရှိသော ဝတ္ထုစာမူ ပြီးစီးသွားခဲ့ပြီဖြစ်၍ ထုတ်ဝေသူထံမှ မနက်ဖြန်တွင် ဦးနန္ဒာ ငွေရရှိပေတော့မည်။

စာမူမပြီးသေးသောကာလတွင် ထုတ်ဝေသူက လီ၍ လီ၍ ကလေးငယ်တစ်ယောက်အား ဖခင်က မုန့်ဖိုးပေးသကဲ့သို့ ပေးခဲ့သော မပြစ်စလောက် ငွေကလေးဖြင့် ချို့ငဲ့စွာ သုံးစွဲနေရသော ဦးနန္ဒာသည် မနက်ဖြန် စာမူအပ်သောနေ့၌ ထုတ်ဝေသူဆီမှ အပုံလိုက်ရရှိသော ငွေများဖြင့် စိတ်ကျေနပ်လောက်အောင် သုံးဖြုန်းပစ်လိုက်မည်ဟူ၍ စိတ်တွင်း၌ အားခဲထားလိုက်သည်။

အမှန်တော့ ဦးနန္ဒာတို့လို စာရေးခြင်းသက်သက်ဖြင့် ထမင်းစားနေရသော စာရေးဆရာသက်သက်တို့အဖို့တွင် ထိုအချိန်ကလေးသာလျှင် မော်နိုင် ပြုံးနိုင် သုံးနိုင် ဖြုန်းနိုင်သောအချိန်ကလေး ဖြစ်ခဲ့၏။ ကျန်အချိန်များတွင်မူ ဦးနန္ဒာတို့၏ဘဝသည် ဆင်းရဲခြင်း၊ ငတ်ပြတ်ခြင်း ဒီဂရီကို သိုညအောက်ဆုံးအမှတ်အထိ ပြသရလောက်အောင် မွဲတေခဲ့ရသည်ချည်း ဖြစ်၏။

သို့တိုင်အောင် ဦးနန္ဒာသည် စာရေးဆရာဘဝကို စိတ်မပျက်မိ၊ ကလောင်လက်နက်ကို မချ၊ စာပေအောင်လံတော်ကို ရုပ်မဖျက်၊ ဘဝတိုက်ပွဲပေါင်းစုံကို ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲလျက် စာရေးဆရာဘဝဖြင့် ရပ်တည်နေသည်သာ ဖြစ်၏။

ဦးနန္ဒာက ရေးပြီးသားစာမူများကို ခေါက်၍ လွယ်အိတ်ထဲသို့ အသင့်ထည့်ထားလိုက်၏။ ဒါမှ မနက်ဖြန် အဆင်သင့်ဖြစ်နေမည် မဟုတ်လား၊ လုပ်ငန်းတစ်ခု အပိုလုပ်နေရန်မလို။

ဦးနန္ဒာသည် မနက်ဖြန်အတွက် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်လျက် စားပွဲမှ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်၏။

တစ်နာရီ လေးဆယ့်ငါးမိနစ်ဟူသော အမှတ်အသားက ဦးနန္ဒာ၏ အိပ်ချင်စိတ်ကို နှိုးဆွလိုက်၏။ ဦးနန္ဒာက တစ်ချက်မျှရှည်လေးစွာ



သမ်းဝေရင်း သားအငယ်ဆုံးကို နို့တိုက်ရင်း အိပ်ပျော်နေနှင့်သော ဇနီးသည်၏ဘေးတွင် အသာဝင်၍ အိပ်လိုက်လေတော့သည်။

မင်္ဂလာရှိသော မနက်ဖြန်ကို အိပ်စက်ခြင်းဖြင့် သူက စောင့်မျှော်လိုက်ပြီတည်း။

■

## [ ၂ ]

ဦးနန္ဒာတို့မိသားစုအတွက် မင်္ဂလာရှိသောနေ့ပင်တည်း။

"တော့်မှာ ငွေဘယ်လောက်ရှိလို့ ကြက်သားဟင်းချက်ခိုင်း၊ ခေါက်ဆွဲကြော်ခိုင်း လုပ်နေရတာလဲ ကိုနန္ဒာ"

ဦးနန္ဒာ၏မိန်းမ ဒေါ်စန်းနုက ကလေးအနှီးများကို လျှော်ရင်း ဦးနန္ဒာအား လှမ်းမေးလိုက်၏။

စာမှုထည့်ထားသောလွယ်အိတ်ကို လွယ်၍ စာအုပ်တိုက်သို့ သွားရန် ခြေလှမ်းပြင်နေသော ဦးနန္ဒာ၏ ခြေလှမ်းများမှာ ဒေါ်စန်းနု၏ အမေးစကားကြောင့် တုံ့ခနဲဖြစ်သွား၏။

စင်စစ်တော့ ဦးနန္ဒာသည် သူ ယနေ့ရရှိမည့်ငွေကြေးကို မျှော်လင့်၍ ဒေါ်စန်းနုအား ဟင်းကောင်း အမြည်းကောင်း ချက်ခိုင်းခြင်း ဖြစ်၏။ သူ့တွင် လောလောဆယ် စာအုပ်တိုက်သို့သွားရန် ခရီးစရိတ် ကလွဲ၍ ပိုက်ဆံတစ်ပြားမှ အပိုမရှိ။ ခရီးစရိတ်တောင်မှ အသွားစရိတ်သာ ရှိသည်။ အပြန်စရိတ်က မရှိ။ သို့သော် အပြန်တွင်မူ စာအုပ်တိုက်က ငွေများရမည်မို့ အပြန်စရိတ်မရှိသည်က အကြောင်းမဟုတ်။ အိမ်၌လည်း ပိုက်ဆံတစ်ပြားမှ မရှိသည်ကို ဦးနန္ဒာသိသည်။ သိပင်သိငြားသော်လည်း ဦးနန္ဒာက ဇနီးသည်အား ဟင်းကောင်းချက်ထားခိုင်းရသည်။



ဤသည်မှာ အကြောင်းရှိ၏။

ဦးနန္ဒာတို့ စာရေးပြီး ထမင်းစားနေကြသူတွေမှာ ရောဂါဆန်း တစ်ခုရှိ၏။ စေတနာတောင်ခြေတွင် မြစ်ဖျားခံခဲ့သော ရောဂါဆန်းပင် ဖြစ်ပါသည်။ ထိုရောဂါဆန်းက အခြားမဟုတ်။ ငွေပေါနေသောနေ့ ဖြစ်သည့် စာအုပ်တစ်အုပ်၏ နောက်ဆုံးစာဖောင်ကို ထုတ်ဝေသူအား ပေးပြီးအချိန်တွင် "ဖော်ပိတ်ပွဲတော်" ကျင်းပကြသည့် ရောဂါဆန်း ပင်တည်း။

ယင်း ဖောင်ပိတ်ပွဲတော်သို့ ရင်းနှီးရာရာ အပေါင်းအသင်း ဘဝတူ စာရေးဆရာများက မပျက်မကွက်ပဲ တက်ရောက်လေ့ရှိကြသည်။ ဖောင်ပိတ်ပွဲတော် ကျင်းပရန်နေရာက အခြားပွဲများကဲ့သို့ နေရာဌာန ကြီးကြီးကျယ်ကျယ် သတ်မှတ်ရန်မလို၊ ကျင်းပချင်ရာတွင် ကျင်းပနိုင်သည်။ သို့ရာတွင် ယင်းဖောင်ပိတ်ပွဲတော်တွင် မပါဝင်ဘဲ နေလို့ မဖြစ်သည့် ပင်တိုင်စံမင်းသားတစ်ပါးရှိ၏။ ယင်းမင်းသားက "အရက်မင်းသား" ပင် ဖြစ်သည်။

အရက်မင်းသားပါမှ ဖောင်ပိတ်ပွဲတော်သည် စိုပြည်၏။ ဖောင်ပိတ်ပွဲတော်သို့ တက်ရောက်လာကြသော စာရေးဆရာအပေါင်းသည် အရက်မင်းသား၏ ဖြေဖျော်ထွေးပိုက်မှု အရသာကို ခံစားသူချည်း ဖြစ်၏။

ထို့ကြောင့် ဦးနန္ဒာသည် ယနေ့ညနေတွင် သူ့အိမ်၌ ဖောင်ပိတ်ပွဲတော် ကျင်းပရာ၌ အရက်ကို ရန်ကုန်မှ မရ,ရအောင် ဝယ်ခဲ့မည်။ အမြည်းအတွက် ကြက်သားဟင်းနှင့် ခေါက်ဆွဲကြော်ကိုတော့ ဇနီးသည် ဒေါ်စန်းနုအား ချက်ခိုင်းနှင့်မည်။ ကြက်သားဟင်းနှင့် ခေါက်ဆွဲကြော်ချက်ဖို့အတွက် လောလောဆယ်ပေးခဲ့ရန် ငွေမရှိသော်လည်း

ဒေါ်စန်းနု၏ အစွမ်းအစကို သူယုံကြည်ပြီးသား၊ ဒေါ်စန်းနုက သူ့မှာရှိသော "အကြွေးယူနိုင်သည့်" အစွမ်းအစဖြင့် သူမှာထားသည်ကိုတော့ ချက်ဖြစ်အောင် ချက်ထားလိမ့်မည် စသည်ဖြင့် သည်ရည်ရွယ်ချက် မျှော်မှန်းချက်များကြောင့် ဇနီးသည် ဒေါ်စန်းနုတွင် ငွေမရှိသည်ကို သိလျက်နှင့် ချက်ခိုင်းထားခြင်းပင် ဖြစ်၏။

"မစန်းနုကလဲကွာ၊ ငါ့မှာတော့ ငွေ ဘယ်ရှိပါ့မလဲကွ၊ ညနေကျတော့ ရှိလာမှာပေါ့၊ ဒါကြောင့် အပိုတွေ မေးမနေစမ်းနဲ့ကွာ၊ ထုံးစံအတိုင်းသာ လုပ်ထားပါ"

"တော့်မှာတော့ ထုံးစံအတိုင်းလို့ ပါးစပ်ကပြောတာ သိပ်လွယ်သိလား၊ ဒီမှာတော့ လူကိုယ်တိုင် အကြွေးယူရလို့ မျက်နှာပူလှပြီ၊ ဆိုင်ရှင်က အကြွေးသိပ်ပြီးရောင်းချင်တာ မဟုတ်ဘူး၊ ခုတောင် နိုင်ငံကျော်စာရေးဆရာကြီးရဲ့ မယားမို့ အကြွေးကို အားနာလို့ပေးရတာတို့ ဘာတို့နဲ့ နောက်သလိုရွတ်သလို ပြောပြောနေတာ ရှင် မသိဘူးလား"

"အိုကွာ၊ နိုင်ငံကျော်စာရေးဆရာ အကြွေးဝယ်ယူစားသောက်နေရတာ အဆန်းလား ပြောပါစေ၊ နိုင်ငံကျော်သူဌေးမှ တို့က မဟုတ်ဘဲ၊ ဒါ ဘာဖြစ်သလဲ၊ အေး...ညနေ ငါစာအုပ်တိုက်ကပြန်လာရင် အားလုံး အကျေဆပ်မယ်လို့ပြော၊ ပြီး ငါမှာတာတော့ ချက်ထားသိလား..."

ဦးနန္ဒာက ဇနီးထံမှ နောက်ထပ် ဘာစကားမှ ထွက်မလာခင် အိမ်ပေါ်မှ သုတ်ခြေဆင်းခဲ့တော့၏။

■

[ ၃ ]

ပေါ်လစ်ရောင် တဖိတ်ဖိတ်တောက်နေသော သစ်သားပြားပေါ်တွင် "သစ္စာရောင်ပြန်စာအုပ်တိုက်" ဟူသော စာတန်းဖြူဖြူကလေးသည် လွင်လျက်ရှိနေ၏။

အရောင်တဖိတ်ဖိတ် တောက်လွင်နေသော ဆိုင်းဘုတ်ကလေးအောက်ရှိ အပေါက်မှ ဦးနန္ဒာသည် စာအုပ်တိုက်အတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်လာလေသည်။ ဦးနန္ဒာ စာအုပ်တိုက်အတွင်းသို့ ရောက်ရှိသွားသောအချိန်တွင် သစ္စာရောင်ပြန်စာအုပ်တိုက်ပိုင်ရှင် ထုတ်ဝေသူ "ဦးကောင်းညွန့်" ကို မတွေ့ရချေ။

သည်အတွက် ဦးနန္ဒာ စိတ်ပျက်သွားမိသည်။ ချောင်ကျကျ စားပွဲတစ်လုံးတွင် ထိုင်၍ ပရုဖတ်နေသော သစ္စာရောင်ပြန်တိုက်မှ စာပြင်ဆရာကလေးသည် ဦးနန္ဒာအား မြင်သွားသဖြင့် နေရာမှ ပျာပျာသလဲ ခရီးဦးကြိုပြုလိုက်၏။

"ဟာ...ဆရာဦးနန္ဒာပါလား၊ ထိုင်ပါ ထိုင်ပါ၊ ဦးကောင်းညွန့် အပြင်ခဏသွားပါတယ်"

ဦးနန္ဒာက စာပြင်ဆရာညွှန်ပြသော ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ ပြီး လွယ်အိတ်ထဲမှ လက်ကိုင်ပဝါ ညစ်ထေးထေး ကို ထုတ်၍ နဖူးမှချွေးများကို သုတ်ပစ်လိုက်သည်။

"ငါ့ စာမူလာပေးတာကွ၊ မင်းကို ပိုက်ဆံပေးသွားသေးသလား၊ ဘာမှာသွားသေးသလဲ"

"ပိုက်ဆံတော့ မပေးသွားဘူး ဆရာ၊ ဆရာရောက်ရင် သူ့ကို စောင့်နေပါလို့ မှာသွားပါတယ်"

စာပြင်ဆရာ၏ အဖြေကြောင့် ဦးနန္ဒာမှာ စိတ်ပျက်သွားရပြန် သည်။ ဦးကောင်းညွှန့်ကိုစောင့်ပြီး ဦးကောင်းညွှန့်က မြန်မြန်ရောက် လျှင် တော်ပါရဲ့၊ မြန်မြန်ပြန်မရောက်ခဲ့ပါလျှင် သူလုပ်စရာလုပ်ငန်း နှောင့်နှေးသွားမည်ကို ဦးနန္ဒာ စိုးရိမ်သည်။

ဦးနန္ဒာ လုပ်စရာလုပ်ငန်းက ဖောင်ပိတ်ပွဲတော်အတွက် ခင်မင် ရာရာ ဘဝတူ စာရေးဆရာများကို လိုက်လံဖိတ်ကြားရန်ပင်ဖြစ်သည်။

ယင်းကြောင့်ပင် ဦးနန္ဒာသည် ဦးကောင်းညွှန့်ကို မစောင့်ဘဲ မိတ်ဆွေများကို အရင်သွားဖိတ်ရလျှင် ကောင်းမလား၊ ဦးကောင်းညွှန့် ကိုပဲ စောင့်နေရကောင်းမလားဟု ချီတုံချတုံဖြစ်နေရသည်။

များမကြာလှပါချေ။ ဦးနန္ဒာသည် ဆုံးဖြတ်ချက်တစ်ခုကို ချပြီး သားဖြစ်သွား၏။ တစ်ချက်ခုတ်လျှင် နှစ်ချက်ပြတ်သော ဆုံးဖြတ် ချက်ပင်။ ဦးကောင်းညွှန့်ကိုလည်း ဤတိုက်တွင်းမှပင် စောင့်မည်။ မိတ်ဆွေများကိုလည်း ဤတိုက်တွင်းမှပင် ဖိတ်ကြားမည်ဟူ၍တည်း။

ဦးနန္ဒာက စားပွဲပေါ်ရှိ တယ်လီဖုန်းစကားပြောခွက်ကို မ,ယူ လိုက်သည်။ နှုတ်တိုက်ရနေပြီးသော ဂဏန်းများကို တစ်ကွက်စီ လှည့်လိုက်၏။



မကြာမီ တစ်ဖက်မှမေးသံကို ကြားလိုက်ရသည်။ ဦးနန္ဒာက အားရဝမ်းသာစွာ ပြန်ဖြေလိုက်၏။

"စာရေးဆရာ နန္ဒာပါ၊ ကိုလေးမြင့်...လားဗျို့၊ ဗျို့... ကိုလေးမြင့်၊ ညနေ ၅ နာရီကျရင် ကျုပ်အိမ်မှာကျင်းပမယ့် ဖောင်ပိတ် ပွဲတော်ကို ခင်ဗျားတက်ခဲ့ပါ၊ ပြီးတော့ စုံထောက်က အောင်ကျော် ကြီးနဲ့ ရုပ်ရှင်ပဒေသာက တင်မောင်မောင့်ကိုပါ မ,ခဲ့ဗျာ၊ ဒါပဲ... ဒါပဲ..."

ဦးနန္ဒာက တယ်လီဖုန်းခွက်ကို ပြန်ချလိုက်၏။ ယခုမှ စိတ် လက် ပေါ့သွားတော့သည်။ ဦးနန္ဒာသည် ဆေးပြင်းလိပ် အသစ်တစ် လိပ်ကို ထုတ်၍ မီးညှိ ဖွာရှိုက်နေလိုက်သည်။

သူစောင့်၍ တစ်နာရီကျော်ကျော် အကြာတွင်မှ ထုတ်ဝေသူ ဦးကောင်းညွှန့်၏ "ကောင်ဆယ်လ်" ကားပြာကြီးသည် တိုက်ရှေ့ တွင် ငြိမ့်ခနဲ ထိုးရပ်လာလေသည်။

ဦးကောင်းညွှန့်သည် တိုက်ထဲသို့ဝင်လာရင်း ဦးနန္ဒာကို ရွှင်ပြုံးစွာ နှုတ်ဆက်လိုက်၏။

"ဆရာ ရောက်နေတာ အတော်ကြာပလား ဆရာ"

"ဟုတ်ကဲ့...တော်တော် ကြာသွားပြီဆိုပါတော့၊ တစ်နာရီကျော် ကျော် နှစ်နာရီနီးပါးရှိပါပြီ"

ဦးကောင်းညွှန့်က ဦးနန္ဒာရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက် ၏။ ဦးနန္ဒာနှင့် ဦးကောင်းညွှန့်အား ဦးကောင်းညွှန့်၏ အလုပ်စားပွဲ က အလယ်မှခြား၍ ခံထားလေသည်။

"ဆရာ့စာမူကော...ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့...ပြီးပါပြီ၊ ဒီမှာ စာမူလည်း ပါလာပါတယ်"

ဦးနန္ဒာက လွယ်အိတ်ထဲမှ စာမူကိုထုတ်၍ ဦးကောင်းညွန့်အား ပေးလိုက်သည်။ ဦးနန္ဒာ၏မျက်နှာတွင် ဝမ်းသာရွှင်မြူးခြင်း အထွတ်အထိပ်ဖြင့်...

"ကိုယ့်ဆရာ၊ ကျုပ်ဘက်ကတော့ တာဝန်ကျေပြီနော်၊ ကိုယ့်ဆရာဘက်က အသပြာကလေး တာဝန်ကျေဖို့ပဲ ကျန်ပါတော့တယ်၊ ဟဲ...ဟဲ...ဟဲ"

"ဟုတ်ကဲ့၊ ကျွန်တော့်ဘက်က တာဝန်ကျေဖို့ အသင့်ပါပဲဆရာ၊ ကဲ...ဆရာ အရင်ယူထားတာ ငွေဘယ်လောက်ရှိပြီလဲ၊ စာရင်းပေါင်းရအောင်"

ဦးကောင်းညွန့်က ပြောပြောဆိုဆိုဖြင့် ဗီရိုထဲမှ စာရင်းစာအုပ်ကြီးကိုထုတ်၍ ဟိုလှန်သည်လှန်လုပ်နေ၏။ အတန်ကြာ ဟိုလှန်သည်လှန် လုပ်နေပြီးမှ...

"ဆရာယူထားတဲ့ငွေနဲ့ ကျွန်တော်ပေးရမယ့်ငွေနဲ့ဆိုရင် ကျွန်တော်ကတောင် ဆရာ့ဆီမှာ ငါးကျပ်ပိုနေပါသေးတယ်"

"ဗျာ...ဘယ်လို"

ထုတ်ဝေသူ ဦးကောင်းညွန့်၏စကားကြောင့် ဦးနန္ဒာ၏စိတ်ဝယ် ဒိတ်ခနဲဖြစ်သွားရလေသည်။

ယင်းကြောင့်လည်း ဦးနန္ဒာ၏နှုတ်မှ အာမေဋိတ်သံထွက်လာရခြင်း ဖြစ်၏။

"သြော်...ဆရာ့ဆီမှာ ကျွန်တော့်ပိုက်ဆံ ငါးကျပ်တောင် ပိုနေပါသေးတယ်လို့"

ဦးကောင်းညွန့်၏ ထပ်ဆင့်အဖြေကြောင့် ဦးနန္ဒာ အကြီးအကျယ် မျက်လုံးပြူးရပြီ။ စောစောက ငွေရတော့မှာပဲဟုသော မျှော်



လင့်စိတ်ဖြင့် ဝမ်းသာနေသော ဦးနန္ဒာတစ်ယောက် ဝမ်းမသာနိုင်တော့ပြီ။

ဦးနန္ဒာသည် ဦးကောင်းညွန့်လက်ထဲမှ စာရင်းစာအုပ်ကို မသက်မသာ လှမ်းယူ၍ မယုံကြည်သလို စစ်ဆေးလိုက်မိသည်။ ဤအခါတွင် ဦးကောင်းညွန့်ပြောသည်မှာ မှန်ကန်နေကြောင်း တွေ့လာရ၏။ မိမိလက်မှတ်ဖြင့် လီ၍လီ၍ ဆယ့်ငါးကျပ် နှစ်ဆယ် စသည်ဖြင့် ယူထားခဲ့သည်မှာ ယခု သူရရှိမည့် သုံးကျပ်တန် စာအုပ်တစ်အုပ်အတွက် ငွေကြေးမှာ ကုန်ဆုံးနေပြီဖြစ်သည့်အပြင် သူကပင် ဦးကောင်းညွန့်ကို ငါးကျပ်ပြန်ပေးရန် ရှိနေသေးသည်။

ဦးနန္ဒာသည် ညှိုးလျစွာဖြင့် စာအုပ်ကို ပိတ်ပစ်လိုက်၏။

"အဲဒါမှ ဒုက္ခပဲ ကိုကောင်းညွန့်ရယ်၊ ကျုပ်က ခင်ဗျားဆီမှာ ရစရာ ငွေ ကျန်သေးတယ်ထင်ပြီး ဒီနေ့ပဲ ကြွေးရှင်တွေကို ဆပ်ပါ့မယ်လို့ ကတိပေးရ၊ ဖောင်ပိတ်ပွဲတော် ကျင်းပမယ်လို့ မိတ်ဆွေကို ဖိတ်ရနဲ့"

ဦးနန္ဒာ၏စကားကို ဦးကောင်းညွန့်သည် မကြားသယောင်ပြုနေလိုက်သည်။ ယခင်စာမူမပြီးခင်က စာမလာပို့လျှင် အရက်တိုက်၍ ခခယယလုပ်ခဲ့သော ဦးကောင်းအဖို့ ယခု စာမူပြီးသောအခါ၌ ခခယယ လုပ်မနေတော့ချေ။ သူ၏စိတ်တွင် ဦးနန္ဒာထံမှ သူလိုချင်သော စာမူ ရပြီဖြစ်၍ ဦးနန္ဒာကို ခခယယလုပ်နေစရာ အကြောင်း မရှိတော့ဟု သတ်မှတ်ပြီးသားဖြစ်သည်။

"ကဲ...ကိုကောင်းညွန့်၊ ကျွန်တော့်ကို တစ်ခုတော့ ကူညီစမ်းပါဗျာ၊ ကျွန်တော့်ကို ဒီနေ့ ငွေသုံးဆယ်လောက် ချေးလိုက်စမ်းပါ၊ ဖောင်ပိတ်ပွဲတော်အတွက် မိတ်ဆွေတွေကို ချိန်းထားပြီးသားမို့ ကတိ

မဖျက်ချင်လို့ပါ”

“ဟာ…ဝမ်းနည်းပါတယ်ဆရာ၊ အခုပဲ စက္ကူဖိုးငွေ အကုန်ပေးခဲ့ရလို့ ကျွန်တော့်မှာ တစ်ပြားမှမရှိတော့ပါဘူး ဆရာ”

ဦးကောင်းညွှန့်၏ အဖြေကြောင့် ဦးနန္ဒာမှာ အကြီးအကျယ် စိတ်ဓာတ်ကျသွား၏။ မိမိအဖြစ်ကို မိမိတွေး၍လည်း ရှက်မိသည်။ ဒေါသလည်း ထွက်မိသည်။

ဦးနန္ဒာ ဘာကိုမျှမစဉ်းစားတော့။ အံကိုကြိတ်၊ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ စေတနာရောင်ပြန် စာပေတိုက်ထဲမှ ထွက်လာခဲ့တော့၏။

ဘုရားပြီးလျှင် ငြမ်းဖျက်တတ်ကြောင်းကို ဦးနန္ဒာ အသက်ကြီးမှ သိလေခြင်းပင်တည်း။

■

[ ၄ ]

ဦးနန္ဒာ၏ ခြေလှမ်းက နှေးကွေးလှသည်နှင့်အမျှ ခန္ဓာကိုယ်ကလည်း ယိမ်းယိုင်လုလုဖြစ်နေသည်။

အသွားစရိတ်သာပါ၍ အပြန်စရိတ် ပါမသွားသော ဦးနန္ဒာသည် မျှော်မှန်းထားခဲ့သည့်ငွေ မရရှိသောအခါ ဆင်ခြေဖုံးအရပ်တွင်ရှိသော နေအိမ်သို့ ခြေကျင်ခရီးနှင်ခဲ့ရပေပြီ။

စိတ်ဆောင်သော်လည်း အသက်အရွယ်က ထောက်လာပြီဖြစ်၍ ဦးနန္ဒာ၏ ခြေကျင်ခရီးကား ဦးနန္ဒာကို ပင်ပန်းခြင်းကြီးစွာ ဖြစ်စေသည်။

နေ့လယ်နှစ်နာရီကျော်က လျှောက်လာခဲ့သော ဦးနန္ဒာမှာ သူနေရာထိုင်ရာ လမ်းထိပ်ဆီသို့ ညနေငါးနာရီမှ ရောက်ရှိလာခဲ့လေသည်။

ဦးနန္ဒာစိတ်၌ အထူးစိုးရိမ်မိသည်က သူချိန်းဆိုထားသော ကိုလေးမြင့်၊ ကိုအောင်ကျော်၊ ကိုတင်မောင်မောင်တို့ ဖောင်ပိတ်ပွဲတော်ဆင်နွှဲရန် သူ့အိမ်တွင် ရောက်ရှိနေမည်ကိုပင် ဖြစ်သည်။

ဦးနန္ဒာ အိမ်ရှေ့ခြံဝရောက်သောအခါတွင် သူမျှော်လင့်သည့် အတိုင်းပင် ကိုလေးမြင့်တို့တစ်သိုက် ရောက်ရှိနေကြောင်းကို တွေ့ လိုက်ရလေသည်။ သူတို့ကို ဦးနန္ဒာက မိမိအဖြစ်ကို တင်ပြ၍ တောင်း ပန်လိုက်မည်ဟု စိတ်ထဲတွင် ကြံစည်၍ အိမ်တွင်းသို့ ရဲစွန့်စွာ လှမ်း ဝင်လိုက်လေသည်။

သို့ရာတွင် ဦးနန္ဒာသည် အိမ်ထဲသို့မရောက်ဘဲ လှေကားရင်းတွင် ခွေ၍ လဲကျသွားလေသည်။ အသက်အရွယ်ကြီးကာမှ ခရီးဝေးကို နေပူကျဲကျဲမှသည် ညနေတိုင်အထိ လျှောက်ခဲ့ရသော ဦးနန္ဒာအဖို့ အမောဆို့ခဲ့ခြင်းဖြစ်သည်။

အမောဆို့၍ အိမ်လှေကားရင်းတွင် ပုံရက်သား လဲကျသွားရှာ သော ဦးနန္ဒာအား အိမ်ထဲရှိလူများက ပျာပျာသလဲ ပြေး၍မွေ့ထူ လိုက်ကြသည်။

ယင်းအဖြစ်ကို အမှန်အတိုင်းမသိရှာသော ဖောင်ပိတ်ပွဲတော် ကျင်းပရန် ရောက်ရှိနေသည့် စာရေးဆရာတစ်သိုက်မှာ ဦးနန္ဒာအား နာကျည်းသောအကြည့်ဖြင့်ကြည့်ပြီး ဒေါသဖြင့် ပြိုင်တူရေရွတ်လိုက် သည်မှာ...

"တောက်...ကိုနန္ဒာဟာ တော်တော် သစ္စာမဲ့တာပဲ၊ ကျုပ်တို့ ကို အသားလွတ် သူ့အိမ်မှာချိန်းပြီး သူ တစ်ယောက်တည်း ဖောင်ပိတ် ပွဲတော် ကျင်းပခဲ့ပြီးပြီကိုး..."ဟူ၍ပင်တည်း။ ။

တက္ကသိုလ်နန္ဒမိတ်